
www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက် ······ ၅၀၀၄၆၉၀၃၀၀
မျက်နှာဖုံးခွင့်ပြုချက် ··· ၅၀၀၈၉၆၀၇၀၉
ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၀၉ ဩဂုတ်လ
အုပ်ရေ - ၁၀၀၀-အုပ်
တန်ဖိုး - သုံးဆယ်ကျပ်တိတိ

မျက်နှာဖုံးပန်းချီ -သိန်းရွှေကြည်

စီစဉ်သူ -ဒေါ်ငွေးငွေးမော်

ဂ၉၅ · ၈၃
ဆုလေးနွယ်
ရင်ထဲမှာကျင်းပတဲ့ပွဲတော် / ဆုလေးနွယ် ။ -
ရန်ကုန်
ဉာဏ်ဝင်းစာပေ ၂၀၀၉၊
၂၄၀ - စာ ၊ ၁၂·၅ x ၁၇·၅ စင်တီ။
(၁) ရင်ထဲမှာကျင်းပတဲ့ပွဲတော်

ထုတ်ဝေသူ
ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဦးအောင်ထက် (၀၈၀၀၃)
အောင်ပါရမီပုံနှိပ်တိုက်
အမှတ်(၁၂၇)၊ ၅၂ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း၊ သိန်းမြင့်ဝင်းပုံနှိပ်တိုက်
အမှတ်(၉၆)၊ ၁၁လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

မြိုင်ကြော့သည် အဘွားနှင့် ထိုင်စကားပြောရင်း ကြယ်ရောင်လှေကားက ဆင်းလာတာကို မော့ကြည့်မိသွား [illegible] သူ့ပုံစံက ပေါ့ပါး ဖျတ်လတ်လန်းဆန်းတက်ကြွနေသည်။

"ရှိ . . . ရှိ"

လောကလေးပင် ချွန်လို့ . . .။

စတိုင်ဘောင်းဘီ ကာကီရောင်နှင့် အပေါ်က သစ္စား [illegible]ဆောင် ဖျော့ဖျော့ရှပ်အင်္ကျီပေါ် မတ်တပ်စင်းသေးသေး၊ အနက်[illegible]လေးတွေပါတဲ့။ အင်္ကျီကို လက်ရှည်ချပြီး ဝတ်ထားသဖြင့် [illegible]မွှယ်လေးနှင့် မလိုက်အောင် ရှင်းသန့်တည်ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ကြယ်ရောင်က အသက်ငယ်ပါသေးသည်။

သူမနှင့်ဆို ရှစ်နှစ်လောက် ကွာသည်။

ဈေးကား လက်ရန်းကို ပွတ်ဆွဲကာ လျှောတိုက်ဆင်းလာသော လမင်းကြယ်ရောင်က ညှော်ခန်းမှာ အဘွားနှင့်အတူရှိနေသော မမမြိုင်ကို တွေ့တော့ ကိုယ်ရှိန်သတ်လို့ ကူမြေဆည်လိုက်ပါသည်။

ထို့နောက် နှုတ်ခမ်းကို စေ့ကာ ပြုံးပြခေါင်းဆတ်ရင်း

"မမ ရောက်နေတာကိုး . . ."

"အေး . . . ဟုတ်တယ် . . . ရှမ်းခေါက်ဆွဲစားရအောင် အဘွား အစောကြီး ခေါ်လိုက်တာ"

အဘွားဒေါ်နန်းဖုံသည် မနက်ခင်းစာ ဘရိတ်ဖတ်စ်ကို သူ့လက်ရာဖွယ်ဖွယ်ရာရာလေး ပြုလုပ်တတ်ပြီး သူ့မြေးကို ကျွေးရမှ စိတ်ချမ်းသာသူ။

ထို့အတူ ဘေးကပ်ရက်ခြံက မြိုင်ကြော့ကိုလည်း သူ့လက်ရာမြည်းကြည့်ဖို့ အမြဲ ဖိတ်ခေါ်တတ်သူ။





အဘွားသည် ရှမ်းစပ်မို့ ရှမ်းအစားအစာတွေ စီစဉ်ချက်ပြုတ်တဲ့ နေရာမှာ သိပ်တော်သည်။

အဘွားရဲ့ ဂျူးမြစ်နိုင်နိုင်နှင့် ငါးထမင်းနယ်ဟာဆိုရင် မြိုင်စားဖူးသမျှထဲ အကောင်းဆုံးပါ . . ။

"အင်းလေး မုန့်တီ"ဆိုလည်း အင်မတန် အရသာရှိစေတာပါ . . ။

ဒါကြောင့် မြိုင်က အဘွားဆီ မုန့်လုပ်နည်းသင်တန်းတက်ဖို့ပင် တွေးထားရသူ။

"ကျောင်းသွားမလို့လား ကြယ်ရောင်"

"ဟုတ်ကဲ့"

ကျောပိုးအိတ်ကို ပုခုံးပေါ် လွယ်ထားတဲ့ သူ့အမူအယာက ပျို့မျစ်လန်းဆန်းနေသည်။ ဆံပင်တွေကို ဂျဲနှင့် ပြောင်လက်စိုရွှဲစွာ အပေါ်ထောင်ထားကာ သူ့အနား ကပ်လာလျှင် ရေမွှေးရနံ့လား၊ ဘောဒီပရေးလား မသိ မွှေးကြိုင်နေသည်။

"အဘွား . . . တာ့တာ . . ."

www.burmeseclassic.com

www.burmeseclassic.com



ဘွားအေလုပ်သူပါးကို ရွှတ်ခနဲ တစ်ချက်မွှေးပြ
ကလေးလို နှုတ်ဆက်သည်။

အဘွားမျက်နှာမှာ ကြည်နူးခြင်းနှင့် ပြုံးမြကြည်လ
သွားပါသည်။

"အေး ... အေး ... မြေးလေး ... ကားကို ဖြေးဖြေ
မောင်းနော်"

"ဟုတ်ကဲ့ ... မမ ... ကျွန်တော်သွားဦးမယ်"

"ဩော် ... အင်း ... အင်း ..."

အကြည့်ငေးနစ် ငြိမ်နေမိရာက မြိုင်ကြော့က ခေါ
ညိတ်သည်။

ခြေလှမ်းကျဲနှင့် ထွက်သွားဖြဲ့ သူ့ကျောပြင်ကို ဆက်
ကြည့်နေမိသေးသည်။

ကြယ်ရောင်ကို တွေ့ပြီ ဆိုတာနှင့် သူမ မျက်လုံး
အမှတ်တမဲ့ ကပ်ပါသွားတတ်တာ ဘာကြောင့်မှန်းမသိ
အကျင့်က ဖြစ်နေပြီ။ အလိုအလျှောက် သူ့ကို ကြည့်နေချ
တာပါပဲ။ ဘာရယ်လို့လည်း မဟုတ်။ သူ့အမူအယာ။ သူ့



နှာမှု သူ့စကားသံ၊ သူ့ရဲ့ မျက်လုံးဝေ့ခနဲ အကြည့် ...။
အားလုံးဟာ မြိုင်ကြော့ကို စိတ်ချမ်းသာ ကြည်မွေ့စေသည်။

ဆန်းကြယ်သော ဤအဖြစ်အပျက်ဟာ ဘာကြောင့်
နှ်လည်း သူမ နားမလည်။

သူမမှာ ဘာရည်ရွယ်ချက်မှလည်း ရှိတာမဟုတ်။
ဒီအတိုင်းလေး ကြည့်ချင်မိတာ တစ်ခုပါပဲ။

တကယ်တော့ ကြယ်ရောင်တို့ မိသားစုနှင့် သူမတို့
သားစုဟာ ဟိုးယခင် မိဘတွေ လက်ထက်ကတည်းက
ရပ်တည်းနေ၊ တရေတည်းသောက်ပြီး နေထိုင်ကြီးပြင်းလာ
သူတွေပါ။

မြိုင်ကြော့ယဉ်ကို ဖေဖေ မွေးစားခဲ့တာလည်း သူတို့
အားလုံးသိသည်။ အဲဒီတုန်းက အသက်ငါးနှစ်ကျော် ခြောက်နှစ်မို့
မြိုင်ကြော့လည်း ကောင်းကောင်းမှတ်မိသည်။

ဖေဖေဟာ တကယ်တော့ မြိုင်ကြော့ရဲ့ ကယ်တင်ရှင်
ကျေးဇူးရှင်ပါ။ မြိုင်ကြော့ ရှစ်နှစ် လောက်ရှိမှ ကြယ်ရောင်ကို
မွေးဖွားလာခဲ့တာ။ ငယ်ငယ်တုန်းက သူ့ကို မြိုင်ကြော့ ထိန်း

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရသေးသည်။ ပြီးတော့ ကစားဖော် . . . သူ ငယ်ဘ
အချိန်များအားလုံးဟာ မြိုင်ကြော့ရှေ့မှောက်မှာ အထင်း သား
သူ ဘာကြိုက်တယ် မကြိုက်ဘူး၊ ဘယ်နေရာ
တယ်၊ ဂျစ်ကန်တယ်၊ သူ့ဝါသနာကဘာ စသဖြင့် သူ
အသေးစိတ် သိသည်။

သူ အဖြူအစိမ်းကျောင်းဝတ်စုံလေးဖြင့် မြိုင်ကြော့
ရှေ့မှာ ဖြတ်သွားဖြတ်လာရင်းက အခုတော့ တဖြေး
တက္ကသိုလ်ကျောင်းသားကြီး ဖြစ်ခဲ့ပြီ . . ။

အရင်တုန်းက နီးကပ်ခွေးထွေးခဲ့ပေမယ့် နောက်တော
အနည်းငယ် ခပ်တန်းတန်း စိမ်းသွား . . . အေးစက်သွားတ
ဘာကြောင့်လဲ မြိုင်ကြော့တွေးမရ။ သူနှင့် မြိုင်ကြော့ကြား
အမြဲတမ်း တစ်ခုခုရှိနေတယ်ဟု အထင်ရောက်မိသည်။

သို့သော် ထိုတခုခုဟာ ဘာရယ်လို့ သူမ ရှင်းမပြ
တတ်။ သူမ ကိုယ်တိုင်လည်း မရှင်းလင်းပါ။

"မြိုင်လေး အဖေရော . . . ပြန်ရောက်ပြီလား . .
အဖေကြီးအတွက် ရှမ်းခေါက်ဆွဲ ထည့်သွားဦးနော်"



"အဖေ မရောက်သေးဘူး အဘွား . . . ဂေါက်ဖ်ကွင်း
ကအပြန် နောက်ကျမယ်ထင်တယ်"

အဘွား အမေးကို ပြန်ဖြေရင်းက သူ ကားစက်မနှိုး
သေးတာ မြိုင်ကြော့ နားစွင့်မိသည်။

"ဂျီး . . . ဂျစ် . . . ဂျစ်" ဟု အသံမြည်ရင်း စက်က
ပြန်ပြန်ရပ်သွားသည်။

တအောင့်ကြာအောင် စက်နှိုးကြည့်။ စက်ဖုံးဖွင့်။
ပြီး ဟိုကြည့်ဒီကြည့်၊ လက်က နာရီကိုလည်း မြှောက်
ကာ မြှောက်ကာ ကြည့်ရင်း နောက်တော့ 'ကျွတ်' ခနဲ
ကြယ်ရောင်ရေရွတ်သည်။

"ကျောင်းသွားကာနီးမှ ကားက ဖောက်ပြီကွာ . . .
တောက်"

တောက်တစ်ချက်ခတ်ရင်း စက်ဖုံးကို ဒုံးကနဲ ဆောင့်
ပိတ်ပစ်လိုက်သည်။

ကား ဘာဖြစ်သလဲ မသိ။ အသေးစိတ်ကြည့်နေဖို့
လည်း အချိန်က မရှိ။ ဆီပျောက်၊ မီးပျောက်တော့ ကြယ်

www.burmeseclassic.com

www.burmeseclassic.com



ရောင် ကြည့်တတ်သည်။ အခုဟာက ကာဘာရိုက်တာကလား မော်တာကလား မသိ၊ အသံက လုံးဝ မမှန်။

ကိစ္စမရှိ၊ ပစ်ထားလိုက်မည်။ ကျောင်းက ပြန်မှ စစ်ဆေးတော့မည်။ ကျောဖိုးအိတ်လေး တစ်ချက်ပြင်လွယ်ရင်း လမင်းကြယ်ရောင်က တိုက်ထဲ ပြန်ဝင်လာသည်။

မြိုင်ကြော့က ပျာယီးပျာယာ သူ့ဟန်မူယာကို မျက်လွှာလေးပင်ကာ ကြည့်မိပြန်သည်။

"မြေးလေး . . . ကားဘာဖြစ်လဲ"

"စက်မနိုးဘူး အဘွား"

"မောင်သက်လွင်ကို ဝပ်ရှော့က ကောင်လေးခေါ် ခိုင်းလိုက်မယ်၊ ရတယ် မြေး ကျောင်းသွားမှာ အေးအေးသွား"

"သူရဆီ ဖုန်းဆက်လိုက်ဦးမယ်"

ဟင်းနိဖုန်းယူပြီး သူ့ဝရန်တာထွက်ပြော၏။

"သူရ ထွက်သွားပြီလား။ အား . . . ပြဿနာပဲ၊ ဒီ ကောင်က တစ်ရက်တလေ လာခေါ်ခိုင်းမလို့ဟာ ဝီရိယပိုပိုနဲ့ ဘယ်လစ်တာလဲ မသိပါဘူး"



သူ ပွစိပွစိ ရေရွတ်ကာ အဘွားကို လာပြန်ပြော သည်။ တက္ကစီနှင့် သွားဖို့ပဲ ဆုံးဖြတ်သည်။

"ကြယ်ရောင် မ ဝင်ပို့ပေးမယ်လေ၊ မလည်း အပြင် ထွက်မှာပဲ"

"ရပါတယ်ဗျာ . . . နေပါစေ"

"ပို့ပေးမယ်ဆိုမှ"

"ဒါ မမ ရုံးသွားမယ့်ပုံမှ မဟုတ်သေးတာ"

ကြယ်ရောင်က မြိုင်ကြော့ ရေမိုးချိုးပြီး အလှပြင်ပြီး မှ ရုံးသွားတတ်တာ၊ အပေါ်က ကုတ်အကျႌလှလှလေး တစ်ထည်ကို အမြဲတမ်း ထပ်ဝတ်ထားတတ်တာ သိနေသူပဲ။

အခုဟာက အိမ်နေရင်း တီရှပ်လက်ပြတ်နှင့် ကော်ဖီ ရောင်စကတ်နှင့် ဆံပင်ကောက်ဖွာဖွာလေးတွေကို ခပ်မြင့်မြင့် စုချည်ထားတဲ့ အိမ်နေရင်းပုံစံ။

"မ အဖေပိုင်တဲ့ ဟိုတယ်ရုံးကို သွားတာ ဘာပုံပဲ ဖြစ်ဖြစ် ရတာပဲ"

"သိပါတယ်ဗျာ၊ ကြွားရပြန်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပဲ ဓာဒကတက်နေပြီး ကဲ အချိန်မရှိဘူးမို့လား။ မြန်မြန်လာ၊ မ, ကားသွားယူပြီး ထွက်ခဲ့မယ် ဟုတ်ပြီလား"

အဘွားကလည်း 'အဆင်ပြေသားပဲ၊ မြိုင်ကလေး ပို့ပေးမယ်ဆို လိုက်သွားလိုက်ဝေ့' ဆိုသဖြင့် သူ မငြင်းသာ။

ကြယ်ရောင်ကတော့ မမမြိုင်ကြော့က ကားမောင်းပြီး သွားဘေးက ထိုင်စီးရမှာကို အနည်းငယ်ရှက်သလို ဖြစ်မိသည်။

ချက်ချင်းလို မြိုင်ကြော့ မောင်းနေကျ မာ့စ်တူး မီးခိုးရောင်လေး ခြံရှေ့ရောက်လာပါသည်။ ကြယ်ရောင်က ပခုံးထက်မှ 'ကျော့ပိုးအိတ်ကို ဖြည်ကာ ကားထဲ ဝင်ထိုင်လိုက်သည်။

မမမြိုင်ကြော့ဆီက သနပ်ခါးပန်းရေမွှေးနဲ့ ယဉ်ယဉ်လေး တစ်မျိုးကို ရှူရှိုက်ရသည်။

သူမရဲ့ ကားလေးထဲ စပရေးနံ့လည်း မွှေးပျံ့နေပါသည်။

ကြယ်ရောင်က အခုလေးတင် ခြံထဲက ခူးယူလာ သော အိုးပုတ်စံပယ် အပွင့်ကြီးကြီးလေးတွေကို ကားဒက်ရှ် ဘုတ်ပေါ်တင်လိုက်၏။



မနက်ခင်းမှာ စပယ်ပန်းရနံ့လေးက ဆွတ်ပျံ့လန်းဆန်းသွားစေသည်။

'မ,အတွက် ပန်းခူးလာတာလား"

"ဒီတိုင်းပဲ ရပ်စောင့်ရင်း ခူးလိုက်တာပါ"

သူ့ ဖြေပုံကို မြိုင်ကြော့ယဉ်က ပြုံးမိလေသည်။

ချာတိတ်လေးရဲ့ မျက်နှာက အမြဲလို ရှက်ကိုးရှက်တန်း။

လူပျိုပေါက်စ ဖြစ်လာကတည်းက ဒင်းပုံစံက ဘာဖြစ်သွားမှန်းမသိ။

အရင်လို နွေးထွေးမှုတွေ ပျောက်ပြီး ခပ်တန်းတန်းဖြစ်သွားခဲ့တာ ဘာကြောင့်လဲ။

သူ့ဖက် လှည့်ကြည့်ရင်း မြိုင်ကြော့စိတ်ထဲ သူ့ဆံပင်လေးတွေကို ဆော့ကစားပြီး ဖွပစ်လိုက်ချင်စိတ်တောင် ပေါက်သည်။ ဟွန်း . . . ရှုံးလေးက ခပ်များများရယ် . . .

မျက်နှာလေးက ရှုပုတ်ပုတ်နှင့် ခပ်တင်းတင်း။

ဘာတွေကို မကျေနပ် အလိုမကျဖြစ်နေသလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com



ခဏနေလျှင် သူက ကျောပိုးအိတ်ထဲမှာ စီးကရက်ဗူးကို နှိုက်ယူလိုက်ပြီး . . .

"ကျွန်တော် စီးကရက် သောက်မယ်"

"အို . . . မသောက်ပါနဲ့"

"သောက်ချင်တယ်"

"အသွားနဲ့ တိုင်ပြောမယ်"

"တိုင်ချင်တိုင်"

"မ, မီးခိုးနဲ့ မွန်မယ်လေ"

"နည်းနည်းသည်းခံပေါ့၊ မမ ယူတဲ့ ယောကျ်ား စီးကရက်ကြိုက်နေရင်ရော ဒီလိုပဲ ရှုံ့မဲ့ပြီး လက်နဲ့ ခပ်ထုတ်ပစ်မှာလား"

"ဒါပေါ့"

"စောင့်ကြည့်ရသေးတာပေါ့"

"မ မှ ယောကျ်ားမယူတာ"

"အဲဒါလည်း ကြည့်ရမှာပဲ"

"အခုအချိန်ထိတော့ ယောကျ်ားတွေကို အထင်ကြီးလို့ မရသေးဘူး။ စဉ်းစားလိုက်ရင် ခေါင်းရှုပ်တာပဲ ရှိတယ်"





"ဟာ . . ဟာ . . . ဒါဆို မမက အပျိုကြီးလုပ်မှာပေါ့"

"အင်းပေါ့ . . . အခြေအနေအရပေါ့"

"အခြေအနေအရဆိုတော့ ဆုံးဖြတ်ထားတာ မဟုတ်သေးတဲ့ သဘော"

"အို . . . ကျုပ်ယောကျ်ားယူတာ မယူတာ ရှင်စွမနေစမ်းပါနဲ့"

မမ ပြောပုံကြောင့် သူ ရယ်လိုက်မိသည်။

အပျိုကြီးပေါက်စက စကားပြောရင် ပြတ်သည်။ ဒါပေမယ့် စတိုင်လိကတော့ မိုက်သည်။ တစ်ခါတလေ နဖူးပေါ်က ဆံပင်တွေ အပြောင်သိမ်းပြီး အဒေါ်ကြီးပုံစံ ဖမ်းထတ်သည်။ ကျောင်းမှာရော၊ အပြင်မှာရော ဘောဘီလေးတွေ ဆေးကြည့်မိတိုင်း မမနှင့် အမြဲ ယှဉ်တွဲ တွေးမိသည်။

သူဟာ မမ ခေါင်းပေါ်က ဆံညှပ်ကလစ်အရောင်လေးကအစ မှတ်မိနေတတ်သည်။

အထူးသဖြင့် မမက ခရမ်းရောင်၊ အစိမ်းရောင်လေးတွေ ဝတ်ရင် ပိုလှတတ်သည်။ ပန်းနုရောင်နှင့်ဆိုလည်း ကြည့်ကောင်းတာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အခုလို တီရှပ်လက်ပြတ်အနီရဲလေးနှင့်ဆိုတော့လည်း ခင်းခင်းမွတ်မွတ် နူးညံ့နေတဲ့ ပခုံးလေးတွေ၊ လက်မောင်းသားလေးတွေက လက်နှင့်ဖွဖွတို့ထိချင်စရာ ဆွဲဆောင်မှု ဖြစ်ပြနေသည်။

ဒီလည်တိုင်လေး ဒီပခုံးလေးတွေကို တစ်ခြား ကောင်တွေ ကြည့်မှာ သူ မလိုလား။ ဒါကြောင့် မမ အင်္ကျီလက်ပြတ်တွေ၊ ပခုံးသိုင်းကြိုးတွေနှင့် ဝတ်တာ သူ မကြိုက်။

ပြောခွင့် မရှိလို့ ဘာမှမပြောပေမယ့် သူ့ရင်ထဲမှာ ဒါကို မနှစ်သက်နိုင်ပါ။ ဘာမှမဆိုင်ဘဲ သူ့ဘာကြောင့် သဝန်တိုမိသလဲ မပြောတတ်။ အလုပ်ကိုသာ အမြဲကြိုးစားပြီး ခေါင်းတင်ငုံ့နှင့် စာဖတ်နေတတ်တဲ့ မမမှာ ရည်းစား သနာကိစ္စ ဘာဘာညာညာ မကြားရဖူးပေမယ့်လည်း သူ စိတ်မချနိုင်။

မမက စိတ်မဝင်စားလည်းပဲ မမ အဖေ ဦးကောင်းမြတ်က အိမ်ထောင်ချပေးနိုင်တာပဲ မဟုတ်လား။

ဦးကောင်းမြတ်မှာ လုပ်ငန်းရှင် မိတ်ဆွေအသိုင်းအဝိုင်းတွေ အများကြီးရှိသလို ဂေါက်ဖ် ရိုက်ဖော် သူငယ်ချင်း





သူတို့ရဲ့ သားတွေလည်း တစ်ခါတလေ အိမ်ကို လာတတ်ကြသည်။

ဒါတွေဟာ ကြယ်ရောင်အတွက်တော့ မသိမသာနှင့် [illegible]ရေမှတ်တွေပဲပေါ့။

သူက ဘာကြောင့် နောက်မှ မွေးဖွားလာရသလဲ။

မမနှင့် အသက်အရွယ်တူ ဖြစ်ချင်သည်။

သူ့ကို ကလေးလို သဘောထားတာ မခံချင်။ မမရဲ့ မျက်လုံးအကြည့်လေးက နူးညံ့ပျော့ပျောင်းပြီး သူ့အပေါ် မောင်လေးတစ်ယောက်လို ချစ်စနိုး ဆန်ဆန် ကြည့်တတ်တာကို သူမကြိုက်။

အစ်မဖြစ်သူက မောင်လေးတစ်ယောက်အပေါ် ချစ်စနိုး ကြည့်နေတာမျိုး သူမလိုချင်။

သူ့စိတ်တွေက ဘယ်အချိန်က ပြောင်းလဲမှန်းမသိဘဲ ပြောင်းလဲနေပြီ။

သူ့ဖက်က မရိုးသားမိတာကို သူ့ဘာသာရှက်ပြီး တစ်ခါတစ်ရံ ကိုယ့်ကိုယ်ကိုယ် စိတ်တိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



မမမြိုင် သိသွားမှာလည်း စိုးသည်။

ဒါကြောင့်လည်း သူ့ဆက်ဆံရေးတွေက အေးစ
လိုက်၊ ဂျစ်ကန်ကန်ဖြစ်လိုက်နှင့် မငြိမ်မသက်ဘဲ အနိမ့် အမြ
များနေရတာပါ။

မမမြိုင်များ ရိပ်မိသွားမလားဟုလည်း ကြယ်ရော
က တချီတချီ ပူပန်မိသေးသည်။

ကျောင်းဝင်းထဲရောက်လျှင် ကြယ်ရောင်က . . .

"သင့်ခ်ယူပဲ မမ၊ ဒီနားလောက်ဆို ရပါပြီ"

"မင်း အတန်းနားရောင်ရင် ကောင်မလေးနဲ့ ချိ
ထားလို့လား"

"ဘယ်က ကောင်မလေးလဲ"

သူက မျက်မှောင်ကုတ်လျက် ပြန်မေးသည်။

"မသိဘူးလေ၊ ဟိုတစ်ခါ မင်း ကားပေါ်မှာ ဖေ
ဖုန်းလို့ပါ"

"အဲဒါ ရိုးရိုးခင်တဲ့ သူငယ်ချင်းပါ"

မြိုင်ကြော့က မယုံသလို နှုတ်ခမ်းလေးတစ်ချက် ရွ
ကွေးရုံ ပြုံးလိုက်၏။





သူ့ သူငယ်ချင်းမလေးတွေက ခပ်ကဲကဲပါ။ စကား
ပြောရင်း သူ့ပခုံးကို တဖတ်ဖတ် ရိုက်တာလည်း မျက်မြင်၊
ဟိုဟိုဒီဒီ ကြိုပို့ တာဝန်ယူပေးရတာလည်း မျက်မြင်။ ညကြီး
သန်းခေါင် ဖုန်းပြောပြောနေတာကလည်း တမေ့တမော။

ဒါဟာ ရိုးရိုးဖြစ်နိုင်မလား။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် နီးစပ်
နေပြီဆိုရင် သူတို့ဆီမှာ သာယာမှုတစ်ခုခုတော့ ရှိကို ရှိမှာပါ။

ဒါကို မင်း မငြင်းပါနဲ့ မောင်လေး။

ကောင်မလေးတွေက ချစ်စရာကောင်းတဲ့အတွက်
မင်းစိတ်လှုပ်ရှားနိုင်ပါတယ်။

ရည်းစားအတည်တကျ မတွဲဘူးဆိုရင်တောင် ကြယ်
ရောင်ပတ်လည်မှာ ကောင်မလေးတွေ ဝိုင်းကြီးပတ်ချာလည်
နီးစပ်ခင်မင်နေတာတွေ အများကြီး။

အဘွားရှေ့မှာသာ ရိုးကုပ်ကုပ်ထင်ရပေမယ့် အပြင်
မှာတော့ ဒင်းမရိုးပါဘူးနော်။

သို့သော် . . . အဲဒါ မြိုင်ကြော့နှင့် ဘာဆိုင်လို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



မဆိုင်းဘဲနှင့် မမေးသင့် . . .။

တော်ပြီ မြိုင်ကြော့ နင်ရပ်လိုက်တော့။

ခေါင်းထဲက ထုတ်ပစ်လိုက်။

နင်နဲ့ လမ်းကြယ်ရောင်ဟာ တစ်ခြားစီ တစ်လိုင်းစီပါ။ နင့်စိတ်ကူးယဉ်တာတွေ ထားလိုက်တော့။

"အိုကေ . . . အလကားစတာပါ။ မမ . . သွားမယ်နော်"

ကြယ်ရောင် ကားပေါ်က ဆင်းပြီးတာနှင့် သူမထ လက်ပြကာ ကားကို ဂငယ်ကွေ့ ကွေ့ပြီး ထွက်လာခဲ့သည်။

ဒီကောင်လေးနှင့်ပတ်သက်ပြီး အစွဲအလန်း မထာ ချင်ပါ။

တကယ်တော့ သူက သူ့ဘဝနှင့်သူ။

မြိုင်ကြော့ဘဝက . . .

ပင့်သက်ငွေ့ငွေ့ ရှိုက်မိသည်။

မြိုင်ကြော့ ဖြတ်သန်းရတဲ့ အတွေ့အကြုံတွေ အများသူငါလို မဟုတ်။



မိဘတွေက သားသမီးကို ပြုစု ပျိုးထောင်၊ တယုတယမေတ္တာပေး။ မိသားစု အရင်းအချာတွေနှင့် ပျော်ရွှင်စွာ နေထိုင် ကြီးပြင်းလာ၊ သူများတွေက အဲဒီလို . . . ။

မြိုင်ကြော့ကျတော့ . . .။

"ဟင်း . . . "

ပင့်သက်တရှိုက်နှင့်အတွေးတို့ ဖြတ်တောက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

“ဟော့ . . . ဒါ ဘယ်ကို လာတာလဲ”

ပန်းဖူးကိုတွေ့တာနှင့် မြိုင်ကြော့က ကားရပ်လိုက်ပါသည်။

ပန်းဖူးကလည်း မြိုင်ကြော့ကို မမျှော်လင့်ဘဲ ကျောင်းထဲမှာ တွေ့လိုက်တော့ ဝမ်းသာအားရ။

“ကြယ်ရောင့်ကို လိုက်ပို့တာပါ”

“အမယ် . . မိန်းမ . . . ဒါက ပြန်လစ်တာပေါ့၊ ကိုယ့် သူငယ်ချင်းအရင်းကြီးကိုတောင် ဝင်နှုတ်မဆက်ဘူး တကယ် တည်း”

“ငါက နင် မအားဘူးထင်လို့ပါ ပန်းဖူးရယ်”





“အင်းပါ . . . ထားပါတော့ . . လာ . . . အခု ဆင်းခဲ့၊ ကင်န်တင်း သွားရအောင်၊ ငါတို့ မတွေ့တာ ဘယ်လောက် ကြာပြီလဲ”

ပန်းဖူးစကားကြောင့် သူမကားပေါ်က ဆင်းလိုက်သည်။

ထို့နောက် နီးရာကင်န်တင်းဆီ စကားပြောရင်း လျှောက်သွားကြသည်။

ပန်းဖူးနှင့် မြိုင်ကြော့က အင်္ဂလိပ်စာမေဂျာကို အတူတူ တက်လာသူတွေပါ။ ကွာလီဖိုင်းဝင်ပြီး အမ်အေဆက်တက်တော့လည်း အတူတူ။ နောက်တော့ မြိုင်ကြော့က ဒက်ဒီ့ ဟိုတယ်လုပ်ငန်းမှာဝင်ပြီး ပန်းဖူးက ကျူတာပေါက်စ ဖြစ်လာတော့တာ။

မြိုင်ကြော့သည် ခုထိပဲ အားလပ်ရင် ကျောင်းထဲ လာပြီး ပန်းဖူးနှင့် ကင်န်တင်းထိုင်တုန်းပါ။

ငယ်ပေါင်းသူငယ်ချင်းမို့လည်း အကြောင်းသိချင်း စကားပြောရတာ အာတွေ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လုပ်ငန်းခွင်မှာဆို ဒီလို ဟက်ဟက်ပက်ပက် ရယ်ပြီး အားပါးတရ ပြောဆိုဖြစ်တာ မရှိဘူးလေ။

''နင်နဲ့ ကြယ်ရောင်က UFL ယူအက်ဖ်အယ်လ် တက်နေတာလား''

''အင်း''

''သံယောဇဉ်ကလေးနော်''

''မဟုတ်ပါဘူးဟယ်''

''ဩော် . . . ငါ ဘာပြောရသေးလို့လဲ ဟင်း . . ဟင်း''

''တွေ့ရင် စပြီ၊ အဲဒါကြောင့် နင့်ဆီ မလာတာ''

''ဘာမှ မဟုတ်ရင်တော့ ငါလည်း ဘယ်စ မလဲ နင့်ရင်ထဲမှာ ခုထိ ဒီကောင်လေးပဲ ရှိတယ် မဟုတ်လား''

''စိတ်မကူးပါဘူးလို့ ပြောပြီးပြီပဲ ပန်းဖူးရယ်''

''စိတ်မကူးပေမယ့် ရင်ထဲမှာ ကူးနေတယ်မဟုတ် လား''

''တော်စမ်းပါ၊ ဒါပဲ ပြောနေတာပဲ၊ ကဲ ဘာမှာ မလဲ၊ ငါတော့ အအေးပဲ သောက်မယ်''





''ငါ ဗိုက်ဆာနေတယ်၊ မုန့်ဟင်းခါးစားမယ်''

ပန်းဖူးက စားပွဲထိုးလေးကို စားချင်တာတွေမှာသည်။

ပုဇွန်ကော်ပြန့်ရော၊ ဖက်ထုပ်ရော၊ စမူဆာရော စုံနေ သည်။

ပန်းဖူးသည် အစားစားနိုင်သလောက် လူက ပိတ် ကပ်နေသူပါ။

ပိန်ပိန်ပါးပါး အသံက စူးစူးပျာပျာလေးနှင့် ကျူတာ မလေးအဖြစ် ချစ်စရာတော့ ကောင်းပါသည်။

သူမတို့ မုန့်စား စကားပြောနေစဉ် တောင်းရမ်းသော မိန်းမတစ်ယောက်က ရင်ခွင်ပိုက်ကလေးနှင့် အနားသို့ ရောက် လာပါသည်။ မြိုင်ကြော့က ပိုက်ဆံအိတ်ဖွင့်ကာ နှစ်ရာတန် တစ်ရွက် စွန့်ကြဲလိုက်သည်။

မိန်းမကြီးသည် သူ့အတွက်ပေးသော ကော်ပြန့်တစ် ခုကို ရင်ခွင်ထဲက ကလေးက လက်လှမ်းတာနှင့် သူမစား ဘဲ ချက်ချင်း ပေးလိုက်ပါသည်။

သူတို့ထွက်ခွာသွားတာကို မြိုင်ကြော့က ခပ်ငေးငေး ကြည့်နေတာ မြင်လျှင် . . .



www.burmeseclassic.com

www.burmeseclassic.com



"မြိုင် . . . ဘာငေးနေတာလဲ"

"ပန်းဖူးရယ် . . . အမေတိုင်းက ကိုယ့်သားသမီးကို ချစ်ကြတယ်နော်"

"အင်းလေ . . . အဲဒါ ဘာဖြစ်လို့လဲ"

"ငါ့အမေကျတော့ ငါ့ကို စွန့်ပစ်ရက်ကယ်"

မြိုင်ကြော့အသံလေးက ဝမ်းနည်း နာကျင်မှုနှင့် တုန်ခတ်လှိုင်းထသွားပါသည်။

"နင် အဲဒါတွေ ပြန်တွေးပြန်ပြီလား။ အတိတ်ကို အတိတ်မှာပဲ ထားလိုက်စမ်းပါဟယ်၊ အခု နင့်ဘဝ ပြီးပြည့်စုံတာပဲ"

"ဒါပေမယ့် အမေအရင်းရဲ့ မေတ္တာကို ငါ မရဘူးလေ၊ သူအသက်ရှင်နေရက်နဲ့ ငါ့ကို သူများဆီ ဘာကြောင့် စွန့်ပစ်လိုက်တာလဲ။ ငါ့ကို ဘာလို့ မုန်းတာလဲ၊ ငါ့မှာ ဘာအပြစ်ရှိလို့လဲ"

"အဲဒီတုန်းက နင်က ကလေးပဲ မြိုင်ကြော့ရယ်၊ နင် ဘာသိမှာလဲ၊ သူ့မှာလည်း သူ့အကြောင်းတော့ ရှိမှာပေါ့"





"ဒီရန်ကုန်မှာတောင် မနေဘဲ နိုင်ငံခြားထွက်သွားတယ်၊ ငါ့ကို ဆေးရုံမှာ တစ်ယောက်ထဲ ထားပစ်ခဲ့တယ်၊ သွေးလွန်တုပ်ကွေးဖြစ်နေတာကို အမေဖေက ကုပြီး အမေပဲ ငါ့ကို ကောက်မွေးစားခဲ့တာ၊ ငါ ရှေးဘဝက ဘာတွေ မကောင်းမှု လုပ်ခဲ့မိသလဲ မသိပါဘူး ပန်းဖူးရယ်၊ စဉ်းစား ကြည့်လိုက်တိုင်း ရင်ထဲမှာ ခံစားရတယ်၊ ရင်နာရတယ်"

"နင်က ဒါကို ဝေဒနာကြီးအဖြစ် သဘောထားနေတာကိုး၊ မေ့မေ့ပျောက်ပျောက် နေလိုက်လည်း ပြီးတာပဲ"

"ငါ မမေ့နိုင်ဘူး၊ ငါ့အမေရဲ့မျက်နှာကို အခုထိ မှတ်မိနေတုန်းပဲ၊ အမေတစ်ခါမှ ငါ့ပါးကို မနမ်းဖူးဘူး၊ အမေ ဘာ ငါ့ကို မလိုလားဘူး၊ ငါက ဘရော်ဘလမ်ချိုင်း ဖြစ်နေလို့ ပဲ"

"အေးပါ . . . သိပါတယ်၊ အဲဒါတွေ ပြန်မတွေးစမ်းပါနဲ့၊ အခု ဟိုတယ်မှာရော အခြေအနေ ဘယ်လိုရှိလဲ၊ နင်တို့ ဟိုတယ်က လူအဝင်များတယ်နော်"

"အဖေက စည်းစနစ်ကောင်းတော့ နာမည်ကောင်း ထွက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ပန်းဖူး တမင်တကာ စကားလမ်းကြောင်း ပြောင်းလိုက်မှန်း သိပေမယ့် မြိုင်ကြော့ကလည်း အလိုက်သင့် ပြောင်းပေးလိုက်သည်။

စိတ်ညစ်စရာ အကြောင်းတွေ ပန်းဖူးဆီပဲ ရင်ဖွင့်ဖြစ်တာ များပြီ။

မြိုင်ကြော့ဆီမှာ နွေးထွေးရင်းနှီးတဲ့ သူငယ်ချင်းဆို လို့ ပန်းဖူးပဲ ရှိတာလေ။

ပန်းဖူးကို တစ်ခါတလေ ညီအစ်မရင်းလို သဘောထားပြီး ရင်ထဲရှိတာတွေ ဖွင့်ဟ ညည်းညူမိတာပါ။

"နင်ရော ကျောင်းမှာ အဆင်ပြေလား၊ နင့်အဖေ ရော နေကောင်းရဲ့လား"

"အင်း ... အဆင်ပြေတယ်၊ အဖေလည်း နေကောင်းတယ်၊ မောင်လေးကတော့ စင်ကာပူပြန်သွားပြီ"

"ဟုတ်လား"

"မောင်လေးကို လေဆိပ်လိုက်ပို့တဲ့ မနက်တုန်းက ငါ ဘယ်သူနဲ့ တွေ့လဲ သိလား။ ငါတို့ အတန်းထဲက အရှည်ကြီးကိုမင်းဇော်လေ၊ နင့်ကိုတောင် လိုက်ခဲ့သေးတာ"





ပန်းဖူးက အစပြန်ဖော်သဖြင့် မြိုင် သူ့ကို ပြုံးလွန့်လွန့် မျက်စောင်းရွယ်မိသည်။

"သူနဲ့တွေ့တော့ အရေးထဲ နင့်အကြောင်းတွေ သာကပ်မေးနေတာဟ၊ ငါပြောဖို့ မေ့နေတာ၊ နင့်ဆီ ဖုန်းဆက်မယ်၊ ဘာညာနဲ့"

"မဖွစမ်းပါနဲ့ ပန်းဖူးရယ်၊ အေးအေးနေပါရစေ"

"သူ့ခမျာ တကယ် စွဲလန်းနေတာပါ၊ သူ့ဖက် ကြည့်တော့ နင်က သူ့အတွက် အရှုံးအမှုးဖြစ်စရာပဲ"

"တော်စမ်းပါနော်"

"ဩော် ... တကယ်ပါဆို"

"အဲဒီ ကိုအရှည်ကြီးကို နင်ပဲ ကြိုက်လိုက်"

"ဟဲ့ ... ငါမှ သူက မကြိုက်တာ၊ အရပ်ကြီး အလွန်အကျွံရှည်တာကလွဲရင် ကိုမင်းဇော်က အားလုံး ပွတ်ပါတယ်ဟယ်၊ နင်က စိတ်ကူးထဲကို မထည့်တာကိုက ခက်နေတာ"

"ကဲ ... မုန့်စားမှာသာ စားစမ်းပါ၊ စကားကြော ကို ရှတ်တော့၊ နင် အတန်းပြန်ဝင်ရဦးမှာ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အေး . . . ဟုတ်သားပဲ"

ခုမှ နာရီကြည့်ကာ ပန်းဖူးပါးစပ်ပိတ်သွားပါသည်။

မြိုင်ကြော့ကလည်း ဆန်းဒေးမှာ တွေ့ကြဖို့ ချိန်းကာ နှုတ်ဆက်ပြန်လာခဲ့သည်။

✻✻ ✻✻ ✻✻



၃၁

မြိုင်ကြော့ရဲ့ အော်ဂင်လက်သံလေးက သူမတို့ရဲ့ အိမ်ကလေးထဲ ငြိမ့်ညောင်းစွာ ပြန့်လွင့်နေ၏။

အဆိုမပါသော တီးကွက်လေးတွေဟာ ကြားရသူ ကို စိတ်နှလုံးငြိမ်းချမ်းစေသည်။ လန်းဆန်းကြည်မွေ့စေသည်။

မြိုင်ကြော့ယဉ်က ယေဝ်စဉ်ကတည်းကပင် အော်ဂင် တီးသင်ကြားခဲ့ပြီး သူမရဲ့ အပန်းဖြေနည်းတစ်မျိုးလည်း ဖြစ်သည်။

တီးတွေညစ်ပြီး ရှုပ်ထွေးလာလျှင် သူမ အော်ဂင် ရှေ့ရောက်လာပြီ။



www.burmeseclassic.com

www.burmeseclassic.com



နတ်လော ငယ်စဉ်က အဖြစ်အပျက်တွေအကြောင်း ခဏခဏ အိပ်မက်မက်သည်။

အိပ်မက်ထဲက အမေ့မျက်နှာဟာ သူမအာရုံထဲ မပျောက်ပျက်နိုင်ဘဲ စွဲရစ်ထင်ကျန်နေသည်။

မေမေ အခု ဘယ်မှာလဲ၊ သူမ သိချင်သည်။

နိုင်ငံခြားတစ်နေရာမှာပဲလား၊ ကျန်းမာအေးချမ်းစွာရော ရှိနေရဲ့လား . . ။

သူမ အရမ်း သတိရမိသည်။

အရင်မိသားစုအကြောင်းပြောရင် အဖေက မျက်နှာပျက်တတ်တာကြောင့် သူမအဖေ့ကိုတော့ ဘာမှမပြော၊ ဒါပေမယ့် ရင်ထဲမှာ ထိုအကြောင်းက အုံ့ဖွဲ့ရှင်သန်နေရတုန်းပါ။ သူမ မေ့မထားနိုင်ခဲ့ပါ။

အော်ဂင်သံလေး ခဏရပ်တန့်သွားလျှင် ဦးကောင်းမြတ်က သမီးဖြစ်သူနားသို့ လျှောက်လာသည်။

"မြိုင်လေး"

"ရှင် . . ဖေဖေ"





နှုတ်မှထူးရင်း မြိုင် ဖေဖေ့ကို လှည့်ကြည့်လိုက် သည်။ စပို့ရှပ်အပြာဖျော့နှင့် စတိုင်လ်ဘောင်းဘီအပြာရင့် နှင့် အသွင်က နုပျိုတင့်တယ်နေပါသည်။

"ဒီနေ့ ရှော့ပင် မထွက်ဘူးလား သမီး"

"နေ့လယ်ကျမှ ပန်းဖူးနဲ့ ချိန်းထားတယ် ဖေဖေ"

"ဪ . . ဟုတ်လား"

"ဖေဖေ ဒီနေ့ ဂေါက်ကွင်းမသွားဘူးလား"

"ညက ဒင်နာအပြန် နောက်ကျတော့ ခေါင်းကိုက်နေတာနဲ့ မသွားတော့တာ"

"သိပ်ကိုက်နေတာလားဟင်၊ ဘာဆေးသောက်ထားလဲ"

"ပါရာသောက်ထားတယ်၊ ခဏနေ သက်သာသွားမှာပါ"

"မြိုင် နှိပ်ပေးမယ်လေ"

မြိုင်ကြော့က ခုံမှ ထရပ်ကာ ဖေဖေ့နားထင်ကို လှမ်းနှိပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခဏာထိုင်ဦးလေ"

"အေး အေး"

ဦးကောင်းမြတ်က သမီးဖြစ်သူရဲ့ အပြုအစုကို သ
ကျသွားပါသည်။

သူ့ဘဝမှာလည်း ဒီသမီးပဲရှိတာ၊ သမီးအမေ
လောကကြီးထဲက ထွက်ခွာခဲ့တာ ဆယ်နှစ်ခန့်ရှိပြီ။

သမီးရဲ့ လက်ချောင်းနုနုလေးတွေနှင့် နှိပ်နယ်
ဖက်ကြောဆွဲပေးတာ သူမှာ သက်သာသလိုလို ခံစားမိသ

"သမီးကို မေးမလို့ကွ၊ သမီး သွားကြည့်တဲ့ 
အခြေအနေဘယ်လိုရှိလဲ၊ သက်သာရဲ့လား"

"မြိုင် မနေ့က ညနေက သူ့အိမ်လိုက်သွား
တောင်ဒဂုံမှာ သူ့တပည့်လေးခေါ်ပြီး တစ်ယောက်ထဲနေရ ရှာ
ဖေဖေရဲ့၊ မိသားစုတွေဘာတွေ မရှိတော့ ပြုစုမယ့် သူ
မရှိဘူးပေါ့"

"ဒါဆို ပိုက်ဆံထပ်ပေးလိုက်လေ၊ တော်ကြာ ဝိ
ကို တိုင်တာတောတာ လုပ်နေဦးမယ်"





"မြိုင့်ကားနဲ့ တိုက်မိတာ မဟုတ်ဘူးဆိုတာ သူ
ည်း သိပါတယ်၊ ကားကို ကြောက်ပြီး သူ့ဘာသာ ခုန် ရှောင်လို့
ျော်လဲခဲ့တာပဲ၊ ပြီးတော့ မြိုင်ကလည်း အစစ အရာရာ
ာဝန်ယူပြီး ဆေးကုပေးနေတာပဲ ဥစ္စာ၊ ဦးခေါင်မင်းတင်က
မီးကိုတောင် ကျေးဇူးတင်နေတာပါ။ ဟိုနေ့ကတောင်
ွှဲ့ဖက်ထုပ်နဲ့ လက်ဖက်ရည် အတင်း တိုက်သေးတယ်၊
မီးကလည်း အားပေးစကားပြောရ တာပေါ့"

"အေးပါ ... အေးပါ၊ အဆင်ပြေရင် ပြီးတာပါပဲ"

"ဦးခေါင်မင်းတင် ခြေထောက်ဒဏ်ရာက ကောင်း
ာင်း လမ်းလျှောက်လို့ မရသေးဘူး ဖေဖေ၊ အရိုး အထူးကု
ရာဝန်ကြီးနဲ့ ဆက်ပြပေးရဦးမယ်၊ ဒီအင်္ဂါတောင် ချိန်းထား
တယ်၊ အင်္ဂါညနေ မြိုင်တစ်ချက် သွားကြည့်ပေးရဦးမယ်"

မြိုင်ကြော့သည် သူ့ မော်တော်ကားရှေ့မှာ မတော်
ဆ ချော်လဲသွားခဲ့သော ဦးလေးကြီးကို ငွေပေးရုံနှင့် ဥပက္ခာ
ပြုနိုင်ဘဲ ကရုဏာစိတ်နှင့် သွားရောက်ကူညီပံ့ပိုးနေမိသည်။

ဦးခေါင်မင်းတင်ရဲ့ အဖော်မဲ့ အထီးကျန်စွာ တစ်ဦး
ည်းနေထိုင်သော ဘဝကိုလည်း သနားစာနာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်သူမ လူနာရှင်လို သဘောထားကာ ဆေး
ကိုခေါ်သွား၊ ဓာတ်မှန်ရိုက်ပေး၊ ဆရာဝန်ကြီးနှင့်ဆွေးနွေး
လူနာကို အိမ်ပြန်ပို့ပေး၊ ဓာတ်စာဝယ်ခြမ်းပေးနှင့် ဒီတစ်ပတ်
တောင်ဒဂုံကို သွားလိုက်ပြန်လိုက် အလုပ်များနေခဲ့ရသည်။

ပိုက်ဆံပေးခဲ့ပြီမို့ ပစ်ထားလိုက်ရင် ရတာပါ
သို့ပေမယ့် သူမက ထိုသို့ မျက်နှာမလွှဲနိုင်။

လိုအပ်နေတဲ့ အကူအညီကို ပေးချင်သည်။

ကျေးဇူးတင် ဝမ်းသာစွာ အရည်လဲ့နေသော
ဦးခေါင်မင်းတင်မျက်လုံးတွေကို သူမ မမေ့။ စိတ်ထဲ မလှု
ရှားဘဲ မနေနိုင်။

"သွားစရာ လိုသေးရင်တော့ အဖော်တစ်ယော
ခေါ်သွားလေ၊ အိမ်က ဒေါ်ညို့ဖြစ်ဖြစ်၊ မစန်းဖြစ်ဖြစ်၊ အ
မဟုတ်လည်း မြိုင်လေး သူငယ်ချင်းတစ်ယောက်ယောက် ခေ
ငါ့သမီးတစ်ယောက်ထဲတော့ ခဏခဏ မသွားနဲ့နော်၊ ဦးခေ
အရွယ် အဖေအရွယ်ဆိုပေမယ့်လည်း သမီးပြောတဲ့ ဦးခေ
မင်းတင် ဆိုတာ တစ်ယောက်ထဲ နေတာဆို"



"ဟုတ်ကဲ့ပါ ဖေဖေ၊ မြိုင် ဒေါ်ညို့ကို ခေါ်သွားပါ့မယ်"

မြိုင်ကတော့ စိတ်ထဲ ဘာမှ မရှိဘဲ ကိုယ့်အဖေရွယ်မို့ အဖေချင်း ကိုယ်ချင်းစာကာ တစ်ယောက်ထဲသွားလာ ကူညီပေးမနေတာပါ။

ဖေဖေပြောလိုက်တော့လည်း သတိပြုမိသွားရသည်။

သို့ပေမယ့် မြိုင်ကြော့စိတ်ထဲမှာတော့ ဘာကြောင့်မှန်းမသိ ဦးခေါင်မင်းတင်ဆိုတဲ့ တစ်ကိုယ်တည်း သမားကြီးအပေါ် ရိုးသားစွာ လေးစားယုံကြည်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . အန်ကယ် အမြည်းပန်းကန်တွေ ဘာတွေ ကိုယ့်ဘာသာ သယ်နေပါလား။ ပေး . . . ပေး . . . ကျွန်တော် ကို ပေး"

ညနေပိုင်း မှောင်ရီပျိုးစအချိန်မှာ ကြယ်ရောင်လည်း ခပ်ပျင်းပျင်းရှိသည်နှင့် ဒီဖက်ခြံ ကူးလာခဲ့တာပါ။

ညနေပိုင်း ညဦးပိုင်းဆို ခြံထဲက ထီးအမိုးအောက် စားပွဲလေးမှာ ဦးကောင်းမြတ်က ဘီယာလေး အမြီးလေးနှင့် ထိုင်တတ်သဖြင့် သူ့ကိုပါ အဖော်ခေါ်ကာ စကားစမြည် ပြော တတ်သည်။

ကြယ်ရောင်ကလည်း မမမြိုင်တို့ အိမ်ရောက်နေကျ





သော့ အမြည်းစားရင်း အာလူးဖုတ်ဖို့ ဝန်မလေး။ ကယ်ကောင်းက သူ့ကို ခင်သည်။

ကြယ်ရောင်က အန်ကယ်ကောင်း သယ်လာတဲ့ ည်းပန်းကန် လင်ဗန်းကို သယ်ယူပေးလိုက်၏။

ကြက်ကင်၊ ဆိတ်သားကင်၊ အာလူးကင်၊ မှိုကင်၊ ကင်၊ တို့ဟူးကင် ပန်းကန်ထဲမှာ အစုံပါသည်။

"ဒေါ်ညီ့ မသွားခင် အမြည်းစီစဉ်နိုင်းရတယ်ကွဲ၊ က တစောင့်စောင့်နဲ့၊ ဟိုမှာ သူ ကူညီနေတဲ့လူ တစ် ာက်က အရိုးအဆစ်ဆရာဝန်နဲ့ ပြပေးနေရလို့လေ"

"ဘယ်သူလဲ အန်ကယ်"

"မြိုင်လေး ကားနဲ့ တိုးမိသလို ဖြစ်သွားတာလေ ကွာ၊ သိသေးဘူးလား"

"မမမြိုင်လေးမှ ကျွန်တော့်ကို မပြောတာ"

"ဟုတ်လား"

ဦးကောင်းမြတ်က အကျိုးအကြောင်း ပြောပြလိုက် ည်။ အဲဒီ မမမြိုင်လေးဟာ သူ့ဆီမှာ ဘာအခက်အခဲ တွေ့ ု ကြိတ်ဖြေရှင်းတတ်သူ။ ကြယ်ရောင်ကိုပင် အသိမပေး။



www.burmeseclassic.com

www.burmeseclassic.com



"အန်ကယ်ရာ၊ ဒဏ်ရာရတဲ့ လူက အမျိုးသာ
တော့ ယောက်ျားလေးပါမှ ကောင်းတာပေါ့၊ မမမြိုင်
နောက်တစ်ခေါက်သွားရရင် ကျွန်တော့်ကို ခေါ်ပါ၊ ကျွန်
အဖော်လိုက်ပေးမှာပေါ့"

"အေး . . . ဟုတ်သားပဲ၊ အန်ကယ်ကလည်း ခေ
ခေါ်သွား ပြောမိတယ်၊ ညနေပိုင်းဆို မင်းအားတာပဲ၊
ကွာ၊ ကူညီပေးလိုက်စမ်းပါဦး"

ကြယ်ရောင်ကတော့ ကားတစ်စီးနဲ့ တဝီဝီ ထွေ
သွားနေတတ်တဲ့ မြိုင်လေးကို အစကတည်းက စိတ်မ
ပါ။

အခုလို အရေးအကြောင်းကိစ္စရှိရင် သူ့ကို သ
တာကတော့ မြိုင်လေး မာနကြီးတာပါ။

အရာရာမှာ သူမပဲ စွမ်းဆောင်နိုင်မယ်လို့ ထ
တာ။ စိတ်ကြီးဝင် ဘဝင်မြင့်နေတာ။

ကြယ်ရောင်စိတ်ထဲ မကျေမနပ် ဖြစ်နေမိ၏။

လူကသာ အန်ကယ်လ်ကောင်းကွဲ့ စကားပြော





သော်လည်း စိတ်ထဲတော့ မမမြိုင်လေးကို နောက်ဆံတငင် ငင်နှင့် ကားတစ်စီး ဝင်လာသံ ကြားတိုင်း လှမ်းမျှော်ကြည့် နေမိသည်။

ညကြီးမိုးချုပ်ကွာ . . . . မိန်းကလေးဖြစ်ပြီး . . .။

နာရီကိုလည်း မကြာခဏ ခိုးကြည့်မိသည်။

ပြန်လာရင်တော့ သူပြောထားလိုက်မည်။ ညဖက် တောင်ဒဂုံထိ ပြန်ပို့စရာလား၊ တက္ကစီတစ်စီးပေါ် တင်ပေး လိုက်ရင် ရတာပဲ။

သူမ အပြုအမူကိုလည်း နားမလည်။

ခုပုံအတိုင်းဆို ကိုယ့်မှာလည်း တာဝန်မရှိဘဲနှင့် သူမ ကိုက လူမှုရေးကိစ္စဆို စေတနာပိုပိုနှင့် နေရတာကာ ရှေ့က ပါချင်တာပါ။

သူ့ကို ဘေးဖယ်ထုတ်ထားတာ သူမခံချင်။

ဖြစ်နိုင်ရင်တော့ မမမြိုင်လေး ဘယ်သွားသွား သူ့ နံဘေးကနေ လိုက်စောင့်ရှောက်ပေးချင်တာပါပဲ။

သူမကသာ အားမကိုးချင်တာ။

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင်ဟာ သူမ အားကိုးချစ်စရာယောကျ်ား တစ်ယောက် မဖြစ်နိုင်လို့လား။

အသက်ငယ်ပေမယ့် သူမအတွက်ဆို အရာရာ ပေးဆပ်ချင်သူပါ။



“အဘွား . . . မမမြိုင်လေးရော”

“ပြန်သွားပြီလေ”

သူ ထမင်းစားခန်းထဲ ဝင်လာတော့ မြိုင်ကြော့ ရှိ နေတော့ပါ။ ကြယ်ရောင်က မြိုင်ကြော့အသံကြားလို့သာ ရုတ်မဆာသေးဘဲ ထမင်းစားခန်းဆီ ရောက်လာတာ။

“ထမင်းစားတော့မလား မြေးလေး”

“ကျွန်တော်ကို ထမင်းသုတ်လုပ်ပေး”

“အေး . . . အေး”

“ငရုတ်သီးစိမ်းပါ ပါးပါးလှီးထည့်ပေးနော်၊ ပုဇွန်ခြောက် များများနဲ့”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွယ်"

မဆာသဖြင့် ဟင်းနှင့် မစားချင်ဘဲ ချေးထူလိုက်… မိတာ ဖြစ်သည်။ အဘွားက ဒေါ်မိကို လိုတာ ယူခိုင်းပြီး ကိုယ်တိုင် နယ်ဖတ်ပေးသည်။

သူသည် အဘွားလက်အောက်မှာ ကလေးဆိုးလေး… ပမာ နေထိုင်ကြီးပြင်းခဲ့ရတာ။

"မြေပဲ နည်းနည်း ထပ်ထည့်ဦး"

ဇွန်း ခက်ရင်းနှင့် မွှေနှောက်ကာ တစ်ဇွန်းခပ်စား ရ… လိုတာ ပြင်ခိုင်းသေး၏။

ပြီးတော့ စံပယ်ပန်းလက်ဖက်ခြောက်နှင့် ရေနွေး… ကို ကရားပုပုဖြူဖြူနှင့် သယ်ဆောင်လာပေးသည်။

ကြယ်ရောင်က ထမင်းတစ်လုပ် ခပ်စားလိုက်၊ ရေနွေး… ကြမ်းပူပူမှုတ်သောက်လိုက် လုပ်နေ၏။

"မြိုင်လေးက ညနေ ခပ်စောစော ပြန်လာမယ် ပြော… နေတယ်"

"ဘာကိစ္စလဲအဘွား၊ တောင်ဒဂုံသွားရဦးမှာတဲ့လား"





"မဟုတ်ဘူး။ သူတို့အိမ်မှာ ဧည့်သည်တွေ ဖိတ်ထား သတဲ့"

"ဘယ်က ဧည့်သည်လဲ"

"အဲဒါတော့ အဘွားလည်း မသိဘူး"

"အန်ကယ်လ်ကောင်းကလည်း ကိုယ့်သမီးပျိုရှိတဲ့ အိမ်ကို ဧည့်သည်ပဲ ခဏခဏ ဖိတ်နေတာပဲ၊ ဘာမှန်းလဲ မသိဘူး"

"ဟဲ့ . . . သူကိစ္စရှိလို့ သူဖိတ်တာပေါ့၊ ဒီသမီးပျို ကိုလည်း တစ်နေ့ အိမ်ထောင်ချပေးရဦးမှာပဲ ဥစ္စာ"

"မမြိုင်လေးက မယူဘူး ပြောတယ်"

"ဩော် . . . မယူလို့ ရမလား၊ ဒါ သဘာဝတရားပဲ"

"သူ ပျော်သလို နေတာပဲ အဘွားရာ"

"ဒါတွေ မြေးလေး မသိပါဘူး။ ဗမောင်ကောင်းက မြိုင်လေးကို သမီးရင်းလို ချစ်ရှာတာမို့လား၊ သူ့သမီး နောင် ရေးကိစ္စ သူ ပူမှာပေါ့၊ စီစဉ်ပေးမှာပေါ့"

"ဘာလို့ စီစဉ်ရမှာလဲ . . . မလိုပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . ဒီကလေးတော့ ဘာမှ မသိဘဲနဲ့"

ကြယ်ရောင်က ထမင်းကို ဆက်မစားတော့ဘဲ အဘွားကို ဂျစ်တစ်တစ်လေး ' စူးစိုက်ကြည့်မိပါသည်။

မမမြိုင်လေးရဲ့ အိမ်ထောင်ရေးကိစ္စ ဆွေးနွေးတာမျိုး သူ မကြားချင်တာ အမှန်။

သူ့ရဲ့ အိပ်မက်ကလေး ပြိုကွဲသွားမှာ စိုးရိမ်သည်။

မြိုင်လေး ထိုကိစ္စတွေ စိတ်မဝင်စားပါစေနဲ့ဟု ကြိတ်ဆုတောင်းရသည်။

တစ်ချို့ အပျိုကြီးတွေက ဆုံးဖြတ်ချက်နှင့် တစ်ဦး တစ်ယောက်ကို လက်ထပ်ဖို့ စဉ်းစားတတ်သည် မဟုတ်လာ

"အဘွား . . . မမမြိုင်လေးကို မွေးစားတုန်းက အဘွားရှိလား"

"ရှိသားပဲ"

"သူ့မိဘအရင်းတွေက ဘာလို့ ပေးသွားတာလဲဗျ"

"သူ့အကြောင်းတော့ ရှိမှာပေါ့၊ မြိုင်လေးအမေရင်း က သိပ်ချမ်းသာတဲ့ ထက်ထက်မြက်မြက် မိန်းမတစ်ယောက်





လို့ ပြောတယ်၊ အဖေက သင်္ဘောသား၊ အဲဒီသင်္ဘောသား က လက်မှတ်ထိုးပြီး မွေးစားဖို့ အပ်သွားတာပဲ၊ မောင်ကောင်း ကတော့ ပိုသိမှာပေါ့"

"အဲဒါတွေကို မမမြိုင်လေး သိလား"

"သိမှာပေါ့၊ ရေးရေးတော့ မှတ်မိမှာပဲ၊ သူ့ခမျာ မိခင်မေတ္တာ ဝေးခဲ့ရှာတာ၊ အဲဒီ သင်္ဘောသားဆိုတာက ပထွေးလို့ ပြောတာပဲ၊ အဘွားကလည်း ကျကျနန သိတာ တော့ မဟုတ်ပါဘူး။ မြေးလေးက ဘာလို့ မေးတာလဲ"

"သိချင်လို့ပါဗျာ၊ အဘွားကလည်း မမမြိုင်လေး ဘဝက သူများနဲ့ မတူဘဲ တစ်မျိုးဆန်းနေလို့ပါ၊ အခုထိ သူ့မိဘရင်းတွေ ရှိသေးလား"

"ရှိမှာပေါ့"

"ရန်ကုန်မှာပဲလား"

"အေး . . . ပြန်ရောက်နေပြီ ကြားတာပဲ"

"သူတို့က မမမြိုင်လေးကို လုံးဝ မဆက်သွယ်ဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"အခုထိတော့ မဆက်သွယ်ပါဘူး။ တစ်ခုခု ထူးခြားရင် မောင်ကောင်းက အဘွားကို ပြောပြမှာပေါ့"

"မမရင်ထဲမှာတော့ ဒီကိစ္စတွေအတွက် ဝမ်းနည်းနေမှာပေါ့နော် . . . အဘွား"

"ဒါပေမယ့် မြိုင်လေးက ကံကောင်းပါတယ်၊ သူ့အဖေက လိုလေသေးမရှိအောင် ထားခဲ့တာပဲ၊ သူ့သမီးကို ချစ်လည်းချစ်တာပဲ"

အင်း . . . ဒါတော့လည်း ဟုတ်ပါသည်။ သို့ပေမယ့် မမ မိသားစုဘဝကို သူ တွေးမရ။ ချမ်းတောင့်ချမ်းသာ နှ ပါလျက် ကိုယ့်သမီးလေးတစ်ယောက်ကို သူများထံ ဘာကြောင့် ပေးပစ်နိုင်သလဲ၊ ဘာကြောင့်စွန့်ပစ်နိုင်သလဲ။

တစ်ခြားအကြောင်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု ကြယ်ရောင်ထင်သည်။

✻✻ ✻✻ ✻✻



အထပ်မြင့်ဟိုတယ်တစ်ခုရှေ့သို့ တက္ကစီကား တစ်စီး ရပ်၏။

ကားပေါ်ကနေ ရွှေရောင်ဆံပင်တိုဖွာဖွာနှင့် နားကွင်းကြီးကြီး ပန်ထားကာ စွပ်ကျယ်ပုံစံ အင်္ကျီလက်ပြတ် ရောင်၊ ဘောင်းဘီက အနားမှာ ကြိုးစတန်းလန်းပါသော ဘောင်းပင်နံ့အဖြူ။ ဖိနပ်က လည်တိုဘွတ်ရှူးစသဖြင့် ခေတ် ဆန် ဖြူသွယ်လှပကြော့ရှင်းသော ကောင်မလေးတစ် ယောက် တံခါးဖွင့်ဆင်းလိုက်ပါသည်။

တံခါးဖွင့်ကာ ဆင်းပြီးတာနှင့် သူမက ကားထဲက ဆွဲအိတ်၊ ခရီးဆောင်ရွယ်ရွယ်တစ်လုံးကို အတင်းဆွဲချသည်။ ကားက လူရွယ်က အိတ်ကို ပြန်ဆွဲထား၏။ လွှတ်မပေး။



www.burmeseclassic.com

www.burmeseclassic.com



"ဖင်အောင် . . . လွှတ်နော်၊ ငါ ဒီမှာနေမလို့"

"မဖြစ်ဘူး . . . နင်ပြန်လိုက်ခဲ့"

"ငါ အရွယ်ရောက်ပြီ၊ အရာအားလုံး ငါ့သဘော နင် လိုက်ပိတ်ပင်စရာ မလိုဘူး . . . ဖယ်"

"တုန်တုန် . . . ထင်ရာမလုပ်ပါနဲ့"

ကောင်မလေးက ကောင်လေးရဲ့ ဖျောင့်ဖျ လက်မခံ။ သူမအိတ်ကို ဆောင့်ဆွဲ၏။

တက္ကစီဆရာလည်း နောက်လှည့်ကြည့်ကာ ကုတ်နေပြီ။ ဒီနေရာက ကားကြာကြာရပ်လို့ မရ၊ (MK ဟိုတယ်ရှေ့ မျက်နှာစာမို့ ရပ်ပြီး လူချပြီးတာနှင့် ပြန်ထွ ရမှာ။

အခုတော့ ဒီစုံတွဲရဲ့ ပဋိပက္ခကြောင့် သူတော စိတ်ညစ်ရပြီ။

ထိုနှစ်ယောက်မှာ ဘယ်လိုပတ်သက်သလဲ သော မသိပေမယ့် တစ်လမ်းလုံး တောက်လျှောက် ရန်ဖြစ်လာသ

နင်တစ်ခွန်း ငါတစ်ခွန်းနှင့် အခြေအတင် ဖြစ်





သော။ ကြည့်ရတာ ကောင်မလေးက အိမ်က ဆင်းခဲ့ဟန် တူပါသည်။

ကောင်လေးက တက္ကစီပေါ် အတင်းလိုက်ပါ၊ ခုန်တက် ခင်း တစ်လမ်းလုံး ချော့မော့လာတာ သူ ကြားသည်။

ဘာပြဿနာဖြစ်လာသလဲတော့ မသိ။

"ဖင်အောင်၊ နင်ပြန်နော်၊ တုန်တုန်တို့က ဒါဆို ဒါပဲ၊ ဆုံးချင်တာကို ဖြစ်အောင်လုပ်တတ်တယ်၊ မှတ်ထား"

"အန်တီသီရိ စိတ်ပူနေလိမ့်မယ်"

"ပူပစေ"

"နင်တစ်ယောက်တည်း ဟိုတယ်တက်နေလို့ ဖြစ် သေား၊ စိတ်ဆိုးရင် ခဏပေါ့ဟာ"

"ဟင့်အင်း"

သူမက ခေါင်းကိုသာ တွင်တွင်ခါယမ်းသည်။

အိမ်မပြန်ချင်ပါ။

နိုင်ငံခြားမလွှတ်ဘူးဆိုတဲ့ မာမီ့ကို ဆန္ဒပြချင်သည်။

"အိမ့်သဲတုန်" လွယ်လွယ်နှင့် လက်မလျှော့နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အမေနှင့်သမီး အားပြိုင်သည့်ပွဲမှာ သူမ အရှုံးမပေး[...]နိုင်။ မာမီ့ကို မလေးစားတာ မဟုတ်။ လေးစားရှိသေတာ[...]တစ်ပိုင်း။ သူမရဲ့ ရည်ရွယ်ချက် အောင်မြင်ချင်တာက သပ်သ[...]စကားပုမှာ မြှုးဖော်ကျောင်းသွားတတ်ချင်တာ သူမရဲ့ ရည်ရွ[...]ချက်။ ဒါ သူမရဲ့ စိတ်ကူး။ အဆိုတော် ရိုးရိုးသာ မဟုတ်[...]ဂီတပညာရှင်တစ်ယောက်ဖြစ်ချင်တာ''

''ဇင်အောင် . . . နင် လွှတ်ဆို ဒီမှာ ဦးလေးကြီး[...]ကားခပေးရဦးမှာ''

''ငါပေးမယ်၊ နင်ပြန်တက်''

''ဘယ်လို ဖြစ်နေလဲ''

သူမက မျက်မှောင်ကုတ်နှင့် ခပ်မာမာကြိမ်းသည်[...]

ကောင်လေးကလည်း အိတ်ကို လွှတ်မပေး။

''စီစီတို့အိမ်မှာဖြစ်ဖြစ် သွားနေမလား၊ ငါလိုက်ပို့[...]

''ဘယ်သူငယ်ချင်းအိမ်မှ မနေဘူးလို့ ငါ ပြော[...]စီစီ့အိမ်ဆို မာမီ လိုက်ခေါ်မှာပေါ့''

''ဘာပဲဖြစ်ဖြစ် ဒီမှာတော့ နေလို့ မဖြစ်ဘူး''



''ဖြစ်တယ်၊ လုံးဝဖြစ်တယ်''

ကောင်မလေးက ပိုက်ဆံအိတ်သေးသေးလေးထဲ က[...]နှစ်ထောင်ထုတ်ပေးသည်။

ဇင်အောင်က အိတ်ကို ဆွဲမရတော့ ကားပေါ်က[...]ပြန်ဆင်းပြီး တုန်တုန်လက်ကို အတင်းအကြပ် ဖမ်းဆွဲ[...]အားပြန်သည်။

သူတို့ရဲ့ ရှုပ်ယှက်ခတ်နေတဲ့ အမူအယာကြောင့်[...]ဝန်းကျင်က လူတွေလည်း ကွက်ကြည့်ကွက်ကြည့်[...]တခတ်ကုန်ပြီ။

တက္ကစီဆရာကတော့ သူ့ကားပေါ်က ဆင်းသွားပြီမို့[...]ဘာဝန်ကုန်ပြီ။ သူ့လက်က လွှတ်ပြီဆိုပြီး အားရဝမ်းသာ[...]ကို ဝေါကနဲ မောင်းထွက်သွားလေသည်။

အိမ့်သဲတုန်က ဇင်အောင့် လက်မှ ရုန်းဖယ်ရင်း[...]ထုတ်ရင်း နှုတ်ကလည်း တရစပ် ရန်တွေ့ရင်း မှိုတယ်[...] ရအောင် ဖွတ်တရွတ် ဝင်လာပါသည်။

ဇင်အောင်ကလည်း ပခုံးကို ဆွဲလှည့်ကာ ပြန်တွေ့က[...] ကြိုးစားသည်။



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးတစ်ယောက်ထဲ ဟိုတယ်တက်နေဖို့ [illegible] ခွင့်မပြုနိုင်။

အန်တီသီရိက သူ့ဘမီး သူမနိုင်။ ဇင်အောင်[illegible] လက်ထဲ ကြည့်ရှုစောင့်ရှောက်ဖို့ အပ်ထားသည်။

ဒါကြောင့် မိဆိုးလေးကို သူမှာ မျက်နှာလွှဲခဲပစ်နိုင်[illegible] ဥပေက္ခာမပြုနိုင်ဘဲ ဖြစ်နေသည်။

တုန်တုန် ဂီကျသမျှ သူခါးစည်းခံရတာပါပဲ။

တုန်တုန့်အပေါ် သူ့လောက် အနွံအတာခံသူလည်း မရှိတော့။

သူတို့နှစ်ယောက်ရဲ့ ရှုပ်ရှုပ်ထွေးထွေး ပြဿနာ[illegible]သည် ဟိုတယ် အဝင်ဝက ရီဆက်ရှင် (Reception) ကောင်တာရှေ့သို့ ပြုတ်ကျလာပါတော့သည်။

"တစ်ယောက်ခန်းယူမယ်"

"အခန်းမယူဘူးခင်ဗျ"

"ဒီမှာ ကျွန်မရဲ့ နိုင်ငံသားကဒ်၊ ကျွန်မအခန်း [illegible] ချင်တယ်၊ ဘယ်အထပ်မှာ ရနိုင်မလဲ"

"သူ ဒီမှာနေဖို့ ကျွန်တော် ခွင့်မပြုဘူး"

"ကျွန်မကို အခန်းသော့ပေးပါ၊ ဘယ်လောက်ပေး [illegible]ရမလဲ"

"သူ အိမ်ကနေ မိဘမသိအောင် ဆင်းလာတာ၊ [illegible]လောက်ဆို သူ့မာမီ လိုက်ရှာနေလောက်ပြီ"

တုန်တုန်က ဗိုလ်ကျကာ သူမ ဖုန်းရော ဇင်အောင် [illegible] နှစ်ခုလုံး ယူပြီး စက်ပိတ်ထားသည်။

တုန်တုန် တစ်ခြားနေရာထွက်သွားမှာစိုးတာကြောင့် [illegible]အောင်မှာ သူမကို မျက်ခြေပြတ်မခံရဲပါ။

အန်တီသီရိဆီလည်း ဖုန်းမဆက်ရဲ။

"နင် ဝင်မရှုပ်နဲ့နော်၊ ငါ သည်းမခံနိုင်တော့ဘူး ကဲ . . . [illegible]တဲ"

အိမ့်သဲတုန်က ရီဆက်ရှင်ရှေ့မှာ ဇင်အောင့်ကို တဘုံး [illegible] ထုရိုက်ကုတ်ဖဲ့သဖြင့် နှစ်ယောက်သား ပြောင်းဆန်ပြီး [illegible]သွက်ခတ်သွားသည်။

"အို . . . အဲလို မလုပ်ပါနဲ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ် ဝန်ထမ်း ကောင်မလေးတွေသည် မှ
တရက် သူတို့ရှေ့ရောက်လာပြီး ရန်ဖြစ်နေသော ကောင်လေ
နှင့် ကောင်မလေးကြောင့် ဦးနှောက်စားသွားရသည်။

ဒေါသနှင့် ဆံပင်ကို ခုန်ခုန်ပြီး ဆောင့်ဆွဲနေ
ကြောင့် လက်ကို ဖမ်းဆွဲပြီး ဖြန်ဖြေရ၏။

ဆူညံအော်ဟစ်နေသဖြင့် မန်နေဂျာကိုမျိုးလည်း
ရောက်လာသည်။

"ဟာ . . . အေးအေးဆေးဆေး ဖြေရှင်းကြပါ၊ ဒီ
မလုပ်ပါနဲ့" —

လက်တကာကာနှင့် တားမြစ်ဟန့်တားလိုက်မှ နှ
သားငြိမ်သွားကြသည်။

မိန်းကလေး၏ မျက်နှာလေးမှာ ဒေါသနှင့် နီရဲ
ထန်ကာ ရှုံ့ရှုံ့ရှားရှား ဖြစ်နေ၏။ လှသလောက် ရန်
ဘိ။ ပတ်ဝန်းကျင်ကိုလည်း သိပ်ပြီး ဂရုမထားမိဟန်။

ဘာမဆို ဒေါသနှင့် စိတ်လှုပ်ရှားမှုအလျောက်
တတ်ပုံပေါ်သည်။





စည်းမျဉ်းစည်းကမ်းအရ ကောင်မလေး၏ လက်ခံ
တည်းခိုဖို့ ခွင့်ပြုနိုင်ပေမယ့် ပါလာတဲ့ ကောင်လေးရဲ့ ခါးခါး
သီးသီး ကန့်ကွက် တားမြစ်နေမှုကြောင့် ကိုမျိုးလည်း ပြော
ခရက်သွားသည်။ ထိုအချိန်မှာပင် မြိုင်ကြော့ယဉ် ရောက်လာ
သည်။

သူမက အကျိုးအကြောင်းသိရတာနှင့် . . .

"လာ . . . ညီမလေး . . . ဒီမှာထိုင်"

ဆံနွယ်အခွေလေးတွေ ပခုံးတစ်ဖက်တစ်ချက်မှ ယဉ်စစ
ကျနေကာ မျက်ခုံးတန်းတန်း မျက်လုံးစူးစူး တောက်တောက်နှင့်
နှုတ်ခမ်းလေး ဖူးကြွလုံးဝန်းကာ အလွန်လှပ ကျက်သရေရှိသော
မျက်နှာလေးကို ပိုင်ဆိုင်သည့် အစ်မ တစ်ယောက်က
အိမ့်သဲတုန်ကို ညင်သာ သိမ်မွေ့သော စကားသံချိုချိုနှင့်
ထိရောက်ဖြေရှင်းပေးသည်။

တုန်တုန်က ကိုယ့်ကို စကားသံချိုသာသာလေးနှင့်
ပြောလျှင် သဘောကျ နားဝင်တတ်သူ ဖြစ်တာကြောင့် ဒီ
မစကားကို နားခံကာ ကုလားထိုင်မှာ လာထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇင်အောင်လည်း ခပ်တည်တည် လိုက်လာ၏။

"သူက မိဘအုပ်ထိန်းမှုအောက်မှာရှိတဲ့ မိန်းမကောင်းလေးပါဗျာ၊ ဒီမှာ တစ်ယောက်ထဲ ကျွန်တော် ဘယ်လို စိတ်ချနိုင်မလဲ"

"စိတ်မချရအောင် နင်နဲ့ငါနဲ့ ဘာဆိုင်လို့လဲ"

"အဲလို မပြောနဲ့ တုန်တုန်၊ နင့်ကို စောင့်ရှောက်ဖို့ တာဝန်ရှိတယ်၊ ငါက မိတ်ဆွေကောင်းတစ်ယောက်အနေနဲ့ ပြောနေတာ"

"မမ ဟိုတယ်က နာမည်ပျက်မရှိပါဘူး၊ သူနေမယ်ဆိုလည်း ဘာမှ ပြဿနာ မရှိစေရပါဘူး"

"မနေရဘူးဗျာ"

"ဒါဆို ဒီက ညီမလေးက ဘယ်လိုဖြစ်စေချင်သလဲ"

"တုန်တုန် မာမီ့ဆီ မပြန်ချင်ဘူး၊ သူငယ်ချင်းတွေ အိမ်မှာလည်း သွားကပ်မနေချင်ဘူး၊ သူများ မိသားစုတွေနဲ့ ရှုပ်ရှုပ်ထွေးထွေးလည်း တုန်တုန် မနေတတ်ဘူး မမ၊ တစ်ဆိတ်ကျေးဇူးပြုပြီး တုန်တုန့်ကို အခန်းကောင်းကောင်း လေး ပေးပါ"





"အခန်းတွေက ရှိပါတယ်"

"ဒါဆို ယူမယ်"

"ခဏလေး မမ တစ်ခု ပြောမယ်၊ နှစ်ယောက်ခန်း ယူပြီး ညီမလေး သူငယ်ချင်းတစ်ယောက်လောက် အဖော်ခေါ်ထားရင်ရော ဖြစ်မလား"

ဇင်အောင်လည်း တွေဝေသွားသည်။

ဒီလို အဖော်နှင့် ဆိုလျှင်တော့ မဆိုးပါ။ ပြောမရ[illegible]အတူတူ တစ်ရက် နှစ်ရက်တည်းချင်လည်း တည်းပစေ ပေါ့ [illegible] လျှော့ပေါ့ တွေးရသည်။

"ငါ စီစီ့ကို ဖုန်းဆက်ပေးမယ် တုန်တုန်"

"ဟင့်အင်း၊ တုန်တုန့်ဘာသာ ဆက်မယ်"

"စီစီ မပါပဲတော့ နင် ဒီမှာ နေလို့ မရဘူးနော် ဒါပဲ"

"ဟွန်း . . . ဘယ်လိုဖြစ်နေလဲ၊ နင်က ငါ့အဖေ လား၊ [illegible]ကြောင့် ငါသွားရာတကောက်ကောက်နဲ့ တန်းတန်း [illegible]နေတာပဲ၊ အဓိပ္ပါယ်ကို မရှိဘူး"

ကောင်မလေးက ခပ်ထန်ထန်ဟောက်ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက အလျော့ပေး ငုံ့ခံသည်။ ဘာမှမပြော။ ကြည့်ရတာ အတော်လိုလိုက် အလျှော့ပေးသည်းညီးခံပုံရသည်။

အိမ့်သဲတုန်က သူမရဲ့ အခင်ဆုံးသူငယ်ချင်း စီစီထံ ဖုန်းဆက် အကူအညီတောင်းသည်။ အဝတ်အစား နှစ်စုံသုံးစုံပါ ထည့်ယူခဲ့ဖို့ မှာ၏။ တစ်ကောင့်ကြာအောင် အပြန်အလှန် ပြောဆိုပြီးလျှင် ကောင်မလေး ခေါင်းတညိတ်ညိတ်နှင့် ကျေနပ်သွားပါသည်။

"စီစီ အခု လာလိမ့်မယ်၊ ဖင်အောင် နင်နော် ငါ ကျပ်ကျပ်သတိပေးလိုက်မယ်၊ ငါဒီမှာ ရှိတာ မာမီ့ကို သွားမပြောနဲ့၊ နင် ပြောလိုက်ရင် ငါ ဟိုတယ် ပြောင်းပစ်မှာနော် ဒါပဲ"

"အေးပါ မပြောပါဘူး၊ ဒီမှာပဲ အေးအေးဆေးဆေး နေပါ မမ သူ ချက်အောက်လုပ်တာနဲ့ ကျွန်တော့်ကို ဖုန်းဆက်ပေးပါ"

"ကောင်းပါပြီ မမ မှာထားပါ့မယ်"

ရှီဆက်ရှင်က ကောင်မလေးတွေကို မှာရ၏။ ကောင်





လေးတွေ အားလုံးလည်း ဒီည့်သည်မလေးကို မှတ်မိသွားကြပါပြီ။

အင်မတန် ရှန်ဖြစ်ကောင်းပြီး လက်မြန်တဲ့ မိန်းကလေး ဟုတ်လား။ ဘဝမှာ ကိုယ်လုပ်ချင်ရာလုပ်ပြီး ကိုယ့် စိတ်ကြိုက် နေထိုင်ခွင့်ရခဲ့ဟန်တူပါသည်။

ပိုက်ဆံလည်း ချမ်းသာပြည့်စုံပုံရတာ သူမ ဟန်ပန် သေးမှာ ပေါ်လွင်နေသည်။

စိန်တွေ၊ ရွှေတွေ ပြွတ်သိပ်အောင် ဝတ်ထားတာ မဟုတ်ပေမယ့် ရုပ်ရည်ကြည့်တာနှင့် ကြွယ်ဝချမ်းသာတဲ့ အတိုင်း အဝိုင်းမှာ အဆင့်အတန်းမြင့်မြင့်နေလာရတာ ပေါ် လွင်နေပါသည်။ လက်သည်းလေးတွေက မဖြူမပြစ်ပဲနှင့် ကမာရောင်ပြောင်လက်နေသည်။ ရှင်းသန့်ဖွေးနုနေသည်။ အဝတ်အစားဝတ်ထားပုံ၊ သူမ ဖူဆောင်လာတဲ့ လက်ဆွဲ အိတ်အမျိုးအစားနှင့် စကားပြောပုံ၊ လမ်းလျှောက်ပုံမှာပင် လောကကြီးမှာ ဆုရထားသလို အရာရာ လိုတရနေသော သိသာလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုတရလွန်းပြီး ပြောစရာမရှိ လှတဲ့ဘဝမှာ ပြဿနာ
မဟုတ်တာတွေကို ပြဿနာ ရှာလာပုံရပါ၏။

တုန်တုန်နှင့် ဖင်အောင်က ခဏထိုင်စောင့်ကြ၊ ထွ
ရပ်မျှော်ကြနှင့် တအောင့်မျှကြာလျှင် စူပါဆလွန်း အဖြူ
သန့်လေးကို ကိုယ်တိုင်မောင်းကာ သူမနှင့် ပုံစံချင်း မတိ
မယိမ်း မိန်းကလေးတစ်ယောက် ဟိုတယ်သို့ ရောက်ရှိ
ပါသည်။

စီစီဆိုသော ကောင်မလေးဟာ နားစွဲပိုင်းကြီး ပခုံး
လုလု တလှုပ်လှုပ်နှင့် တုန်တုန့်ထံ အရေးတကြီး ရောက်
လာတာ။

အသားလေးက တုန်တုန်လောက် မဖြူ။ သူမ ပုံ
လည်း ပဲခပ်များများလေးပါပဲ။

မြိုင်သည် ဘာရယ်မဟုတ် ချစ်စရာကောင်မလေ
တွေကို ကြည့်နေမိသည်။

"မမ ... မမက ဒီဟိုတယ်ပိုင်ရှင် ဦးကောင်းမြတ်
သမီး မဟုတ်လားဟင်။ ဒီမှာ စီစီ ပြောတာတုန်းက မယုံ
ဖြစ်နေလို့ ဟင်း ... ဟင်း"





တုန်တုန့်ကို အဆင်ပြေအောင် အသံချိုလေးနှင့် ကူညီ
ဖြေရှင်းအကြံဉာဏ်ပေးသူကို တုန်တုန်က ပိုင်ရှင်ဟု မထင်မိပါ။
ဟိုတယ်ဝန်ထမ်းထဲက တာဝန်ရှိသူတစ်ယောက်ယောက်ဖြစ်
မည်ဟုသာ သဘောထားမိတာ။

စီစီက ဘယ်လိုက ဘယ်လို စပ်စပ်စုစု သိထားနှင့်
သလဲ မသိပါ။

"ဟုတ်ပါတယ် ... မမနာမည်က မမြိုင်ကြေးယဉ်
ပါ"

"ဟာ .. ယာ .. မမနာမည်ကြားရတာ အညာမြေ ကို
ရောက်သွားသလိုပဲ ဟီး ... ဟီး"

"ဟဲ့ ... ငါ့မမကို အဲလို မပြောပါနဲ့"

မြိုင်က မျက်နှာမပျက်အောင် ကြိုးစားထိန်းရင်း ...

"ဒီနာမည်က မမကို ငယ်ငယ်က ထိန်းခဲ့ ပြုစုခဲ့တဲ့
သူနာပြုဆရာမကြီးက ပေးခဲ့တာပါ။ မြိုင်ကြေးယဉ် ဆိုတဲ့
နာမည်ကို တို့ အရမ်းနှစ်သက်ပါတယ်"

ဒါဟာ ငယ်စဉ်က သူမဆောင်ယူလာနိုင်တဲ့ တစ်ခု
တည်းသော သက်သေတစ်ခုမို့ မြိုင်က မြတ်နိုးပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ချိန်ရောက်တော့ အဖေက အမည်ပြောင်းချင်လား မေးတုန်းကတောင် ပြတ်ပြတ်သားသား ငြင်းဆန်ခဲ့တာပါ။

"ကဲ ဟိုမှာ ညီမလေးတို့ အခန်းသော့ သွားယူပါ၊ လိုတာရှိလည်း ပြောပါ၊ အခန်းထဲက ဖုန်းနဲ့ ခေါ်လို့လည်း ရပါတယ်"

"ဟုတ်ကဲ့ ကျေးဇူးပါပဲ မမ"

စီစီက ထိုမျှသာ ပြောသော်လည်း အိမ့်သဲတုန်က မထင်မှတ်စွာ သွက်သွက်လက်လက်နှင့် သူမပါးကို လှစ်ကနဲ လာမွှေးပြီး . . .

"တုန် . . မမကို ချစ်တယ် သိလား"

"ဟာ . . . ဒီကောင်မလေး"

အခုမှ သိရတွေ့ရသည့် အမျိုးသမီးအပေါ် တုန့်တုန့် ဆက်ဆံရေးက နွေးထွေးရင်းနှီးလွန်းနေပါသည်။

"တုန်တို့ကို အခန်းထဲထိ ပို့ပေးရမယ်နော်"

"အင်း . . . ရပါတယ်"





မြိုင်လည်း သူကလေးကို မြင်မြင်ချင်း နှစ်လို ချစ်ခင်သွားမိသည်။

ကိုယ့်ပါးကို ဖြန်းကနဲ လာနမ်းလိုက်ချိန်မှာ မမျှော်လင့်သော အနီးကပ် ပူနွေးသွားမှုဟာ ဘာနှင့်မှ မတူ။

သူကလေးနှင့်မြိုင်ဟာ သူစိမ်းတွေလို့ မဟုတ်တော့ပါ။

"ကဲ . . ဖင်အောင်၊ နင် စိတ်အေးအေးနဲ့ ပြန်လို့ရပြီ၊ အခု ငါ့မှာ အစ်မတစ်ယောက် ရသွားပြီ၊ တွေ့လား။ မမရှိတယ်နော်၊ တုန်တုန့်အစ်မ ဖြစ်သွားပြီနော်"

"အေးပါကွယ်"

မြိုင်ကြော့ အပြုံးလေးမှာ ချိုမြနေရပါသည်။

ပြီးလျှင် တုန်တုန်၊ စီစီတို့နှင့်အတူ ဓာတ်လှေကားထဲ ဝင်ကာ ငါးလွှာကို ခလုတ်နှိပ်လို့ ငါးလွှာရဲ့ လမ်းမဖက်အခွန်း အကျဆုံး အခန်းသို့ ပို့ပေးလိုက်ရသည်။

✳✳ ✳✳ ✳✳



www.burmeseclassic.com

www.burmeseclassic.com

အရှင်တုန်းက မေရှင်သီချင်းလေးတစ်ပုဒ်ရဲ့ တေးသွား။ ချိုနွဲ့နွဲ့လေးကို အော်ဂင်ခလုတ်ပေါ် ကစားနေခိုက်မှာပင် နံဘေးနားက ထိုင်ခုံပေါက်စလေးပေါ် တင်ထားတဲ့ မြိုင့် လက်ကိုင်ဖုန်းရဲ့ အသံစူးစူးလေးက ဖောက်ဝင်လာပါသည်။

မြိုင်လေးက ပေါ်လာသော ဖုန်းနံပါတ်ကို ကြည့်လိုက်သည်။ မြင်ဖူးသလို ရှိပေမယ့် သူမ မမှတ်မိ။

ထို့ကြောင့် ခလုတ်ဖွင့်၍ နားထောင်လိုက်သည်။

"ဟက်လို"

"မမြိုင်လေးလား"

"ပြော်"





အသံနွဲ့နွဲ့ပျော့ပျော့လေးကို မြိုင် သိသွားရ၏။

"မမ . . . တုန်တုန်ပါ"

"ပြော ညီမလေး"

"မမ အခု အိမ်မှာလား"

"ဟုတ်ပါတယ်၊ အိမ်မှာပါ၊ ဘာကိစ္စများရှိသလဲ ဆိုပါဦး . . . ဟင်း . . . ဟင်း"

တုန်တုန်တို့မှာ အမြဲတမ်း ကိစ္စပေါ်ပေါက်နေတတ်ထားသူဟု မမ အကဲခတ်မိပါပြီ။ အခုဆိုရင် တုန်တုန်က ဟိုတယ်ရဲ့ ရင်းနှီးသော ညှိသည်မလေးဖြစ်နေပါပြီ။ မန်နေဂျာကိုမျိုးကိုလည်း အမျိုးမျိုး ဦးနှောက်စားသဖြင့် ကိုမျိုးတောင် နာမည်ပြောင်းချင်နေရှာပြီ။

သေးသေးဖွဲဖွဲကိစ္စလေးတွေသည်လည်း သူမတို့အတွက် အရေးတကြီး ဖြေရှင်းစရာ ဖြစ်နေသည်။

တစ်ခုခုကို အလောင်းအစားလုပ် ငြင်းခုန်မိပြီဆိုသည်၊ မပြီးစီးနိုင်။ မြိုင့်ဆီပင် ဖုန်းဆက်ပြီး ဆုံးဖြတ်ချက်တောင်းတတ်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟိုတယ်မှာနေစဉ်မှာပင် ရဲလေးသီချင်း ဖုန်းထဲ သွင်းဖို့ ကွန်ပျူတာကို အသုံးပြုချင်ကြောင်း တောင်းဆိုလို့ တောင်းဆိုဖြစ်ချင်တာ လုပ်ချင်တာရှိလည်း ချက်ချင်း အချိန်မဆိုင်းဘဲ လက်ငင်း အကောင်အထည်ဖော်တက်တဲ့ မိန်းကလေးတွေပါ။

"ဟီး . . . ဟီး ကိစ္စကတော့ သိပ်မဟုတ်ပါဘူး။ ဟဲဟဲ ဟိုဟာလေ . . . မမဆီက ပိုက်ဆံချေးမလို့"

"ဟင်"

မထင်တဲ့စကားမို့ မြိုင် ချက်ချင်း ဘယ်လိုဖြေရမှန်းမသိ။

"တုန်တုန်တို့ ပိုက်ဆံလိုနေလို့ပါ"

"ဘာအတွက် လိုတာလဲ"

"သုံးစရာ ဝယ်စရာပေါ့၊ ပြီးတော့ အခန်းခတွေ လည်းရှင်းရမယ်"

အိမ့်သဲတုန်က ဖွင့်ပွင့်လင်းလင်းပဲ ပြောလိုက်၏။

"မာမီ တုန့်ဆီ ဖုန်းဆက်တယ်၊ လာပြန်ခေါ်မယ်လည်းပြောပါတယ်။ တုန်က စိတ်ကောက်မပြေသေးလို့ မပြန်သေးတာ





အခု ဒီမှာ ပျော်နေတယ်။ သူငယ်ချင်းတွေ လာရင်လည်း ရက်စတော့ရင့်မှာ ဆင်းထိုင်ကြ၊ စားသောက်ကြဆိုတော့ ပိုက်ဆံလိုတာပေါ့နော်၊ အဲဒါ သိတဲ့သူငယ်ချင်းတွေဆီကလည်း မချေးချင်ဘူး။ အောက်တာပေါ့နော်၊ တုန်တို့ ဂိုးလ်ကျမှာ စိုးလို့ပါ။ အဲဒါ မမဆိုတော့ ကိုယ့်အစ်မပဲလေဆိုပြီး အကူအညီတောင်းကြည့်တာပါ"

အိမ့်သဲတုန် စကားကြောင့် မြိုင်က မျက်မှောင်ကုပ်မိသည်။ အလကားသက်သက် ပိုက်ဆံဖြုန်းသလို ဖြစ်မနေဘူးလား၊ ဘာမှလည်း အကျိုးရှိရှိ သုံးစွဲမှာ မဟုတ်ဘဲနှင့်။

"မမ အဆင်မပြေဘူးဆိုလည်း ကိစ္စမရှိပါဘူး။ တုန်ဒီနေ့လည် လက်စွပ်သွားရောင်းမယ်၊ တုန်တုန့် စိန်လက်စွပ်က ဆယ့်ငါးနှစ်ဆယ်တန်လို့ နှမြောနေတာ။ အခုလိုတာက သုံးလေးသိန်းလောက်ပါ။ ဒါမှမဟုတ်လည်း လက်စွပ်ကို မမ ခဏ ယူထား၊ အဆင်ပြေသွားရင် တုန်ပြန်ယူမှာပါ"

သူတို့လုပ်တာနှင့် ကိုယ်လည်း အပေါင်ဆိုင်ဖွင့်ရသလို ဖြစ်လာနေပါပြီ။ ခဏယူထားဆိုတာက ပါသေး။ ပိုက်ဆံ



www.burmeseclassic.com

www.burmeseclassic.com



ရရင် ပြန်ရွေးပါ့မယ်ဆိုတော့ ဒါက အပေါင်ထားတဲ့ သ
ပေါ့လေ။ တတ်လည်း တတ်နိုင်တဲ့ ကောင်မလေးပါ။

သို့ပေမယ့် သူကလေးရဲ့ ပြောပုံဆိုပုံလေး
မြိုင် အပြစ်မမြင်မိဘဲ ချစ်စနိုးပင် ဖြစ်ရပါသည်။

တကယ်ကို ရိုးသားဖြူစင်သူလေး။ ချစ်စ
ကောင်မလေး။

"မမမြိုင်လေး"

"ဟာင်"

"ကျူညီမယ်မို့လားဟင်၊ တုန်တုန်တို့ အိမ်ကို
မယ်လေ၊ မမအိမ်ကိုလည်း ရောက်ဖူးသွားအောင် မုန့်
ရမယ်နော်"

"ကျွေးပါ့မယ်ဟယ်"

"တုန်တုန်က ကောက်ညှင်းပြန်ပေါင်းနဲ့ ငါးခြေ
ဖုတ်ကြိုက်တယ်၊ မမတို့နားက မြန်မာမုန့်ဆိုင်လေးက
ကျွေးရမယ်နော် . . . ဒါပဲ"

သူဟာသူ ပြောပြီး သူဟာ သူအတည်ပြုလိုက်ပါ





အစီအစဉ်ထဲမှာ စားချင်တဲ့ မုန့်ပင်ပါပြီးသား။ ဘာမှ မလိုပါ။
ကောင်းလေစွ၊ ကောင်းလေစွပေါ့။

မြိုင်လည်း ခေါင်းညိတ်ရုံရှိတာပဲ။

✳✳ ✳✳ ✳✳



www.burmeseclassic.com

www.burmeseclassic.com

နာရီဝက်ခန့်အကြာမှာပင် မြိုင်ကြောတို့ ခြံထဲသို့
မောင်းသော ရှုပ်ဆလွန်း အဖြူလေးက ဝင်လာပါသည်။

"သမီးရေ... ကားတစ်စီးလာတယ်ဟေ့၊ အန်ကယ်
ကြီးမိတ်ဆွေတွေလား မသိဘူး"

"မဟုတ်ဘူး ဒေါ်ညို၊ အဲဒါ မြိုင့်ဧည့်သည်တွေ
ထွက်ခေါ်လိုက်ပါ၊ ပြီးရင် အပေါ်ထပ်ဧည့်ခန်းကို ပို့ပေးနော်"

"ဪ... ဟုတ်လား"

ဒေါ်ညိုက အိမ်ပြင်ပြေးထွက်ပြီး ကားနားအရော
ဆီးကြိုသည်။

မြိုင်က လှေကားမှ အေးဆေးစွာ ဆင်းလာသည်။





အောက်ထပ်ဧည့်ခန်းမှာ ဖေဖေ့မိတ်ဆွေသူငယ်ချင်း
တစ်ချို့ ရောက်နေသည် မဟုတ်လား။

ဒါကြောင့် မြိုင်က တုန်တုန်တို့ကို အပေါ်ထပ်သို့
ခေါ်ယူပြီး အေးဆေး လွတ်လပ်စွာ စကားပြောနိုင်ဖို့ ရည်
ရွယ်တာ။

ကိုယ်ကျပ်ဂါဝန် ပုလဲရောင်လေးနှင့် အပေါ်က
ဆွယ်တာအင်္ကျီ အသားရောင်လေးကို ထပ်ဝတ်ကာ ဘွတ်ရှူး
စီးထားတာ အိမ့်သဲတုန်သဏ္ဍာန်က ကလေးဆန်ပြီး ချစ်စရာ
ကောင်းနေပါသည်။

သူမရဲ့ ရွှေရောင်နှင့် ကော်ဖီရောင် ဖောက်ထားသော
ဆံနွယ်ခွေခွေလေးများကိုတော့ ဒီအတိုင်းပဲ ချထားသည်။

စီစီက ပန်းရင့်ရောင်အင်္ကျီနှင့် ဘဲလ်ပုံစံ အောက်ခြေ
ဖွာဘောင်းဘီ ပန်းရောင်ကို ခါးပတ်သေးသေးပတ်ကာ ဝတ်
ထားသည်။ ခေါင်းထက်မှာလည်း ဦးထုပ်အဝိုင်း ပန်းရောင်
လေးနှင့်...။

သူကလေးတို့ရဲ့ အပြင်အဆင်နှင့် အလှအပတွေကို
ဒေါ်ညိုပင် အငေးသား ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



တုန်တုန်က တိုက်ထဲ လှမ်းဝင်ရင်း ဘွတ်ရှူး
အသာချွတ်လိုက်သည်။ စီစီက မြိုင်လေးကို လှမ်းပြုံးပြရင်း

"မမ ... ဂွတ်မောနင်း"

သူတို့ မောနင်းက အတော်နောက်ကျလှပါပြီ။

စကားသံကြောင့် ဖေဖေ့မိတ်ဆွေတစ်ယောက်
လှမ်းကြည့်ပြီး ...

"ဟော့ ... ညည်း ... ကိုညွန့်လူ သမီးမဟုတ်လား"

"ရှင် ... ဟုတ်ပါတယ်။ ဒက်ဒီနဲ့ သိတယ် ထင်တယ်"

"အရင်တုန်းက ညည်းဒက်ဒီသင်္ဘောတစ်စင်းထဲ အ
တက်ဖူးပါတယ်။ ဘယ်လိုလဲ ကိုညွန့်လူကြီး
နေကောင်းရဲ့လား၊ မသီရိရော"

"ဟုတ်ကဲ့၊ နေကောင်းပါတယ်၊ ဒက်ဒီကတော့
အမေရိကားမှာပါ"

ကိုညွန့်လူ၊ မသီရိ ဆိုသော အမည်တွဲကြော
ဦးကောင်းမြတ် မျက်နှာမှာ အကြီးအကျယ် ပျက်သွားရပါသည်

ဒါလေးက ကိုညွန့်လူ သမီးတဲ့လား။





မြိုင်လေးနှင့် ဘယ်လို သိကျွမ်းခင်မင်နေပါလိမ့်။

"သမီး ... ညည်းသည်တွေကို အပေါ်ကို ခေါ်လေ
ကွယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဦးကောင်းမြတ်က သူ့သူငယ်ချင်းနှင့် ဝင်လာတဲ့
ကလေးမလေးကို ကြာကြာ စကားမပြောစေချင်ပုံနှင့် ဆို
လိုက်သည်။

"အဲဒါ မမရဲ့ အဖေပေါ့"

မြိုင်က လှေကားပေါ်အတူတက်လာရင်း မိတ်ဆက်
စကား ဆိုသည်။

"ဒါဆို မမတို့က သားအဖလေး နှစ်ယောက်ထဲ
နေတာလား"

"အခုဏ ဒေါ်ညိုက ဖေဖေ့ညီမ နှစ်ဝမ်းကွဲလေ"

"မိသားစု နည်းတာပေါ့နော်၊ တုန်တုန်တို့လည်း
သုံးယောက်ထဲပါ။ ဒါတောင် ဒက်ဒီက အမေရိကားမှာ အနေ
များတော့ ဒီမှာ တုန်တို့ သားအမိနှစ်ယောက်ထဲပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပဲကြည့်တော့ မမမြိုင်လေးရေ၊ အမေတစ်ယောက်ကလေး ရှိတာတောင် တုန်တုန်က အမေနဲ့ ရန်ဖြစ်သေးတာ"

"အမယ် . . . ရန်ဖြစ်တာ မဟုတ်ပါဘူးနော်"

"ဒါဆို ဘာလို့ ဟိုတယ် တက်နေတာလဲ၊ ကဲ"

"မာမီ့မျက်စိရှေ့မှာ မနေချင်လို့ပေါ့၊ စိတ်ကောက် တဲ့နည်းနဲ့ ဆန္ဒပြတာမဲ့ မှတ်ထား"

"ကဲပါ . . . ညီမလေးတို့ရယ်၊ စကားနိုင် မလုပ်ပါနဲ့တော့၊ ဒီပြတင်းပေါက်နားမှာ လာထိုင်၊ မှန်ထဲကနေ ခြံထဲက ပန်းတွေကိုလည်း လှမ်းမြင်ရတယ်။ တုန်တုန်စားချင်တဲ့ ကောက်ညှင်းပြန်ပေါင်းလည်း မြိုင်မှာထားပေးတယ်၊ ဟုတ်ပြီလား"

တုန်တုန်က သူမလက်ခလယ်မှာ ဝတ်ထားတဲ့ စိန်လက်စွပ်ပုံဆန်းလေးကို ချွတ်ပြီး စားပွဲပေါ် တင်လိုက်သည်။

"ဟယ် . . . မလုပ်ပါနဲ့၊ ပျောက်သွားဦးမယ်၊ ဝတ်ထားပါ"





"အဲဒါဆို မမက အလကား ချေးပေးထားမှာလား"

"ဒါပေါ့၊ ကိုယ့်ညီမလေးအတွက်ပဲ"

"ဟေး . . . ဒါမှ တုန်တုန့်မမ"

"ချွဲမနေနဲ့ . . . ဟင်း"

တုန်တုန်က ထုံးစံအတိုင်း လည်ပင်းကို ယှက်သိုင်းဖက်ကာ မြိုင့်ပါးကို မွှေးမွှေးပေးပါသည်။ ကိုယ့်ကို ဒီလိုတယုတယ ချွဲနွဲ့မယ့်သူ မရှိတော့ မြိုင့်ရင်ထဲ ကြည်နူး အေးမြရတာ အမှန်ပါ။ သူတို့လေးတွေကို အချိန်တိုတိုနှင့် သံယောဇဉ်လည်း ဖြစ်မိခဲ့ပြီ။

မစန်း ပြန်ရောက်လာလျှင် ကောက်ညှင်းပေါင်းနှင့် ငါးခြောက်ဖုတ် သယ်ယူလာတာမို့ တုန်တုန်က တကယ်ပဲ အကြိုက်တွေ့ကာ ဟန်မဆောင်ဘဲ နှစ်နှစ်ခြိုက်ခြိုက် စားပါသည်။

ပုံစံလေးက ဘိုဆန်ဆန် ရှိသလောက် မြန်မာအစားအစာကို ကြိုက်နှစ်သက်သည်။ ပြီးလျှင် အပေါ်ထပ်တစ်ခုံး မြိုင့်အခန်းပါမကျန် အကုန်လိုက်လံ ကြည့်ရှု စပ်စုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အခန်းတွေ အများကြီးပဲနော်၊ မမတို့ အိမ်က အထဲမှာ ပိုကျယ်သလိုပဲ၊ အပြင်က ကြည့်ရင် တိုက်ကြီးက ဒီလောက်ကျယ်မယ် မထင်ရဘူး"

ပြတင်းတံခါးတွေဖွင့်၊ ဟိုဖက်ခြံ၊ ဒီဖက်ခြံလည်း စပ်စု၊ ပြတင်းပေါက်က ခူးလို့ရနေတဲ့ မာလကာသီးတွေလည်း ခူးစားစသဖြင့် အငြိမ်မနေ သောင်းကျန်းနေပါသည်။

"မမရေ . . . အူနီသီး ချိုတယ်၊ စားကြည့်စမ်း"

"ပေးလေ . . မမ ရေဆေးပြီး လှီးပေးခိုင်းမယ်"

"ဟင့်အင်း . . . ဒီအတိုင်းပဲ ကိုက်စားမှာ"

ပြောပြောဆိုဆို အတွင်းမှာ နီနေသော မာလကာသီးကို ဒီတိုင်း ကိုက်စားရင်းက . . .

"ဟယ် . . . ဟိုဘက်ခြံက အစ်ကိုကြီး မိုက်တယ်၊ စီစီလာကြည့်စမ်း"

စီစီ့ကိုပါ ခေါ်ပြ၏။

သူမတို့ ကြည့်နေတာ ကြယ်ရောင်တို့ခြံ။

ကြယ်ရောင်က ခြံထဲမှာ ဘတ်စကက်ဘော ကစား





နေ၏။ ပထမတော့ ဒီဘက်ကို သတိမထား။ နောက်မှ မမြိုင်လေးရှိလိုရှိငြား မော့ကြည့်လိုက်တော့ မထင်မှတ်ဘဲ သူ့ကို ခေါင်းချင်းဆိုင်ပြီး စိုက်ကြည့်နေတဲ့ မိန်းကလေးနှစ်ယောက်ကို ဗြုန်းစားကြီး တွေ့မြင်သွားလေသည်။

သူ့မျက်နှာခပ်အမ်းအမ်းလည်း ဖြစ်သွားရသည်။

ထိုနှစ်ယောက်ထဲမှ ဆွယ်တာအင်္ကျီနှင့် ကောင်မလေးက တစ်စုံတစ်ရာ ကိုက်စားရင်း သူ့ကိုပါ စားမလားဟု အမူအယာနှင့် လှမ်းမေးသည်။

ကြယ်ရောင်ပြုံးပြီး ခေါင်းယမ်းလိုက်သည်။

ကောင်မလေးက သွက်လက်ရဲတင်းပုံပေါ်၏။ သူ့စိမ်းယောက်ျားလေးရယ်လို့ ရှိန်လန့်မသွား . . ။

"မမ . . . မမ . . . ဟိုမှာ တုန်တို့ကို ပြုံးပြနေတယ်၊ မနဲ့ခင်လား၊ ခြံချင်းကပ်ရက်ပဲ၊ ခင်မှာပေါ့နော်၊ ပုံစံက မိုက်ထယ်နော်၊ ရဲလေးနဲ့ တူသလိုလိုလေး . . ဟင်း . . ဟင်း"

သူတို့က မြိုင်လေးကိုပါ လက်ဆွဲခေါ်ပြသည်။ မြိုင်လေးက ကြယ်ရောင်ကို ပြုံးရင်း လက်ပြနှုတ်ဆက်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . မာလကာသီး စားမလား၊ ပစ်ပေးမယ်
ဖမ်းနော်"

သွက်သွက်လက်လက်နှင့် ကြယ်ရောင့်ကို ထောက်ထဲ
မာလကာသီး လှမ်းပစ်ပေးပါသည်။ ပထမတော့ ကြယ်ရောင်
စိတ်ထဲ ဒါ မမမြိုင်လေး သူငယ်ချင်းတွေပဲ ထင်မိတာ။ ဒါပေမယ့်
သေချာမော့ကြည့်တော့ ကောင်မလေးတွေက သူနှင့် ရွယ်တူ
မတိမ်းမယိမ်းပုံစံလေးတွေ။

မမမြိုင် သူငယ်ချင်းတော့ မဖြစ်နိုင်။

ဘယ်က ညှော်သည်တွေ ရောက်နေတာလဲ။

ဖြောင်းဆန်နေတာ ကြည့်တာနှင့် သိရသည်။ အပင်
ပေါ်က မာလကာသီးတွေလည်း ခူးလို့ ကုန်ပြီ။

သူလည်း အူကြောင်ကြောင်နှင့် ပစ်သမျှ ဖမ်းယူ
သေးသည်။

သူဖမ်းမမိဘဲ လွတ်ကျသွားလျှင် ခိုးခိုးခစ်ခစ် ရယ်သံ
တွေကြားရ၏။

"တော်ပြီဗျို့ . . . ရပြီ"





"မမ . . . သူ့နာမည်က ဘယ်လိုလဲ"

"လမင်းကြယ်ရောင်တဲ့"

"ဟာ . . . နာမည်လည်း မိုက်တာပဲ၊ ကိုလမင်း
ဆီစကတ်ဘောပြိုင်ကစားမလား"

တဆက်တည်း လှမ်းအော်မေး၏။

ကြယ်ရောင် ဘာပြောရမှန်း မသိ။ မမမြိုင်လေး ညှော်
သည်တွေမို့ အားလည်း နာသည်။

"မမ . . . အောက်ဆင်းရအောင်၊ တုန်တုန်တို့ကို
မိတ်ဆက်ပေး"

"အို . . . ဘယ်လိုတုန်း"

"လာပါ . . . မမရဲ့ . . . ရဲလေးနဲ့တူလို့ တုန်တို့
ချင်လို့ပါ . . ."

"ဒါမှ မဟုတ်ရင်လည်း သူ့ကို လှမ်းခေါ်လိုက်ပေါ့"

မြိုင်လေး အတော်အကျပ်ရိုက်သွားပါသည်။ တုန်တုန်
တာ ချက်ချင်း မိတ်ဆက်ခိုင်းတော့လည်း မတတ်နိုင်။

ပြတင်းပေါက်က ခေါင်းပြူရင်း ကြယ်ရောင့်ကို လှမ်း
ခေါ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြယ်ရောင် ခဏလောက်"

"ဗျာ"

"ဒီဖက်ခြံထဲ ခဏလာပါဦးလို့ . . ."

"ဟုတ်ကဲ့"

ကြယ်ရောင်က အဝတ်အစားပင် မလဲပဲ၊ ကစားယ တီရှပ်အဖြူ၊ ဘောင်းဘီတိုအဖြူနှင့်ပဲ မမမြိုင်လေးတို့ ခြံ လျှောက်လာရသည်။

မြိုင်တို့ အောက်ဆင်းလာတော့ ဖေဖေ့ညီ့သည် ပြန်သွားပြီ။ အောက်ထပ်မှာ လူရှင်းနေလို့ တော်သေး သူတို့လေးတွေက ဘာမှ ဆင်ခြင်ထည့်တွေးပုံမရ။

မြိုင့်မှာ နေရင်းထိုင်ရင်း မျက်နှာပူ အနေခက် သည်။

ကိုယ့် ဒီအရွယ်တုန်းကဆို ကျူရှင်သွားရင် လက် ရည် ဆိုင်ရှေ့က ဖြတ်လျှောက်ဖို့ပင် မဝံ့ရဲ . . .။

တုန်တုန်တို့ကျတော့လည်း . . .

"ကြယ်ရောင် . . . လာပါ . . . ထိုင်ပါဦး . . . ညီမလေးတွေနဲ့ မိတ်ဆက်ပေးချင်လို့ပါ"





"ညီမလေးတွေ"

"ဟုတ်ပါ့၊ အခုမှ ကောက်ရတာလေ . . . ဟင်း ဟင်း"

"ကိုကြီးက ချောလို့ . . . ခင်သွားတာ"

"သူက အိမ့်သဲတုန် တဲ့၊ တုန်တုန်လို့ ခေါ်တယ် သူက စီတဲ့ . . . မှတ်ထားဦး"

"ဟုတ်ကဲ့ . . . မမ မှတ်ထားပါ့မယ်၊ တွေ့ရတာ ပျော်စရာကောင်းပါတယ် . . ."

"ကိုလမင်း . . . မာလကာသီး ကြိုက်ရဲ့လား"

"ဗျာ . . . ကြိုက်ပါတယ်၊ ကျွန်တော့်ကို ကြယ်ရောင် လို့ပဲ ခေါ်ပါ"

"ကိုလမင်းကြယ်ရောင် ဆို"

"ဟုတ်ပါတယ်၊ ဒါပေမယ့် အားလုံးက ကြယ်ရောင်ပဲ ခေါ်ကြလို့ပါ . . ."

"ဟင်း . . . တုန်တုန်က အားလုံးနဲ့မှ မတူချင်တာ"

မျက်လုံးဝိုင်းဝိုင်းလေးနှင့် မော့ကြည့်ရင်း စောဒက တက်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင် ရှက်ရှက်နှင့် ဆံပင်တွေ သပ်တင်မိသည်

မမမြိုင်ရေးရေး့မှာ သူ့ကို အရေးပေးလွန်းတော မျက်နှာပူရတာပေါ့ဗျာ . . . မမ ဘယ်လိုထင်မလဲဟုလည် လန့်နေရသေးသည်။

ဒီချာတိတ်မလေးတွေကလည်း ဘယ်လိုမှန်းမသိ။

နှစ်ယောက်သား စူးစူးစိုက်စိုက် ဝိုင်းရှုနေကြသည်

အိမ့်ရဲ့မျက်နှာစာ အမိုးလေးအောက်မှာ ဝိုင်းဖွဲ့ထာ သွေသာ စားပွဲနှင့် ထိုင်ခုံ အဖြူလေးတွေမှာ ထိုင်မိကြသည်။

မြိုင်လေးက သူ့ကို မသိမသာ အကဲခတ်မိသည်။

မိန်းကလေး နှစ်ယောက်ရဲ့ ပျူငှါလှိုက်လှဲ အရေးပေ မိတ်ဆက်ကြမှုမှာ ဒင်းက ပြုံးစေ့စေ့ သဘောကျနေပါလာ

"ခဏထိုင်နှင့်ဦးနော် ကြယ်ရောင်၊ ကော်ဖီဖျော် မယ်"

"ဟာ . . . ကျွန်တော် သောက်ခဲ့ပြီးပြီ"

"အို . . . ကိုကြယ်ရောင်ကလည်း ကော်ဖီလေ





သစ်ခွက်များ ထပ်သောက်စေချင်ရော ဘာဖြစ်မှာ မို့လို့လဲ မမ ဖျော်သာဖျော်ခဲ့ . . . တုန်တို့ဖို့ပါ တစ်ခွက်ပို ဖျော်ပေး နော်"

"ဟင်း . . . ဟင်း . . . မထူးဘူး မမရေ . . . တကရား သာ ဖျော်လာတော့"

စီစီကလည်း ရယ်ရင်း ဝင်ပြော၏။

မြိုင် သူတို့နားမှ ထွက်ခဲ့ပြီး ဒေါ်ညို့ကို ကော်ဖီဖျော် ဖို့ ပြောလိုက်သည်။

ကြယ်ရောင်သည် ခုမှ တွေ့ရသော ကောင်မလေး တွေက မမမြိုင်အပေါ် ဆိုးနွဲ့ပိုလ်ကျနေပုံ ပေါ်တာကို သိပ် သဘောမတွေ့လှ။

ဟိုက သဘောဖြူအနူစင်းလေး . . . အိမ်မှာ ရွယ်တူ မိန်းကလေးဖော်လည်း မရှိတော့။ အခုလို လာလုံးပန်းနေတဲ့ ချာတိတ်မတွေကို လွယ်လွယ်လက်သင့်ခံ သံယောဇဉ်တွယ် ပစ်ဖို့ ဝန်လေးမှာမဟုတ်။

"နေပါဦး . . . မင်းတို့က မမမြိုင်လေးနဲ့ ဘယ်လို သိသွားကြတာလဲ . . . အရင်က ဒီမှာ မမြင်ဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တုန်တုန်ရေ . . . နှင့်အကြောင်းတွေ ပြောပြလိုက်"

"တုန်တို့က အခုလက်ရှိ (MKY)မှာ နေကြတာ"

"ဟိုတယ်မှာ နေတယ် နယ်က ရောက်နေတာလား"

"မဟုတ်ပါဘူး ဒီကပဲ"

တုန်တုန်က ဖင်အောင့်အမည်မပါပဲ သူမာမီနှင့် စိတ်ကောက်ပြီး စီစီနှင့် အတူ ဆင်းလာသယောင်ယောင်ပဲ အကျိုးအကြောင်းပြောပါသည်။

သူမကို သိပ်သဘောကျပြီး တကပ်ကပ်အလစ်မပေး တဲ့ ဖင်အောင့် အကြောင်းက ပါလို့ မဖြစ်ဘူးလေ။

"မင်းတို့က ကျောင်းတက်တုန်းလား"

"အင်း . . . အီကို စက္ကင်းရီးယား"

"ဒါဆို အိမ်ပြန်သင့်တာပေါ့၊ ဟိုတယ်မှာ ဘယ်ကောင်းမလဲ"

"ဘာလို့ မကောင်းတာလဲ"

"ပိုက်ဆံကုန်တာပေါ့ဗျာ"

"ပြီးတော့ မိန်းကလေး နှစ်ယောက်ထဲ မသင့်တော် ပတ်ဝန်းကျင်က အထင်အမြင် မှားစရာ ဖြစ်မယ်၊ မိဘသည်း အလကား စိတ်ပူနေရမယ်၊ ဒီတော့ အိမ်ကို ပြန်ပြန်"

"ဒါပဲ မဟုတ်လား . . . ဒါများ သိပြီးသားပဲ"

တုန်တုန်က မျက်စောင်းတစ်ချက်နှင့် ခပ်ဆောင့်ဆောင့်လေး ရေရွတ်နှုတ်ခမ်းဆူလိုက်သည်။

ဖူးဖူးထော်ထော် နှုတ်ခမ်းပန်းနုရောင်လေးက ချစ်စဖွယ် သို့သော် ကြယ်ရောင်ကြာကြာ မကြည့်ရဲ။

ညို့မျက်လုံးရီရီလေးတွေက ဖိတ်ဖိတ်တောက်ပြီး ရွှန်းနေသည်။

တော်ရုံလူ ရင်ထဲ ဖိုခနဲ ဖြစ်သွားစေနိုင်သည့် မျက်ဝန်းလေး တစ်စုံပါ . . ။

တုန်တုန့်အကြည့် လွှဲရင်း စိတ်ကျဉ်းကျပ်မိသည်။

ဒီမိန်းကလေး မလွယ်ပါ။ မမမြိုင်လေးတော့ လူပေါင်းမှီထင်သည်။ ဒါလေးတွေက မမမြိုင်ကို စိတ်အနှောင့်အယှက်ပေးမှာ သေချာနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကြယ်ရောင်"

"ဗျာ"

"နောက်နေ့တွေ တုန်တို့လည်း ဘတ်စကတ်ဆေ လာကစားမယ်လေ . . . ရမလား"

ကြယ်ရောင်ခေါင်းညိတ်သည်။

မရဘူးပြောလို့ဖြစ်မလား။

"ကိုကြယ်ရောင် ဘယ်မှာ ကစားတာလဲ သထုံ မှာလား"

"ဟုတ်ပါတယ်"

"ညနေပိုင်းလား"

"အဆင်ပြေသလို သွားလိုက်တာပါပဲ"

"တုန်တို့ ဖုန်းနံပါတ်ယူထားလေ"

သူတို့ ဖုန်းနံပါတ်ယူမှတော့ ကိုယ့်ဖုန်းလည်း ပြီပဲပေါ့"

"ပျင်းရင် ဖုန်းဆက်လိုက်မယ်"

"ရပါတယ်"





"ကိုကြယ်ရောင်လည်း ဆက်ရမယ်နော်"

"ကိုယ်က သိပ်တော့ မအားဘူး . . ."

"အံမယ်၊ မရပါဘူးနော် . . . တစ်နေ့ ဆယ်မိနစ် ဆယ့်ငါးမိနစ်ကတော့ ပြောရမှာပဲ"

ကြယ်ရောင်ပြုံးစိစိဖြစ်လာရသည်။

သူတို့နှင့် နေ့တိုင်း ဖုန်းပြောရမလိုဖြစ်နေပါလား။

မိတ်ဆွေသစ်တွေက အမိန့်ပေးနေပြီ။ ချွဲနွဲ့သော အမိန့်ဖြစ်တာမို့ ငြင်းဖို့က မလွယ်ကူပါ . . ။

ခဏလောက် အကြာမှာ မမမြိုင်လေး ပြန်ရောက်လာသည်။

ထို့နောက် ကော်ဖီအတူသောက်ရင်း စကားလက်စုံကျသွားပါသည်။ ကြယ်ရောင်က သိပ်ပြောတာမဟုတ်။

ဟိုကောင်မလေးနှစ်ယောက်က အလုအယက် စပ်စုတာ

"ကြယ်ရောင့် အဘွားက ရှမ်းအစားအစာ တအား ကောင်းတာ၊ အင်းလေး မုန့်တီဆို ညီမလေးတို့ လျှာလည်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် . . . ဟုတ်လား မမ . . . အင်းလေး စာတွေ တုန် ကြိုက်တယ်၊ ကိုကြယ်ရောင့် အဘွားနဲ့ ခင်ထားမှ ဖြစ်မှာပေါ့"

မြိုင်လေးက အဆင်းမှာ ဘီးတပ်တော့ ပိုဆိုးနေသည်။

ဒီလို အရောက်ပို့ရင်တော့ သိပ်မကြာခင် ဒီနှစ်ယောက် အိမ်ထိ ရောက်လာလိမ့်မည်ဆိုတာ ကြယ်ရောင် သိသည်။

"မမ ကိုကြယ်ရောင်မှာ ရည်းစားရှိလား"

"အို . . . အဲဒါ . . . ကျုပ် ဘယ်လိုသိမှာလဲ . . . သူ့ မေးကြည့်လေ"

"ရှိတယ်ဗျို့ အများကြီးပဲ"

"ဖကာတင်ရွေးနေတာ ထင်တယ် . . . ဟင်း . . . ဟင်း"

"အများကြီးကတော့ လွန်တာပေါ့၊ သက်စေ့လောက် တော်ရောပေါ့ . . . ကိုကြယ်ရောင် သုံးဆယ်ပြည့်ပြီလား"

"အောင်မယ်လေးဗျာ ခုမှ နှစ်ဆယ့်တစ်ပြည့်ပြီးတာ"

"ဒါဆို တုန်တို့နဲ့ သိပ်မကွာဘူး၊ ကိုကြယ်ရောင် မွေးနေ့က ဘယ်လလဲ"





"ဘာလုပ်မလို့လဲ၊ ဗေဒင်တွက်ကြည့်မလို့လား"

"ဒါပေါ့ . . . တွက်သင့်ရင် ,တွက်ရမှာပေါ့"

"ကျွန်တော့်ကိုလည်း ဗေဒင်က ဟောထားတယ်။ ကလေးတွေ မေးရင် ဘာမှ အမှန်အတိုင်း မပြောနဲ့တဲ့"

"ညာပြောတာပဲ ယုံတော့မယ် ပြောပြော၊ မွေးနေ့ ဆိုရင် မုန့်ဝယ်ကျွေးရမှာ စိုးလို့ထင်တယ်"

"သူ့မွေးနေ့က မေလမှပါ"

"ဟာ မမမြိုင်က လုပ်ပြီ"

ကြယ်ရောင် မျက်နှာရှုံ့မဲ့သွား၏။

သူ့မွေးနေ့ကို မမခေါင်းထဲ ရှိတာကတော့ သဘောကျ ပါသည်။ ထို့အတူ မွေးနေ့ ရောက်လျှင်လည်း မမနှင့် ယောက်ထဲသာ ကျင်းပချင်တာပါ။

ခုလိုပုံနဲ့ဆို အရှုပ်မလေးတွေနှင့် ပြဿနာ။

"ဒါဆို သကြန်ပြီး နောက်လ ကိုကြယ်ရောင် သကြန် ရောက်ရင် လျှောက်လည်မယ်နော်"

"ဟာ အဲဒါ ကျွန်တော် ဝါသနာမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အို . . . အတာပွဲဆိုတာ လူတိုင်းပျော်တာပဲ"

မြိုင်လေးကတော့ သူတို့ အချီအချ ပြောဆိုနေသ...

...ဘေးကနေ ဝိုင်းရယ်မိသည်။

ဒီကောင်မလေးတွေနှင့် တွေ့မှ ကြယ်ရောင်လည်း...

ဖြူနေရပြီ . . .။

ဒါလေးတွေက ထင်ရာစိုင်းကလေးတွေ။

ကြယ်ရောင် လွတ်အောင် ရှောင်နိုင်ပါ့မလား။

သူနှလုံးသားက မြားနတ်မောင် ပစ်သမျှ အချစ်မြှား...

...တွေ အားလုံး လက်ခံနေကျဖြစ်မှာပါ။

မြိုင်လေးသည် ကိုယ်ဘာမှမတတ်နိုင်သည့် ကိစ္စ...

...ဘေးကနေ ကြည့်နေဖို့သာ ဆုံးဖြတ်သည်။

အထူးသဖြင့် တုန်တုန်လေး ကြည့်ရတာ မျက်...

...ကလေးတွေ တဖျပ်ဖျပ် လုပ်ပြီး ကြယ်ရောင့်ကို အလွန်အ...

...စိတ်ဝင်စားနေလေပြီ။

ပြီးတော့ သူတို့အရွယ် ဆယ်ကျော်သက်ဆိုတာ ...

...လှုပ်ခတ်ခတ်အရွယ်မျိုး။





သတ္တိရှိရှိ ရဲရဲရင့်ရင့် အချစ်မျိုးတွေ ရှင်သန်ပေါက်ဖွားတတ်တဲ့အရွယ်။

ကြယ်ရောင်က တုန်တုန်တို့ မေးသမျှဖြေရင်း သူ့အကြည့်က မြိုင်လေး မျက်နှာဆီသို့သာ ဝေ့ဝဲ ရောက်ရှိနေရသည်။

မြိုင်ကလေးကတော့ ဘာမှ မရိပ်မိချေ။



www.burmeseclassic.com

www.burmeseclassic.com

တနင်္ဂနွေညနေခင်းမို့ တိမ်တောက်ချိန်လေးမှာ အင်းလျားကန်ဘောင်ပေါ် လူစည်ကား များပြားနေသည်။

ပန်းဖူးအိမ်ကို ရောက်နေတဲ့ အချိန်မှာ တုန်တုန် စီစီတို့ကားလေးနှင့် ရောက်လာကြသဖြင့် အပျင်းပြေဆို ကန်ဘောင်ဘက်ထွက်လာခဲ့ကြတာ ဖြစ်သည်။

ပန်းဖူးက သူမအနီးမှာ ထိုနှစ်ယောက်ကောက် ငှင်ကာ ရောက်လာပုံကို စိတ်ဝင်စား အံ့ဩနေသည်။

သွက်လက်မြူးပျသော သူမလေးတို့ကြောင့် မြိုင် တို့ ပေါ့ပါး ဖျတ်လတ်သွက်လက်လာသယောင် ရှိသည်။

''မမမြိုင်လေး''

''ဟင်''





''စွန်တွေ အများကြီးပဲနော်၊ ကြည့်ပါဦး မမတို့ စွန် လွှတ်ကလေးတတ်လား''

''မတတ်ပါဘူး''

''တုန် စွန်လွှတ်ချင်တယ်''

''ကောင်းပါ့မလား တုန်တုန်ရယ်၊ အဲဒီနားမှာ ယောက်ျားလေးတွေချည်းပဲ''

''ဒါဆို တုန်နဲ့ စီစီ သွားကြည့်မယ်၊ မမတို့ နှစ် ယောက် အကြော်ဆိုင်က ထိုင်စောင့်ပေါ့''

''အင်း . . သွားလေ၊ အကြာကြီး မလုပ်နဲ့နော်''

''အင်းပါ မမရဲ့ စိတ်ချပါ၊ တုန် ဇင်အောင်နဲ့ လာ ကစားနေကြပါ''

''ဟုတ်လား။ ဒါဖြင့်လည်း သွားပါစေ မြိုင်ရယ်''

တုန်တုန်နှင့် စီစီ လက်ဆွဲကာ ပြေးထွက်သွားလျှင်

''မျက်စိကို နောက်နေတာပဲ၊ နင် သူတို့နဲ့ ဘယ်လို ပေါင်းဖြစ်နေတာလဲ''

''ခင်မင်စရာလေးတွေပါ ပန်းဖူးရယ်''



www.burmeseclassic.com

www.burmeseclassic.com



ပန်းဖူးက နှုတ်ခမ်းတစ်ချက် မဲ့ပြီး . . .

"ငါတို့ ငယ်ငယ်တုန်းကနဲ့ တစ်ခြားစီ တော်တော်ကဲတဲ့ ဟာလေးတွေ"

"သူတို့ ခေတ်နဲ့ သူတို့ကိုဟဲ့"

"နင်က ကြယ်ရောင်နဲ့ မိတ်ဆက်ပေးတယ်ဆို၊ အေမ ဘာလို့ သွားမိတ်ဆက်ပေးတာလဲ"

ပန်းဖူးက မကြေမချမ်း အပြစ်တင်သည်။

"သူတို့လည်း ကြယ်ရောင်ကို ဘတ်စကတ်ဘောဝါသနာပါတယ်ဆိုလို့ပါ"

"အမယ်လေး . . . အဲဒါ လမ်းထွင်တာဟဲ့၊ ကြည့်လိုက်နော် မိန်းမ၊ နင့် ကြယ်ရောင်ပါသွားမှာ မြင်ယောင်သေး တယ်"

"ပါလည်းပါပေါ့"

"စိတ်ထဲကပါမှ ပြောနော်၊ နောက်မှ ကြိတ်ငိုမနေနဲ့"

"သူတို့တွေက ရွယ်တူမယိမ်းမယိမ်းလေးတွေပဲ ဟယ်၊ သူတို့ချင်းပဲ စိတ်ဝင်စားမှာပေါ့"

"လုပ်မနေနဲ့၊ ဒီမှာ ငါပြောမယ်၊ နင် ကြယ်ရောင်





ဲ့ ကြိုက်နိုင် ခုကတည်းက ပွင့်လင်းလိုက်၊ ကြိုပြီး ချိတ်ားလိုက်"

"အို . . . သူ့ကို ဘာလို့ ချိတ်ရမှာလဲ"

"ဒါမှ စိတ်ချရမှာပေါ့၊ ငါ သတိပေးထားတယ်နော်င်း နင် မြို့စိစိ လှုပ်တုတ်တုတ်နဲ့ နောက်ဆုတ်ပေးဖို့ မစဉ်းနဲ့ ကြယ်ရောင် နင့်ကို ပိုပြီး move မှစ် ဖြစ်တာ ငါတိထားမိတယ်၊ စကားပြောရင် နင့်မျက်နှာပဲ စိုးစိုးငေးနော"

"မဟုတ်တာတွေ ပန်းဖူးရယ်"

"ငါကတော့ ကြယ်ရောင်ကို ငါ့သူငယ်ချင်းနဲ့ပဲဘာတူတယ် အခုမှ လာကပ်နေတဲ့ ဟိုကောင်မလေး တွေတ်ထဲ မတော်တဆ ပါသွားမှာစိုးလို့ ပြောနေရတာ၊ည်းနည်းပါးပါး နားဝင်စမ်းပါ မြင်ရယ်၊ အတီးအတ လုပ်နေပါနဲ့"

ပန်းဖူးက ဘေးက ပူပူပန်ပန် ပျာယာခတ်နေသည်။ ဒါတောင် သူတို့ ကြယ်ရောင်နှင့် ညတိုင်းလိုလို ဖုန်းပြောနေတာ မသိသေးလို့ . . .။



www.burmeseclassic.com

www.burmeseclassic.com



စွန်လွှတ်မယ်ဆိုပြီး တိုးတိုးကြိတ်ကြိတ်ထွက်သွား သော တုန်တုန်တို့သည် သထုံလမ်းမှာ လေ့ကျင့်ကစားပြီး ကင်န်တင်းထိုင်နေသော ကြယ်ရောင့်ထံ ဖုန်းဆက်ကြသည်။

ကန်ဘောင်ပေါ်လာခဲ့ဖို့ ချိန်းကြ၏။

ကြယ်ရောင်က မမမြိုင်လေး ပါတယ်ဆိုသဖြင့် လာခဲ့ဖို့ လက်ခံလိုက်သည်။

သိပ်မကြာမီမှာပင် အင်းလျားကန်ဘောင်ရဲ့ ကားစတန်းကို ကြယ်ရောင်ကားလေး ရောက်လာသည်။

မျက်နှာအဆီပြန်ပြီး ဆံပင်တွေ ပွနေမလား၊ ကားမှန်မှာ တစ်ချက် သပ်ယပ်အောင်ကြည့်ပြီး လက်နှင့် ဆံပင်တွေ ထိုးသပ်လိုက်သေးသည်။

မဖမြိုင်လေးရှေ့မှာ မသပ်မယပ် မဖြစ်စေချင်ပါ။

ထိုအချိန်မှာ တုန်တုန်တို့က ရေခဲမုန့်ခွက်လေးတွေ ကိုယ်စီနှင့် သွက်သွက်လက်လက် ရောက်လာကြပါသည်။

"မမမြိုင်ရော"

"ဪ . . . ဒီမှာ ရေခဲမုန့် မြန်မြန် ယူစမ်းပါဦး အရည်ပျော်ကျတော့မှာပဲ"





"ဟဲ . . ဟဲ ရေခဲမုန့်က နင့်လိုပဲ တုန်တုန်ရဲ့ အရမ်း အရည်ပျော်လွယ်တာပဲ"

"အံမယ် . . . လွယ်တော့ ဘာဖြစ်လဲ၊ မြန်မြန်စား လိုက်ရုံကို ကြယ်ရောင်ရယ်၊ မဟုတ်ဘူးလား"

သူ့ဝဖို့လက်ထဲ အတင်းလာထည့်သဖြင့် ကြယ်ရောင် သည်း ရေခဲမုန့်ကို ပါးစပ်နား မြန်မြန်ပို့ရတာ အမှန်ပါ။

သူမတို့နှင့်တွေ့တိုင်း သူပါ ယောက်ယက်ခတ် သွား ရစမြဲပါ။

"မမမြိုင် မပါဘူးလား"

"မပါဘူး၊ ရှင့်ကို ညာခေါ်တာ"

"ဟာဗျာ"

"ရှင်က တုန်တို့ချည်းပဲ ဆိုမလာဘူးဆိုတဲ့ သဘော သား"

"အဲလို မဟုတ်ပါဘူးဗျာ"

"ဒါဆို အကြော်လိုက်ကျွေး"

လက်ကို ဆွဲခေါ်မတတ် တစ်ဘက်တစ်ချက် ခြံရံ လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားပုံက တွင့်စ်အင်္ကျီ ဂုတ်သိုင်းကြီးလေးနှင့် အသားကပ်ဘောင်းဘီအကျပ်လေးပေါ်ကမှ စကာဒ်အတိုက ထပ်ထပ်၊ မြင်သမျှလူတွေက တုန်တုန်အလှအပမှာ ဝေးသွားသည်။

အသားဖြူပုံ၊ ကိုယ်လုံးပိန်သွယ်ပုံလေးကလည်း နန်းဆုရတီနှင့် ဆင်တူတော့ ဝေးချင်စရာ ရုပ်ကလေးပါပဲ။

စီစီကလည်း သူမနှင့် သိပ်မသဲကွဲသော အဝတ်အစားမျိုးနှင့်ပါပဲ။ ရုပ်ချင်းသာ နည်းနည်းကွဲပြားတာ။ အပြင်အဆင်က တူနေသည်။

မချောနှစ်ယောက် အလယ်ကနေ မိုးကာသားလို ဘောင်းဘီရှည်အဖြူ ပခုံးနှင့် လက်တလျှောက် လိုင်းစင်းအဖြူပါသော အင်္ကျီငှက်ပျောညွန့်ရောင် ဂျာကင်နှင့်မို့ အရမ်းမြင့်သော ကြယ်ရောင်ကလည်း မင်းသားတစ်ယောက်လို ဖြစ်နေရာ ပန်းဖူးမှာ အတော် မျက်စိစပါးမွေး စူးသွားရသည်။

"ဟော . . . ပြောရင်း နင့်မောင်တော်ပါလာပါပြီ"

"သူတို့ ဘယ်အချိန်က ကွန်တက်လုပ်လိုက်တာလဲ"





"အို . . . ဖါလည်း ဘယ်သိမှာလဲ၊ ဒါကြောင့် နင့် ကို ပြောတာ"

"တိတ်တိတ်နေပါ ပန်းဖူးရယ်၊ လျှောက်မပြောစမ်းပါနဲ့"

"ငါ့ပါးစပ်က ပိတ်လို့ရတယ်၊ နင်သာ ကြာရင် ကျန်ခဲ့မှာ"

ပန်းဖူးက တိုးတိုးကြိတ်ကြိတ် ရှုဖွဖွလုပ်နေဆဲ ကြယ်ရောင်တို့ ကစားပွဲဆီ ရောက်လာသည်။

သူ့ရင်မှာတော့ မြိုင်လေးကို မြင်ရသည်မှာ ကြည်နူးအေးမြသွားရပါသည်။

သူ ရောက်လာကျိုးလည်း နပ်သွားသည်ဟု ဆိုရမည်။

မမြိုင်လေးနှင့် သူနှင့် ခုတလောအိမ်မှာပင် မတွေ့ဖြစ်ဘဲ လွဲလွဲနေသည်။

မြင်ချင်နေတဲ့ မျက်နှာလေးကို မွတ်သိပ်လွမ်းဆွတ် စွာ ကြည့်မိသည်။

မမြိုင်လေးက အင်္ကျီဖြူလွလွနှင့် စကာဒ်ကြိုးချည်



www.burmeseclassic.com

www.burmeseclassic.com



ဖားဖားလေးနှင့် ငြိမ်သက်စွာ ထိုစရင်း သူ့ကို ပြုံးမော့ကြည့်သည်။

"ထရိန်နင်ဆင်းနေတာလား။ ဘယ်လို တွေ့လာကြတာလဲ"

"တွေ့တာ မဟုတ်ဘူး မမရေ၊ တုန်တုန်လို့ ဖုန်းဆက်ပြီး မီအောင် ဖမ်းတာ၊ ကဲ ... အခုတော့ ဒကာတွေ့ ပြီး စီစီ စားချင်တာမှာပေါ့"

သူတို့ဝိုင်းမှာ မိန်းကလေး လေးယောက်နှင့် ယောက်ျားလေးတစ်ယောက် ဖြစ်သွားရသည်။

ဒါပေမယ့် စကားတွေတစ်ယောက် တစ်ပေါက် ညံစီနေတဲ့ကြားမှာ သူက မြိုင်လေးဖက် ဆလတ်ပန်းကန် တွန်းပို့ဖို့ မမေ့။ မြိုင်လေးကိုင်မော့သောက်လိုက်တဲ့ ရေနွေးကြမ်းပန်းကန်ကို ကုန်တာနှင့် ပြန်ဖြည့်ပေးဖို့ အသင့်။

မိန်းမလှလေး နှစ်ယောက်ကြားမှာ တကယ်ဆို အာရုံတွေ ထွေပြားရှုပ်ထွေးနေသင့်တာပါ၊ ဒါပေမယ့် သူ အာရုံက ထူးဆန်းစွာ မြိုင်လေးတစ်ဦးတည်းပေါ်မှာ မပြောင်း မလဲဘဲ ရှိနေဆဲပါ။





မြိုင်လေး ရင်မှာ မယုံနိုင်အောင် ပျော်ရွှင်ကြည်နူးသွားမိသည်။

ကြယ်ရောင်ကလည်း ဘယ်သူမှ မမြင်အောင် သူ့မမျက်လုံးထဲ ချိုရီစွာ ကြည့်လိုက်သည်။

နှုတ်က ဖွင့်မပြောပေမယ့် သူ့အချစ်ဟာ အစမ်းသပ်ခံနိုင်ကြောင်း အလွန်စစ်မှန်ကြောင်းကို မမမြိုင်လေး သိစေချင်ပါသည်။

မိန်းမငယ်လေးတွေ အများကြီးကြားမှ သူ စွဲလန်းနှစ်သက်ရတာ ဒီကမမမြိုင်လေးပါ။ သူ့နှလုံးသားက တောင့်တလိုချင်တပ်မက်နေတာ မြိုင်လေးရဲ့အချစ်ပါ။

နားလည်ပါလား မမမြိုင်လေးရယ်။

ကျွန်တော် အရမ်းချစ်နေမိတယ်။

✳✳ ✳✳ ✳✳



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ ပြောပါ။ ကျွန်တော် (MKY) ဟိုတယ်က မန်နေဂျာ ကိုမျိုးပါ"

"ဪ မောင်မျိုးကို အန်တီ တစ်ခုစုံစမ်းချင်လို့ပါ"

"မေးပါခင်ဗျာ ရပါတယ်"

"မင်းတို့ ဟိုတယ်မှာ အိမ့်သဲတုန်ဆိုတာ ရှိတယ် မဟုတ်လား"

"ခင်ဗျာ"

"စာရင်းထဲကြည့်ရင် သိမှာပါ၊ အဲဒါ အန်တီ့သမီး လေးပါ၊ အခု ဟိုတယ်မှာ အနေကြာရင်းနဲ့ ပိုင်ရှင်သမီးနဲ့ တောင် ခင်နေပြီလို့ အန်တီ သတင်းရတယ်၊ ပိုင်ရှင်သမီးနဲ့ စကားပြောရရင်လည်း အန်တီ ပြောချင်တယ်ကွယ်"





"ဪ . . . ဟုတ်ကဲ့ ရပါတယ်၊ ကျွန်တော် ချိတ် ပေးလိုက်ပါ့မယ်၊ မမကြီး ရုံးခန်းမှာ ရှိပါတယ်"

"အေးကွယ်၊ သင်္ဘော်ယူပါ"

ပြီးလျှင် တီးလုံးသံချိုချိုနှင့် ဖုန်းထူးသံလေး ထွက် ပေါ်လာသည်။

"မင်္ဂလာပါရှင်၊ အမ့်အေဝိုင်ဟိုတယ် ရုံးခန်းကပါ"

"အဲဒီမှာ ဟိုတယ်ပိုင်ရှင်ရဲ့ သမီးရှိပါသလားကွယ်"

"ရှင် . . ဟုတ်ကဲ့ ကျွန်မပါပဲ"

"သမီးလား . . . အန်တီက အိမ့်သဲတုန် အမေပါ၊ သမီးကို ကူညီစောင့်ရှောက်တာ ကျေးဇူးတင်ကြောင်း ပြော ချင်လို့"

"ကျွန်မတို့ ဟိုတယ်က ဒီလိုမျိုး ဧည့်သည်တွေကို ပျူပျူ ငှာငှာနဲ့ ဝန်ဆောင်မှုပေးပါတယ်ရှင်"

"သမီးက တုန်တုန်တို့နဲ့ လူချင်းပါ ရင်းနှီးနေပြီဆို"

"ဟုတ်ပါတယ်ရှင်"

"အန်တီ့သမီးက တုန်နေအောင် အချမ်းမိရတော့



www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းဆိုးတယ်၊ သည်းခံပေးပါ၊ တုန်တုန်က အမေနဲ့ တစ်ခါမှ ခွဲနေဖူးတာ မဟုတ်တော့ အန်တီက စိတ်ပူတယ်၊ သူက တကယ်ကလေးစိတ်လေ''

ထို အန်တီကြီးအသံမှာ ချိုသာသော်လည်း ကြည်လင်ပြတ်သားစွာ သြဇာရှိနေပါသည်။ ကြည့်ရတာ ထက်ထက်မြက်မြက်ရှိတဲ့ အမျိုးသမီးတစ်ဦးဖြစ်မည်။

အေးမြပြီး သြရှရှဖြစ်နေတဲ့ အသံက မြိုင်ကြော့ ရင်ထဲကို တစ်မျိုးတစ်ဖုံ ဖြစ်သွားစေသည်။

''ကျွန်မ သိနေပါပြီ အန်တီ၊ တုန်တုန်တို့ကို ခင်လည်း ခင်ပါတယ်၊ သူသူငယ်ချင်း စီစီလည်း ပါတယ်၊ စိတ်ချပါ''

''ဒါပေမယ့် ဟိုတယ်ပေါ်မှာ သိပ်ကြာရင် မကောင်းဘူးမို့လား။ အန်တီလည်း သူ့ကို လာခေါ်ချင်ပါတယ်။ တဆိတ်လောက် ဖြောင်းဖြပေးပါဦး''

''တုန်တုန် ပူဆာထားတယ်ဆိုကဲ့ ကိစ္စ နည်းနည်းညှိနှိုင်းကြည့်မယ်ဆိုရင် ဖြစ်နိုင်ပါတယ် အန်တီ''

''အို . . . အဲဒါ မဖြစ်ဘူး၊ အန်တီ သူ့ကို နိုင်ငံခြား





မလွှတ်နိုင်ဘူး၊ အန်တီ့မှာ ဒီသမီးလေးတစ်ယောက်ပဲရှိတာ၊ ဟိုရောက်ရင် ဒင်းက ပြန်လာမှာကို မဟုတ်ဘူး၊ ဟိုမှာနေချင်တာလေ၊ အန်တီလည်း သူနဲ့ လိုက်မသွားနိုင်ဘူး။ ကိုယ့်မြန်မာပြည်မှာပဲ ဘုရားသွားကျောင်းတက် အေးအေးလူလူ ခေါင်းချချင်တယ်၊ အန်တီလည်း မိသားစုကိစ္စတွေ ပြောနေမိတယ်၊ ဪသမီး အချိန်ရရဲ့လား''

''ရပါတယ်၊ တုန်တုန်တို့ကို မြိုင်လည်းခင်နေပါပြီ''

''သမီးနာမည်က မြိုင်လား''

''မြိုင်ကြော့ယဉ်ပါ အန်တီ''

''မြိုင်ကြော့ယဉ်''

ဖေါ်သိရိုကျော်က သံယောင်ရေရွတ်ရင်း တစ်ခဏမျှ အသံတိတ်သွားသည်။

''အန်တီ''

''ဩော် . . . အေး . . . သမီးနာမည်က နားလ ရင်းနီးနေလို့ပါ''

''ရှင်''

ထို အန်တီကြီးဆီမှ မမျှော်လင့်သော စကားတစ်ခွန်း

www.burmeseclassic.com



ကို ကြားရလျှင် မြိုင့် ရင်ထဲ ဆူညံမြည်ဟီးကာ ပေါက်ကွဲ
သွားသလို ခံစားရသည်။

"အန်တီရဲ့ ဆုံးသွားတဲ့ သမီးလေးတစ်ယောက်
နာမည်နဲ့ တူနေလို့ပါကွယ်၊ ဖြူးနှစ်ကျော်မှာ ဆုံးသွားရှာတယ်
လေ၊ အဲဒီ ကလေးက ကံမကောင်းရှာပါဘူး"

"ဪ"

သူမ ရင်ထဲ တစ်မျိုးကြီး ထုန်တုန်ရီရီလည်း ဖြစ်သွား
ရ၏။

"ဟို . . . အန်တီနာမည်က"

"အေး . . . ဟုတ်သားပဲ၊ ပြောဖို့ မေ့နေတာ၊ ဟင်း
ဟင်း အန်တီက ဒေါ်သီရိကျော်ပါ၊ နောင်လည်း ကိစ္စရှိရင်
ဆက်သွယ်ပါ၊ ကိစ္စမရှိလည်း သမီး အားလပ်တဲ့အချိန် အန်တီ
စကားပြောချင်ပါတယ်"

ဒေါ်သီရိကျော် . . . ဘုရားရေ . . . ဒါ တိုက်ဆိုင်
မှုလား။ မဖြစ်နိုင်ပါဘူး။

သူ့ရဲ့ ဆုံးသွားတဲ့ သမီးလေးက မြိုင်ကြော့ယဉ်တဲ့။

ဒီ . . . ဒါဆို မေမေ မေမေများလား။



မေမေ့ရုပ်သွင်ကို အလွန်အမင်း မြင်ချင်လာသည်။

မြိုင်ကြော့ ရင်တို့က တဒိန်းဒိန်း တုန်ခါနေပြီး မူးမိုက်
သွားမိတော့မလို ခံစားရ၏။

ဒါဟာ မေမေ့အသံပဲလား။ မေမေ ပြောနေတာလား။

"ဟက်လို . . . ဟက်လို"

"ရှင် . . . အန် . . . အန်တီ"

"သမီး အလုပ်များနေရင် နောက်မှ ထပ်ခေါ်မယ်
နော်"

"ရှင် . . . ဟုတ် . . . ဟုတ်ကဲ့"

သူမ အယောင်ယောင်အမှားမှားနှင့် ကတုန်ကယင်
ကြီးဖြစ်သွားရလေသည်။

သူမရင်ထဲမှာ "မေမေ" ဟု ခေါ်ချင်နေတာ သိပ်
ကြာမြင့်ခဲ့ပါပြီ။

✻✻ ✻✻ ✻✻

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

မြိုင်ကြော့က အဘွားဆွမ်းတော်ကပ်မည့် သြဇာသီး နှင့် ပန်းသီးများကို ရေစင်စင်ဆေးလျက် ဖန်ပန်းကန်ပြားထဲ စီစီရီရီ ထည့်နေသည်။

ဒီဘက်အိမ်ရောက်တုန်း အဘွားကို ကူညီနေတာပါ။ မြိုင်လည်း ကုသိုလ်ရတယ် မဟုတ်လား။

"အဘွား . . . ပန်းအိုးတွေ မြိုင်သယ်ပေးမယ်၊ ဒီမှာပဲ ခဏထားဦး"

"အေးပါကွယ်၊ သမီးလေးကို ကျေးဇူးတင်ပါတယ်"

ဒေါ်နန်းမုံက သူ့ဝေယျာဝစ္စတွေ ဝိုင်းဝန်းကူညီပေးသော မြိုင်လေးကို သဘောကျကြည်နူးစွာ ကြည့်နေမိသည်။





မိန်းကလေးပီသပြီး လိမ္မာရေးခြား ရှိသူလေး။ အဘွား မျက်စိထဲ အတော်တွေ့နေတာ ကြာပြီ။

မြေးလေးအပေါ်လည်း သံယောဇဉ်ကြီးတာ သိသည်။

အဘွားသည် မြိုင်လေးကို တစ်စုံတစ်ခု ပြောဖို့ သတိရသွားပြီး . . .

"ညက ကောင်းကောင်းအိပ်မယ်ကြံရင် ဘယ်က ဖုန်းလည်း မသိဘူး၊ နှောင့်ယှက်နေတယ် သမီးရယ်"

"ဟင် . . . ဟုတ်လား"

"ကြယ်ရောင်လေးကို ခေါ်တာ ဖြစ်မယ်၊ အဘွား ကိုင်လိုက်ရင် အသံမပေးဘဲ ပြန်ချသွားတယ်၊ ပြီးရင် ပြန်ခေါ် အဘွားထူးရင် ချပစ်နဲ့၊ ခဏခဏပဲကွယ်၊ ညကြီးမိုးချုပ် ဘယ်လိုဟာလေးတွေမှန်း မသိဘူး၊ ကြယ်ရောင်ကလည်း ဖုန်းပိတ်ပြီး ပြန်ဖွင့်ဖို့ မေ့နေသလားမသိပါဘူး၊ အဘွား သွားကြည့်တော့ သူ့အခန်းထဲမှာ အိပ်ပျော်နေပြီ။ ကလေးတွေ များတယ်ခက်တာပဲ။ လူကြီးသူမရှိနေတာကိုတောင် ဂရု မစိုက်ချင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



"အဘွားရယ် . . . ဖုန်းမှားနေတာ ဖြစ်မှာပါ"

"ဘယ်က မှားရမလဲ၊ မိန်းကလေးတွေရယ်သံ အဘွားကြားတယ်၊ မိန်းကလေးတွေပဲ ဆက်တာ ဖြစ်မယ်"

"ဟုတ်ပါ့မလား"

မြိုင်ကြော့က ဇဝေဇဝါ ဒါဆို တုန်တုန်လေးများ လား ဖြစ်တော့ ဖြစ်နိုင်သည်။

"ကြယ်ရောင်လေး မကိုင်မချင်း ခေါ်နေတဲ့ပုံမျိုး"

"ဒါဆိုလည်း ကြယ်ရောင့်သူငယ်ချင်းတွေ ဘာတွေ ဖြစ်မှာပေါ့"

"ဘယ်သူပဲဖြစ်ဖြစ်လေကွယ်၊ အကျိုးအကြောင်း ပြောဆိုမေးမြန်းလို့ ရတာပဲ၊ အခုဟာက မခန့်လေးစားလုပ် ဘာ၊ ဖုန်းကိုင်တဲ့ အဘွားကြီးကို အရူးလုပ်နေတာ"

အဘွားက မကျေမနပ် ဖြစ်နေပါသည်။

မြိုင်ကြော့လည်း ဘာပြောရမှန်း မသိပေ။

ဒီလိုတော့လည်း မဖြစ်သင့်ပါဘူး။

တုန်တုန့်ကို မေးကြည့်ရင် ကောင်းမလား။





မြိုင် တွေဝေစဉ်းစားနေမိသည်။

"နောက်တစ်ခါ နှောင့်ယှက်ရင်တော့ မလွယ်ဘူး"

"နှောင့်ယှက်မှာ မဟုတ်ပါဘူး၊ အဘွား အထင်မှားတာလည်း ဖြစ်ချင်ဖြစ်နိုင်မှာပါ"

"ဟင့်အင်း . . . အဘွား သိကို သိတယ်"

ဒေါ်နန်းမုံက အခိုင်အမာ . . .။

"အဟင်း . . . အဲဒါ အဘွားမြေး ကြယ်ရောင်က ဖာတ်လမ်းရှုပ်ထားလို့ နေမှာပေါ့"

ခြေသံကြားသဖြင့် ကြယ်ရောင်နိုးလာပြီဆိုတာ သူ သိသည်။

"ဟော့ . . . မမမြိုင်လေး"

"ဟင်"

ထင်တဲ့အတိုင်း နောက်ဖက်သို့ ကြယ်ရောင် ရောက်လာသည်။

"မနက်စောစောစီးစီး ဘာတွေ ကျွန်တော့် အကြောင်း အုပ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ပြဿနာတွေပေါ့၊ အဘွားဆီ ဖုန်းတွေ ဝင်လာနေလို့တဲ့၊ ရှင်ကမှ ကိုယ့်ဘာသာ ရှင်းမထားဘဲ"

"ဟာ . . . အဓိပ္ပါယ် မရှိတာ"

"ကဲပါ . . . မျက်နှာသစ် မုန့်စားပါဦး ပြီးမှ ပြော"

"ဟုတ်တယ် မြေးလေး . . . နောက်မှ ပြောမယ်၊ ဒီနေ့ ရွှေတောင်ခေါက်ဆွဲ ချက်ထားတယ်၊ ပူပူလေးစားစမ်း"

"ဟာ . . . ဒါဆို မိုက်တပေါ့"

ကြယ်ရောင်က ဗေစင်မှာ မျက်နှာသစ်ကာ သဘက်အဖြူလေးနှင့် မျက်နှာပွတ်တိုက်ရင်း ချက်ချင်းလိုပဲ အနားသို့ ပြန်ရောက်လာလေသည်။

ကြယ်ရောင်နှင့် မြိုင်လေးတစ်ယောက် မျက်နှာတစ်ယောက်ကြည့်ရင်း အပြုံးချင်း ဖလှယ်မိကြသည်။

အိပ်ယာနိုးတယ်ဆို မမမြိုင်လေးကို တွေ့မြင်ရသဖြင့် ကြယ်ရောင်ဘဝင်ကျလို့ မျက်နှာလေးက ပြုံးရယ် ကြည်လင်နေပါသည်။

အဘွားကတော့ ညက တယ်လီဖုန်းဝင်တဲ့ကိစ္စ တဖျစ်တောက်တောက် လုပ်နေဆဲပါ။





ကြယ်ရောင်က မြိုင်လေးကို မျက်နှာရှုံ့ပြီး ပြောင်[...]သည်။ အဘွားပြောတဲ့ ဖုန်းသံရဲ့ကိစ္စ ခေါင်းထဲ ထည့်ပုံမရ။

"မမ . . . ဟိုကောင်မလေးနှစ်ယောက် ဟိုတယ် ဂ[...]ထွက်သွားပြီလား"

"ဒီနေ့တောင် အိမ်လာမယ် ပြောတယ်"

"ကျွန်တော် မရှိဘူးပြောလိုက်နော်"

"ဘာရယ်"

"တကယ်ဗျ၊ သွားစရာကိစ္စတစ်ခု ရှိလို့ပါ"

"မင်းဘာသာ ဖုန်းနဲ့ ပြောပေါ့"

"မြေးနော်၊ ရှုပ်ရှုပ်ယှက်ယှက်တွေ မလုပ်နဲ့"

"ဟာဗျာ . . . အဘွားကလည်း ကျွန်တော်ဘာမှ မလုပ်ပါဘူး၊ အခုဟာက မမမြိုင်လေးရဲ့ အသိ မိန်းကလေးတွေ အကြောင်းပါ"

"ဟိုတရက် ခြံထဲ ပန်းတွေ လာခူးသွားတဲ့ ခပ်သွက်သွက်နှစ်ယောက် မဟုတ်လား"

"ဟုတ်တယ်လေဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးဖြစ်ပြီး ဒီလောက် ရဲတင်းပြောင်းဆန်နေတာ ကြည့်မရပါဘူးတော်"

"ဟာ ... အဘွားက လုပ်ပြီ"

ကြယ်ရောင်က မြိုင်လေးဘက် လှည့်ကြည့်ရင်း အားတုံ့အားနာ ဖြစ်သွားပါသည်။

ချောမောခန့်ညားသော သူ့မျက်နှာလေး ကွက်ကနဲ တစ်ချက် ပျက်သွားတာကို မြိုင်လေး ဂရုစိုက်ကြည့်နေမိ သည်။

သူတို့နှစ်ဦး တစ်ခဏမျှ အကြည့်ချင်း ငြိတွယ်သွားမိကြ၏။

မြိုင်လေးက ဦးစွာ မျက်လွှာချသွားသည်။

သူချစ်မိတာ အဲဒါပေါ့။ မဝံ့မရဲ ရက်စနိုးလေး ရှိတတ်တာ ... အိမ့်သဲတုန်ဆိုရင် မိန်းကလေးဆိုပေမယ့် သူနှင့် မျက်လုံးချင်း ပြိုင်ကြည့်ရဲသည်။

ထိုမိန်းကလေးမျိုးကို ကြယ်ရောင်တစ်စက်မှ သဘောမကျပါ။ မိန်းကလေးဆိုလျှင် မမြိုင်လေးလို အေးဆေး နူးညံ့ သိမ်မွေ့တဲ့ ဟန်ပန်ရှိမှ ကြိုက်တာ။





အိမ့်သဲတုန်ကတော့ ဘဝင်ခပ်မြင့်မြင့်နှင့် သူမရဲ့ အလှအပနှင့် ဆွဲဆောင်မှုကို သူမဘာသာ ယုံကြည်နေပုံ ရသည်။

မမြိုင်လေးမှာ အဲလို ဘဝင်မြင့်သော ပုံစံမျိုး တစ်ခါမှ မတွေ့ရ။ မျက်နှာတည်တည်လေးရဲ့ ရင်ထဲမှာ တစ်ခါတရံ အားငယ်တတ်တာပင် ရှိတာ သူ ရိပ်မိပါသည်။

တစ်ခါတရံ ပါးလေး ဖွဖွလိမ်ဆွဲကာ သူ အားပေးချင်ပါသည်။ မြိုင်လေးကို ဘယ်လောက်ထိ ချစ်ရသလဲဆိုတာလည်း ပြောပြချင်သည်။

ဒါပေမယ့် မြိုင်လေးက ယုံကြည်ပါ့မလား။ သူ့အချစ်ကို တန်ဖိုးထားပြီး အသိအမှတ်ပြုပါ့မလား။

ကြယ်ရောင့်ကိုယ် ကြယ်ရောင် မယုံကြည်ပါ။

သူမ မစွန့်စားရဲသလို ဖြစ်နေသည်။

ထမင်းစားခန်းမှာ ထိုင်ပြီးတဲ့အထိ သူ့မျက်စိက မြိုင်လေး လှုပ်ရှားမှုတွေကို ငေးကြည့်နေမိသည်။

တီရှပ်လက်ပြတ် သခွားရောင်လေးနှင့် အသားအရေက ဝင်းဝါစိုပြေနေသည်။ ဆံနွယ်အခွေလေးတွေကို နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘက် ပင့်တင်ထားတဲ့ ကြားက ဆံစလေးတွေ ဟိုဒီ တစ်စွန်း တစ်စ ထွက်ကျနေတာလေးက ကမ္ဘိုဇရှိနှင့် တစ်မျိုးလှသည်။

အဘွားနှင့်အတူ တစ်ခါတရံ အိမ်မှုကိစ္စ လာကူညီပေးပုံလေးကို မြင်ရတာလည်း သူ သဘောကျ ကျေနပ် မိသည်။

တစ်ခါတစ်ရံ ကိုယ့်အိမ်ရှင်မလေးပဲ ဖြစ်လိုက်ပါတော့ဟု စိတ်ကူးတွေ ယဉ်ချင်မိသည်။

"မြိုင်လေးလည်း တစ်ခါတည်း ဝင်စားလိုက်လေ၊ အဘွားအပေါ် ခဏ တက်လိုက်ဦးမယ်"

"အဘွားလည်း စားမှပေါ့"

"မဆာသေးပါဘူး သမီးရယ်၊ သမီးတို့ စားနှင့်ပါ"

အဘွားထွက်သွားတော့ ထမင်းစားပွဲမှာ ကြယ်ရောင်နှင့် မြိုင်လေးပဲ ကျန်ရစ်သည်။

ကြယ်ရောင်က ရွှေတောင်ခေါက်ဆွဲ ပန်းကန်ကို တစ်ချက်မွှေရင်း မြိုင်လေးထဲသာ ကြည့်နေသည်။

"ဘာလိုလို့လဲ ကြယ်ရောင်"





ကြယ်ရောင် ခေါင်းယမ်းသည်။ မျက်လုံးက အကြည့်မလွှဲသွားတာကြောင့် . . .

"မ,ကို ဘာကြည့်နေတာလဲဟင်"

မြိုင်လေးက မလုံမလဲ အမူအယာနှင့် မေးမိသည်။

"ဒီတိုင်း လှလို့ ကြည့်တာပါ"

"မင်းနော် . . . လာမနောက်နဲ့"

"မမ မေးစေ့မှာ နှုတ်ခမ်းနီတွေ ပေနေတယ်"

"အို . . မဟုတ်တာနဲ့ မ မှ နှုတ်ခမ်းနီ မဆိုးရသေးတာ"

"မသိဘူး . . . ပေတာတော့ ပေနေတာပဲ"

"ဒါဆို မှန်ထဲ သွားကြည့်မယ်"

နံရံကပ်မှန်ထဲ ကြည့်လိုက်တော့ မျက်နှာမှာ ဘာမှလည်း မပေပါ။

"ဟား . . . ဟား . . . ဟား"

"ဟင်း . . နော် . . . ကြယ်ရောင်"

"အလကားစ,တာပါ၊ မမက ချစ်ဖို့ကောင်းလို့"

www.burmeseclassic.com

www.burmeseclassic.com



ခုတလော ဒီကောင်လေး ဘာဖြစ်နေမှန်းမသိ။ မျက်နှာလည်း ပြောင်ချော်ချော်နှင့် . . .

ဂစ်တာတီးရင်လည်း မမသီချင်းတွေ ချစ်ကောင်း သီချင်းတွေ သူမကြားအောင် အော်ဆိုတတ်သည်။

မြိုင်သည် ဟန်ဆောင်ထားသော်လည်း သူ့အကြည့် သူ့အပြောလေးတွေမှာ ရင်ထဲ လှိုက်ကနဲ နွေးခနဲ ဖိုသွားရ၏။

ပန်းဖူးစကားတွေ ပြန်ကြားယောင်ပြီး သူ့ကို အလိုလို ရှက်နေမိတာလည်း အမှန်။

"ကြယ်ရောင် ဘယ်လိုထင်လဲ"

"ဗျာ"

"ညက ဖုန်းက တုန်တုန်ဖြစ်မယ် ထင်တယ်"

"ဟုတ်ရင် ဟုတ်မှာပေါ့"

"မင်း ဘယ်လို သဘောရလဲ"

"ဘာကိုလဲ"

သူက မျက်နှာမှုန်တည်သွားကာ ခပ်ဆတ်ဆတ် မေးသည်။





"ကြယ်ရောင်တို့ ရင်းနှီးလာပြီဆိုတော့ တုန်တုန် အပေါ် ဘယ်လို သဘောထားလဲ"

သူက ချက်ချင်း မဖြေဘဲ နှုတ်ခမ်းကို ချွန်လျက် မြိုင်လေးမျက်လုံးထဲ စူးနစ်စွာ စိုက်ကြည့်သည်။ ထိုအကြည့် စူးရှူးကြောင့် မြိုင်ကြော့ ရင်ထဲ ပြောင်း ဆန့်တိမ်းမူးသွားမိရင်း

"ဘာရယ်လို့ မဟုတ်ပါဘူး၊ ဒီတိုင်း သိချင်လို့ မေးကြည့်တာပါ၊ အဘွားသာ ကြားရင် မ,ကိုပါ ဆူမလား မသိဘူး၊ ဟင်း . . . ဟင်း"

"ကျွန်တော်က မ, ချာတိတ်မတွေကို ဘယ်လို သဘောထားရမှာလဲ"

"မသိဘူးလေ"

"သူတို့က မ,ကို ဘာပြောလို့လဲ"

"ဘာမှတော့ မပြောပါဘူး"

"ဘာလဲ ကြိုက်ရင် မ,က အောင်သွယ်ပေးမလို့ လား ဟုတ်လား"

ကြယ်ရောင်က ခပ်ထေ့ထေ့ မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာလေးက နားမလည်ရကောင်းလားဟု သုန်သုန်မှုန်မှုန် ခပ်တင်းတင်း . . ။

"မ, အောင်သွယ်ဖို့တောင် လိုမယ် မထင်ပါဘူး"

"ဘာဗျ"

"ဩော် . . ကြယ်ရောင်တို့ အမြဲ ဖုန်းပြောနေတာပဲ"

"အမြဲ မပြောပါဘူး။ ညဆို ကျွန်တော် ဖုန်းပိတ်ထားလိုက်တာ"

"ဟယ် . . . အဲလို မလုပ်နဲ့လေ"

"ကျွန်တော် စိတ်မဝင်စားဘူး"

"သူတို့က ကြယ်ရောင့်ကို ခင်နေကြတာလေ၊ သိပ်လည်း မာနမကြီးပါနဲ့"

"ဒီမှာ မမ၊ ကျွန်တော် တစ်ခု ပြောရင်ယုံမလား"

"ဘာကိုလဲ"

"ကျွန်တော့်ရင်ထဲမှာ သိပ်မြတ်နိုးရတဲ့ မိန်းမတစ်ယောက်ရှိတယ်"





"ဟင်"

မြိုင်လေး ရုတ်တရက် လန့်ဖျပ်သွားသည်။ သူ တစ်ခုခု ပြောလိုက်မလားဟု ရုတ်တရက် ရင်ထဲ ထိတ်ကနဲ ဖြစ်သည်။ မြိုင့်ကိုယ်မြိုင် အထင်ကြီးရာ ရောက်နေပြီလား မသိပါ။

"သူ့ကို ကျွန်တော် အရမ်းချစ်တယ်၊ သူက ကျွန်တော့်ထက် အသက် ရှစ်နှစ်လောက် ပိုကြီးတယ်"

"ဟင်"

မြိုင်လေး ရင်ထဲ ဒိုင်းကနဲ အကျယ်ကြီး မြည်သွားပြီးမှ လုပ်ကနဲ အေးခနဲ ဖြစ်သွားရ၏။

ဘုရားရေ . . . ဒါ သွယ်ဝိုက်ပြောနေတာလား။

မြိုင် ခေါင်းငုံ့ချမိသည်။

"သူ ဘယ်သူလဲ မမ သိချင်လား၊ သိချင်တဲ့နေ့ ကျွန်တော့်ကို အချိန်မရွေး မေးလိုက်၊ မမရဲ့ ချာတိတ်မလေးတွေကို ကျွန်တော် လုံးဝ စိတ်မဝင်စားဘူး၊ အဲဒါတော့ စိတ်ချလိုက်၊ အခုလည်း မချစ်ဘူး၊ နောင်လည်း ချစ်မှာမဟုတ် ဘူး။ ရိုးရိုးလေးနဲ့ ချစ်စရာကောင်းတဲ့ ကျွန်တော့်မမကိုပဲ ကျွန်တော် ချစ်တယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြယ်ရောင် စိတ်မရှည်တော့ဘဲ ပြောချလိုက်သည်။

သူမက ဘယ်သူလဲ မမေးဘဲ ခေါင်းငုံ့လို့ နှုတ်ဆိတ်သွားပါသည်။ အံ့ဩနေတာလည်း ဖြစ်နိုင်သည်။

ကြယ်ရောင်ကတော့ ဒါရိုက် မပြောရဲလို့ သွယ်ဝိုက်လှည့်ပတ်ပြောလိုက်တာပါ။

မြိုင်လေးကိုပဲ သူချစ်တာပဲ။ ချစ်နေတာလည်း ကြာခဲ့ပြီ။ ငယ်ငယ်ကတည်းကပဲ ဆိုပါတော့။

ဆယ်တန်းတုန်းက အင်္ဂလိပ်စာနှင့် ပတ်သက်ပြီး ဂရမ်မာတွေ မသိတာ၊ မရှင်းတာရှိရင် မမကိုပဲ သွားမေးရတာ။ မမက သူ့ဆရာမဆိုလည်း ဟုတ်သည်။

တစ်ခါတလေ သူ ကုပ်ကွေးဖျားလို့ ဆေးမသောက်ချင်ဖူး ဂျီကျရင် အဘွားနှင့်အတူ သူ့ကို လာချော့ပြီး ဆေးတိုက်တာမို့ အစ်မတစ်ယောက်လို အပြုအစု ကောင်းသူဆိုလည်း မမှား။

တစ်ခါတရံ ဘတ်စကတ်ဘော အတူဝင်ကစားဖို့ပူဆာရင် ရှိတဲ့အလုပ်တွေ ပစ်ထားပြီး သူနှင့် လာကစားပေးရှာတဲ့ သူငယ်ချင်းအဖော်ကောင်းဆိုလည်း မငြင်းနိုင်ပါ။



ငယ်ငယ်တုန်းက သူ ပျင်းရင် ပုံပြောပြီး ချော့သိပ်ပေးခဲ့တဲ့ သူ၊ အခုအချိန်ထိလည်း သူ့ကို အရိပ်လို ကြည့်ပြီး လိုတာ လုပ်ပေးဖို့ ဝန်မလေးတဲ့သူလေးပါ။

ဒီလို ကိုယ့်မမကို ကိုယ်ချစ်မိတွယ်တာမိတာ မှားသလား။ မြိုင်လေးဟာ သူ့အတွက်တော့ အရင်းနှီးဆုံး မိန်းမသားတစ်ဦးပါ။

ထိုနေ့ မနက်က မြိုင်လေး ခေါင်းငုံ့နှုတ်ဆိတ်သွားသဖြင့် ကြယ်ရောင်လည်း ဘာမှ ထပ်မပြောဘဲ ရွှေတောင်ခေါက်ဆွဲကိုသာ ခပ်အေးအေး ခပ်စားနေလိုက်သည်။

အရိပ်အမြွက်သဘော ဖွင့်ဟလိုက်ရသဖြင့် ကြယ်ရောင့်ရင်ထဲမှာ ပေါ့တန်သလောက်လည်း ပေါ့သွားရတာ အမှန်ပါ။

တစ်နေ့နေ့တော့ သူချစ်နေကြောင်း အတိအလင်း ကြေညာရဦးမည်။

✳✳ ✳✳ ✳✳



www.burmeseclassic.com

www.burmeseclassic.com

"ဒီမှာ မမ၊ အိမ့်သဲတုန်တို့က အမျိုးကောင်းသမီး ပိုင်းကောင်းကျောက်ဖိထဲကပါ၊ ဖုန်းခေါ်မိတာ ဝန်ခံတယ်၊ အဲဒါ အဘွားကို မလေးမစား လုပ်တာ မဟုတ်ဘူး၊ စကား ပြောရမှာ ကြောက်လို့ အသံမပေးရဲလို့ပါနော်"

"ဒါပေမယ့် အဘွားဖက်က ကြည့်တော့လည်း တစ်မျိုး ထင်ချင်စရာဖြစ်နေတယ်လေ၊ တုန်တို့က ရိုးရိုး သားသားနဲ့ ကိုကြယ်ရောင်ရှိလား၊ အိပ်နေပြီလား မေးလိုက် တယ်ဆိုရင် ရတာပဲ၊ အဲဒါဆို အဘွားလည်း အမြင် မစောင်း တော့ဘူး ဒေါသလည်း မဖြစ်တော့ဘူးပေါ့"

"သူ့မြေးကိုများ အဖြစ်သည်းနေတာ . . . ဟွန်း"





"ဟယ် . . . အဲလို မပြောကောင်းဘူးလေ"

"အဘွားက မြေးကို တွန့်တိုတာက ဟုတ်ပါပြီ၊ မမကရော တုန်တို့ ဖုန်းပြောတာ မကြိုက်ဘူးလား"

"အို . . . ဘယ်လို ပြောလိုက်တာလဲ"

အိမ့်သဲတုန်- မျက်နှာလေးက ပမာမခန့်။

မြိုင်က ကိုယ့်ညီမလေးတွေလို သဘောထားပြီး ဆို ဆုံးမ အကြံပေးနေတာပါ။

သူကလေးတို့ကို တစ်ဘက်က အထင်သေးမှာ စိုးလို့ ပြောရတာပါ။

"မမကိုတော့ တစ်မျိုးမထင်ပါနဲ့ တုန်တုန်ရယ်"

"မမက အပြစ်တင်နေတာကိုး"

"အပြစ်တင်တဲ့သဘောမျိုး လုံးဝ မဟုတ်ပါဘူး ဟယ်၊ တုန်လေးတို့ နားလည်အောင်ပါ၊ နောက်တစ်ခါဆို ကြယ်ရောင့်အဘွား စိတ်ဆိုးအောင် မလုပ်မိမို့ပါ"

"တုန်တို့ကတော့ ပြောမှာပဲ သူမကြိုက်ရင်လည်း မတတ်နိုင်ဘူး၊ ကိုကြယ်ရောင်နဲ့ ပြောတာပဲ ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လဲ၊ သူ့ကို သဘောကျလို့ ခင်လို့ ခွာက်တာပဲ၊ ဘေး ကလူတွေနဲ့ မဆိုင်ပါဘူး"

တုန်သည့် ဆတ်ဆတ်ထိမခံ ခံပက်လေသည်။

ထိုအကြောင်း စကားစ,မိတာ မြိုင်လေးပဲ မှားပြီ ထင်ပါသည်။ သူကလေးတို့ ပုံစံကို မြိုင် တအံ့တသြ ကြည့် နေမိသည်။

"တုန်တုန်တို့မှာ ယောက်ျားလေးမိတ်ဆွေလည်း မရှားပါဘူး မမရယ်၊ သူကြီးကျယ်နေလို့ ပိုတောင် အမြင် ကပ်တာ၊ ဒင်းကရော ဘာမို့လို့လဲ"

"တုန်ကလည်းဟယ် . . .မမကို အားနာစရာကြီး။ စကားပြောတာ အေးဆေးပြောစမ်းပါ"

စီစီက ဖြောင့်ဖျ၏။

ဖုန်းခေါ်တုန်းကလည်း စီစီက မိုးချုပ်ပြီ မဆက်နဲ့ တော့ဟု ဘေးကနေ တားပါသေးသည်။

ခေါင်းမာဖွဲ့ကြီးတဲ့ အိမ့်သဲတုန်ကသာ နားမထောင် တာ။



အခုလည်း ကိုယ့်အပေါ် ဒီလောက်ကောင်းတဲ့ မမမြိုင်လေးကို သူက အော်ကြီးဟစ်ကျယ် ပြန်ပြောနေပြန် ပြီ။

တုန်တုန်တစ်ယောက်နှင့်တော့ ခက်ပါသေးသည်။

ဇင်အောင့်လို အလျှော့ပေးသူကိုကျတော့ အမြဲ အနိုင်ယူသည်။ နိုင်းစရာရှိရင် နိုင်းပြီး ကျန်တဲ့အချိန် ကြိမ်း မောင်းအော်လွှတ်ဖို့ ဝန်မလေး။

စီစီပင် ကြားကနေ အားနာရသည်။

စီစီလည်း သူစိတ်ဆိုးမှာ ကြောက်လို့ အိမ်က အဆူ ခံပြီး တုန်တုန်နှင့်ဟိုတယ်မှာ လာနေရတာ။

တုန်တုန့်မာမီက တစ်ယောက်ထဲ လွှတ်မထားပါနှင့် ဟု ဖုန်းထဲက တောင်းပန်ထားတာကြောင့်လည်း ပါပါသည်။

တုန်တုန်သည် သူထင်ရာ သူအမှန် တဖွတ်ထိုး ဆန်သူ ဖြစ်သည်။

စိတ်ထဲ မကျေနပ်ရင် မြုံမထားဘဲ နှုတ်ကနေ ဟက် ကနဲ ပြောချဖို့လည်း ဝန်မလေး။



www.burmeseclassic.com

www.burmeseclassic.com



"မမရယ် . . . တုန်တုန်စကားပြောမတတ်တာ ဖွေ မယူပါနဲ့နော်၊ စီစီတောင်းပန်ပါတယ်၊ ဘယ်လိုမှ သဘော မထားပါနဲ့"

"ရပါတယ်ကွယ်၊ မမကလည်း စေတနာနဲ့ ပြော မိတာပါ၊ အပြစ်တင်နေတာ မဟုတ်ဘူး"

"ဟုတ်ကဲ့ . . . စီစီ သိပါတယ်"

"တုန်တို့က သူများအောက်ကျခံတာ မဟုတ်ဘူး၊ ဒါပေမယ့် ကိုဖြစ်ချင်တာဆိုလည်း ဖြစ်အောင် လုပ်ရမှ"

"မမကို အထင်မလွဲပါနဲ့နော်"

မြိုင်လေးက ပြန်ချော့ရ၏။

"မမက အဘွားနဲ့ ညီမလေးတို့ အဆင်မပြေဖြစ် သွားမှာစိုးလို့ပါ"

"ကိုကြယ်ရောင်နဲ့ ပြေလည်ရင်ပြီးတာပဲ"

"တုန်တုန်ရယ်"

စီစီလည်း သူ့ကို တခါတခါ စိတ်ပျက်ရသည်။





"မမ မကြိုက်ရင် ဝမ်းနည်းပါတယ် . . . တုန်တို့က တော့ ကိုကြယ်ရောင်ကို ဆက်သွယ်မှာပဲ"

"မမက မဆက်သွယ်ရဘူးလို့ မပြောမိပါလား"

"ဒါပေမယ့် တားချင်တယ် မဟုတ်လား"

"အဲလို သဘောမျိုး မဟုတ်ဘူး တုန်တုန်"

"မမ မိတ်ဆက်ပေးလို့ သိတယ် ဆိုပေမယ့် ကျန်တာ ကိုယ့်ကိစ္စနဲ့ကိုယ်ပဲ"

"ဟုတ်ပါတယ်"

မြိုင်လေး မျက်နှာပင် ရဲတက်လာရသည်။

ကိုယ်ကပဲ မလိုတဖာ တားမြစ်ဟန့်တား စွက်ဖက် နေသလိုလို။ သူမ အိမ့်သဲတုန် ပြောဆိုပုံကို ကျောလှမ်းမိပါ သည်။

ဒီကောင်မလေး ဆိုးတယ် ဆိုတာလည်း ယုံသွားရ ပြီ။

"ဆောရီးပဲ မမရယ် . . . တုန်လည်း ဘာဖြစ်မှန်း မသိဘူး . . . ကိုကြယ်ရောင်နဲ့ ပတ်သက်ရင် စိတ်တွေက



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ ဘာဖြစ်နေမှန်းကို မသိတာ၊ တုန် စကားမှားရင် ခွင့်လွှတ်နော် မမ''

''အေးပါကွယ်''

ဒီလိုတော့လည်း ချက်ချင်း ဝန်ချတောင်းပန်ပြန် သည်။ စိတ်ဆိုးလွယ်သလောက် တုန်တုန့်စိတ်ရင်းက ဖြူစင် တာ အမှန်။

''မမ ညီမလေးကို အပြစ်မယူပါဘူး၊ ဒါ ကိုယ့်ညီမလေးပဲ ဥစ္စာ''

တကယ်လည်း ညီမဖြစ်နိုင်ပါသည်။

ဒေါ်သီရိကျော်သာ မြိုင်လေးအမေဆိုရင် အိမ့်သဲတုန် ဟာ မြိုင်လေးညီမပါ။

ဒီအဖြေကိုလည်း မြိုင်ကြော့ မြန်မြန် သိချင်ပါပြီ။

✻✻ ✻✻ ✻✻

''ဟယ်တော့ စီစီရေ ... မာမီရောက်လာပြီ၊ မမမြိုင် လေးတို့အိမ် မာမီဘယ်လို သိသွားသလဲ မသိဘူး''

အရင်ဦးဆုံး အိမ်က ကားဝင်လာတာနှင့် တုန်တုန် က စိတ်လှုပ်ရှားစွာ ပြေးပြောလိုက်ပါသည်။

''ဟုတ်လား၊ စီတို့ ဘယ်လိုလုပ်မှာလဲ''

စီစီက ရင်ဘတ်ဖိသည်။

မာမီက ကားထဲကဆင်းကာ တိုက်ပေါ်တီကိုအောက် သံပန်းတံခါးရှေ့ လာရပ်ပြီး ဘဲလ်တီးနေပြီ။

''မမမြိုင် တုန်မရှိဘူး ပြောနော်၊ ခဏသွားပုန်းလိုက် ဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ငါ့ကိုလည်း တွေ့လို့ မဖြစ်ဘူးလေ၊ ငါလည်း ပုန်းမှ ရမယ်"

"ပုန်းမနေပါနဲ့ ညီမလေးတို့ရယ်၊ ရင်ဆိုင်လိုက်ပါ။ တုန်ကလည်း ကိုယ့်အမေပဲ ပုန်းလျှိုးမနေပါနဲ့၊ သူ့ခမျာ သတိရလှပြီ။ ဟိုမေး ဒီစမ်းနဲ့ သံနှားပါတယ်"

မြိုင်လေးက သူတို့ကို ဖျောင့်ဖျ နားချရင်း သံပန်း တံခါးသော့ကို ယူကာ ဖွင့်ပေးလိုက်ပါသည်။

"သမီးက မြိုင်ကြော့ယဉ်လား"

"ဟုတ်ပါတယ်အန်တီ၊ အိမ်ထဲကို ကြွပါ"

မြိုင်လေးလည်း ရင်တုန်ပန်းတုန်နှင့် လက်တွေပါ တုန်ယင်နေသည်။

အမေက မြိုင်ကြော့ကို မမှတ်မိပေမယ့် မြိုင်ကြော့ အမေ့ရုပ်ကို မှတ်မိပါသည်။

ကကြီးပုံကျကျ မဟာနဖူးရှင်းရှင်းနှင့် အင်မတန် ကျက်သရေရှိရှိ ခန့်ညားတဲ့ အမေ။

နီနှစ်ရှောင် အင်္ကျီလက်ရှည်နှင့် ကိမိုနိုအဆင် လုံချည်





ကို ဝတ်ထားကာ တထောင်ဆစ်ကွေးမှာ မိချောင်းသားရေ လက်ကိုင်အိတ်ကို ချိတ်ထားဟန်ကပင် ကတော်ရုပ်ပေါက် ပြီး တင့်တယ်လှပါသည်။

မြင်လိုက်တာနှင့် အေးချမ်းပြီး လေးစားချင်စရာ ရုပ်ရည်မျိုးပါ။

အမေ့ရုပ်က ပြောင်းမသွား။ ရင့်ကျက်တည်ငြိမ်သွား တာပဲ ရှိပြီး မြိုင်ငယ်ငယ်က ပုံစံအတိုင်း ရှိနေဆဲပါ။

အမေက အလွန်ချောမောတဲ့ အမျိုးသမီးပါ။

အမေ့ရုပ်သွင်ကို ကြည့်ကာ မြိုင်လေး နှလုံးသားမှာ ထုံနှလှုပ်လှိုင်းထန်လာသည်။

"သမီးလေးကို အန်တီ လာခေါ်တာပါ"

"တုန်တုန်ရှိပါတယ် အန်တီ"

အိမ့်သဲတုန်နှင့်စီစီလည်း ဧည့်ခန်းသို့ ထွက်လာကြ သည်။ အမေက သူ့သမီး တုန်တုန်ကို ဝမ်းသာအားရ ပြေး ဖက်သောအခါ မြိုင်လေးရင်မှာ ဖော်ပြလို့မရအောင် ဝမ်းနည်း လှိုက်နင့်သွားမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ တုန်တုန်ကသာ မေမေ့သမီးအစစ်ပါ။ မြိုင်လေးက စွန့်ပစ်ခံ၊ စွန့်ပယ်ခံသမီး။ မေမေ အသိအမှတ် မပြုတဲ့ သမီး။

သူမရဲ့ မျက်လုံးအိမ်မှာ ဂျတ်ချည်းလို မျက်ရည်တွေ ရစ်သိုင်းဖွဲ့လာပါသည်။

အနှစ်နှစ်အလလ မျှော်လင့်တမ်းတခဲ့ရတဲ့ အမေ့ မျက်နှာကို ပြန်တွေ့ပြီ။

တကယ်ဆို မြိုင် ဆုတောင်းပြည့်ပါပြီ။

ရင်ထဲ တုန်တုန်ရီရီ ဖြစ်နေတာကို ထိန်းလို့ မရအောင် မြိုင် တုန်လှုပ် ဇမ်းသာနေမိတာလည်း အမှန်ပါ။

ဘာပဲဖြစ်ဖြစ် ဒေါ်သီရိကျော်ဟာ သူမ မိခင်အရင်း အစားထိုး တုန့်နိုင်းစရာ နောက်ထပ် မရှိနိုင်တဲ့ မိခင်။

သူမကို ရက်စက်စွာ စွန့်ပစ်ခဲ့တာ မှန်ပေမယ့် သူမ ကတော့ မေမေ့ကို ချစ်သည်။

ရင်ထဲ တဆတ်ဆတ် တုန်အောင် ချစ်မြတ်နိုးပါ သည်။

သူတို့ သားအမိတွေ တကယ်တမ်း ပြန်တွေ့ကြတော့ စကားသံတွေ ညီစီဝေလွှင်လို့ပါ။





"မာမီ ကတိမပေးရင် တုန် ပြန်မလိုက်ဘူးနော်၊ ဒါပဲ"

"အေးပါကွယ်၊ မာမီ ဒီလောက် တားနေတာကို နားမထောင်ဘူးဆိုလည်း သမီးသဘောပါ။ ဘာတတ်နိုင်မလဲ၊ သားသမီးဆိုတာ ကျွေးမွေးပြုစုခဲ့ပေမယ့် နောင်တစ်ချိန် ကိုယ် မပိုင်တော့ဘူးဆိုတာ သင်ခန်းစာပေါ့၊ မာမီဝိုနေလည်း လူညွှ ကြည့်မှာ မဟုတ်တဲ့ သမီးကို မတားပါဘူးကွယ်"

ဒေါ်သီရိကျော်က လှိုက်လှိုက်နင့်နင့် အသံဖြင့် ခံစား ချက်အပြည့် ပြောသော်လည်း အိမ့်သဲတုန်က အပြုံးမပျက် ပါပေ။

သူ့ လိုအင်ဆန္ဒ ပြည့်တော့မှာမို့ ကြည်နူးကျေနပ် အားရနေဟန်သာ ရှိသည်။ မိခင်တစ်ယောက်ရဲ့ ခံစားချက်ကို အလေးအနက် တွေးပေးတတ်ပုံ မရှိပါ။

မြိုင်ကြော့ မေမေ့ကို ဂရုဏာ သက်မိသည်။

"မာမီ . . . တကယ်နော်၊ တုန် ဗိဇာသွားတင်ရ တော့မှာ သေချာတယ်နော်၊ ဒါတောင် ဇင်အောင်ကြီးက ဘာလိုက်ရှုပ်ဦးမလဲ မသိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါသာ ကြည့်တော့ မြိုင်ရေ၊ အန်တီက လူကောင်းသူကောင်းလေးတွေ့တုန်း သူနဲ့ မြန်းထားချင်တာ။ သူက လက်မခံဘူးလေ၊ အန်တီကတော့ ကိုယ့်သမီးလေး အဆိုတော်လည်း မဖြစ်စေချင်ပါဘူး၊ ကိုယ့်မျက်စိရှေ့မှာ ကောင်းကောင်းမွန်မွန် အိမ်ထောင်ရက်သားကျပြီး ပျော်ရွှင်ချမ်းမြေ့နေတာမြင်ရင် ကျေနပ်ပါပြီ။ သူနဲ့ ပတ်သက်ပြီး အများကြီးလည်း ရည်မှန်းမထားပါဘူး မြိုင်ရယ်''

''ဟုတ်ကဲ့၊ မြိုင်လည်း တုန်တို့ကို ပြောပါတယ်၊ အိမ်ပြန်လိုက်ပါလို့ ခဏခဏ တိုက်တွန်းနေတာပါ''

မြိုင်ကြော့သည် အသံမတုန်အောင် သတိထားပြီ အလိုက်သင့် ပြောရပေမယ့် သူမ မျက်နှာလေးမှာ ဖြူရော်ရော်နှင့် စိတ်လှုပ်ရှား မှုပျက်နေရှာသည်။

'တုန်တုန်တို့ ပြန်လိုက်သွားမယ် မမ၊ စိတ်ချမ်းသာလိုက်တော့ ဟိုတယ်က ပစ္စည်းတွေ မာမီနဲ့အတူတူ သွားသိမ်းမယ်''

''ကောင်းပါတယ် တုန်တုန်၊ မမ ဝမ်းသာပါတယ်'





''သမီးမြိုင်ကို ကျေးဇူးအရမ်းတင်တယ်၊ အိမ်ကို အလည်လာပါ သမီးရယ်၊ အန်တီ ထမင်းစား ဖိတ်ချင်ပါတယ်၊ သမီးရဲ့ အဖေကိုပါ ခေါ်ခဲ့နော်''

''ရှင် . . . ဟုတ် . . ဟုတ်ကဲ့''

''စိတ်ကောင်းရှိတဲ့ သမီးနဲ့ ဆုံခွင့်ရတာ ကံကောင်းလို့ပါ''

မြိုင် ဘာပြန်ပြောရမည်မသိ။

'အခုလို မေမေနဲ့ ပြန်ဆုံရတာလည်း မြိုင် ကံကောင်းလို့ပါ။

သူမသည် ဒေါ်သီရိကျော်အား ပျောက်သွားတော့ မလိုင်းမောကြည့်နေမိသည်။ သူမ နှလုံးသားမှာလည်း အခုန်မြန်နေရဆဲ။

''မြိုင် လာခဲ့မှာပါ အန်တီ''

သူမ မေမေနှင့် အကြာကြီး တွေ့ချင်ပါသည်။ စကားတွေ အများကြီး ပြောချင်သည်။ တုန်တုန်လေးကို ဖွဲ့ဖက်သလိုမျိုး သူမကိုလည်း နွေးနွေးထွေးထွေး ဖွေ့ဖက်စေချင်သည်။

www.burmeseclassic.com



မေမေရဲ့ အယုအယကို ဒီအရွယ်ထိ မပိုင်ဆိုင်ရဖူးသေးပါ။ သူမ မှားပြီး ယောင်ယမ်းမိတိုင်း မေမေဆိုတဲ့ ခေါ်သံကို အမြဲ ကြားရတယ်ဟု ဖေဖေပြောသည်။

ကခုလည်း ညှော်ခန်းထဲက စကားသံတွေကြောင့် ဖေဖေသူ့အခန်းထဲမှ ခေါင်းပြူထွက်ကြည့်လိုက်ပါသည်။

ညှော်ခန်းထဲက ခုထိ ကြော့ကြော့ရှင်းရှင်းလှပ ချောမောဆဲ အမျိုးသမီးကြီးကို မြင်လျှင် မယုံနိုင်အောင် မျက်ခုံးပင့်သွားရသည်။

သူ သေချာ စေ့စပ်ထပ်ကြည့်သည်။

မမှားနိုင်ပါဘူး။ နည်းနည်း ရှပ်ရင့်သွားတာကလွဲရင် ဒေါ်သီရိကျော်မှ ဒေါ်သီရိကျော်အစစ်ပါ။

ဦးကောင်းမြတ် ရုတ်တရက် စိတ်လှုပ်ရှားပြီး ညှော်ခန်းဆီ ထွက်မိတော့မလို ခြေလှမ်းပြင်သည်။ နောက်တော့ ပြန်တုန့်ရပ်မိပြန်၏။

ပြီးတော့ ရှုံးရှုံးရှားရှားနှင့် အသက်ရှူမြန်ရင်း ထမင်းစားခန်းဖက် ကျောခိုင်းလှည့်ထွက်လာမိသည်။





မမျှော်လင့်ထားပါဘဲ မြိုင်ကြော့ မိခင်ကိုတွေ့တော့ သူ တုန်လှုပ်သွားမိသည်။

သူတို့ သားအမိ ပြန်မဆုံတော့ဘူးလို့ ထင်ထားတာ။

အခု ဘယ်လိုက ဘယ်လို အိမ်ကို ရောက်ချလာပါလိမ့်။ ဦးကောင်းမြတ်ရဲ့ အတွေးတွေ ဆူပွက်လှုပ်ရှားနေ၏။

တစ်နေရာမှာ ငြိမ်ငြိမ်လေး ထိုင်မနေနိုင်ပေ။ သူ့စိတ်တွေ ဂဏှာမငြိမ်နိုင်။

ပြန်ထွက်ကြည့်သည်။

သမီးရဲ့ မိတ်ခွေကလေးမလေးနှစ်ယောက်နှင့် အတူ ဒေါ်သီရိကျော် ပြန်ဖို့ နှုတ်ဆက်နေတာမြင်မှ ဦးကောင်းမြတ် နည်းနည်း စိတ်အေးသွားသည်။

ထိုအမျိုးသမီးရဲ့ ကား ခြံထဲက ထွက်သွားတာနှင့် ဦးကောင်းမြတ် မြိုင်ကြော့အနား ရောက်လာပြီး . . .

"ဒီမိန်းမကြီး ဘယ်လို ရောက်လာတာလဲ သမီး၊ သမီးနဲ့ ဘယ်လိုတွေ့ပြီး သိနေတာလဲ"

"သူက တုန်တုန့် အမေလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်"

အမေ့နဖူးမှာ ချွေးပြန်နေသည်။

"နောင်ကို မပတ်သက်နဲ့ သမီး၊ ဒီမိန်းမကြီးက ရှုပ်ချောသလောက် စိတ်ထားညံ့တယ်၊ သူ့ရင်သွေးတောင် သူမခင်တွယ်တဲ့ မိန်းမစားမျိုး . . . ဘယ့်နှယ့်ကွာ၊ တိရစ္ဆာန်တောင် ကိုယ့်သားသမီးကိုယ် ခင်တွယ်တတ်သေးတာပဲ"

"မေမေက မြိုင့်ကို စွန့်ပစ်သွားလို့လား ဖေဖေ"

"ဘာ"

"ဒေါ်သီရိကျော်ဆိုတာ မြိုင့်အမေပဲဆိုတာ မြိုင် သိပါတယ်"

ဖေဖေ သူမကို တွေတွေကြီး ကြည့်ရင်း ငြိမ်ကျသွား၏။

"သမီး . . . သမီး ဒါကို ဘယ်လိုသိနေတာလဲ"

"မေမေ့မျက်နှာကို မြိုင် မှတ်မိနေတာပါ၊ ဘာ အကြောင်းပြချက်မှ မရှိပါဘူး"

"သမီးက မှတ်ဉာဏ်ကောင်းလှချည်လား၊ တွေ့တာနဲ့ သိတယ် ဟုတ်လား"





သူတို့သားအမိရဲ့ ဆက်သွယ်မှုကို ဦးကောင်းမြတ် အံ့ဩဘနန်း ဖြစ်သွားရသည်။

သူ့ရင်ထဲ စိုးရိမ်မှုတွေလည်း တရိပ်ရိပ် တက်လာ ရ၏။

"သူကရော . . . သီရိကရော မှတ်မိလား"

"ဆုံးသွားတဲ့ သူ့သမီးလေးနာမည်နဲ့ တူနေတယ် လို့ ပြောတယ် ဖေဖေ"

"ဩော် . . ဒါဆို ဆုံးသွားတယ်လို့ သူ့ကို ညာခဲ့တာ ဖြစ်မယ်"

"ဘယ်သူက ညာတာလဲ ဖေဖေ"

စိတ်လိုက်မာန်ပါ ဖွင့်ပြောလိုက်မိပြီးမှ ဦးကောင်းမြတ် နှုတ်တွန့်သွားရသည်။

"ပြောပြပါ ဖေဖေရယ်၊ မြိုင်ရဲ့ သမိုင်းကြောင်းကို မြိုင်သိပါရစေ၊ သေသွားပြီလို့ ဘယ်သူက ဝိပိရိရိ လိမ်ညာခဲ့တာလဲ၊ ဒေါ်သီရိကျော် ခင်ပွန်းကလား၊ မြိုင့်အဖေရင်း ကိုယ်တိုင်ကလား၊ သူက အဖေဖြစ်ပြီး ကိုယ့်သမီးအပေါ် ဘာကြောင့် ဒီလောက် ရက်စက်ရတာလဲဟင်၊ စီးပွားရေး



www.burmeseclassic.com

www.burmeseclassic.com



မပြေလည်လို့ ကိုယ့်သားနှသမီး သူများပေစပစ်ဖို့ ကြံတာလား၊ ဒါလည်း မဖြစ်နိုင်ပါဘူး။ မြိုင် မှတ်မိသလောက် မြိုင်တို့က ခြံကျယ်ကြီးမှာ တိုက်အိမ်လှလှကြီးနဲ့ နေခဲ့ရတာပါ၊ ဒါပေမယ့် မြိုင့်ကို ထိန်းတဲ့ မိန်းမကြီးတစ်ယောက်က နောက်ဖက်က ဆားဗင့်ကွာတာသဘောမျိုး အိပ်ခန်းလေးကို အမြဲ ချီချီသွားတယ်၊ မြိုင်အိပ်တဲ့ ပုခက်လည်း အဲဒီအခန်းလေးမှာ ရှိတယ်၊ အဝတ်ပုခက်ကလေး ...”

မြိုင်က သူငယ်ဘဝအရိပ်ကလေးတွေ မှတ်မှတ်မိမိ ကြေကွဲဝမ်းနည်းစွာ ပြန်ပြောပြနေသည်။

“သမီးကို စွန့်ပစ်တာ သမီးအဖေမဟုတ်ဘူး”

“ဒါဆို ဘယ်သူလဲ”

“သီရိ ခင်ပွန်း ဦးညွန့်လူ”

“ဒါဆို မြိုင့်အဖေရင်းက ဘယ်သူလဲ”

“အဲဒါတော့ မသိဘူး၊ သမီး ဘာမှ စိတ်မကောင်း မဖြစ်နဲ့ အဖေမပေါ်ခဲ့တာလည်း ဖြစ်ချင်ဖြစ်မယ်”

“ရှင်”





ရှက်ရွံ့မှုက မြိုင့် တစ်ကိုယ်လုံးစိမ့်ပျံ့သွား၏။

ခေါင်းလေးကို သိမ်ငယ်စွာ ငုံ့ချလိုက်မိသည်။

ဩော် . . . ဒီလိုဆိုတော့ အဖေ မပေါ်ဘဲ ရခဲ့တဲ့ ကလေး တစ်ယောက်မို့ မေမေ့ယောက်ျားက စွန့်ပစ်ခိုင်းတဲ့ သဘောမျိုးပေါ့။

အို . . . ဖြစ်မှ ဖြစ်ရလေ။

မြိုင် ဘယ်သူ့အပေါ် အပြစ်တင်ရမည်မှန်း မသိ အောင် ဖြစ်သွား၏။

သူမရဲ့ ဘဝအစ ဖြစ်တည်မှုကို ကံမကောင်းခဲ့တာ။

သူမဟာ မေမေ့အတွက် လာခြင်းကောင်းသော ကလေးတစ်ယောက် မဖြစ်ခဲ့။

စောစောက ထိန်းထားခဲ့သော မျက်ရည်နွေးနွေးတို့ က ပါးပြင်ပေါ် အတားအဆီးမဲ့ လိမ့်ဆင်းကျလာရသည်။

ဖေဖေက သူမဦးခေါင်းလေးကို ပွေ့၍ ပွတ်သပ် ချော့ မြူနှစ်သိမ့်သည်။

“စိတ်မကောင်းမဖြစ်ပါနဲ့ သမီးရယ်၊ အခု သမီး



www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ အဖေရှိတာပဲ၊ အရင်က ကိစ္စတွေ ခေါင်းထဲ မထား ဘဲ မေ့ပစ်လိုက်၊ ခါတိုင်းလို ပျော်ပျော်ပါးပါးပဲ နေစမ်းကွာ''

အဖေ နှစ်သိမ့်မှု မြိုင် ဝမ်းနည်းစွာ ရှိုက်ငိုမိ၏။

ဒါဆိုရင် ခုချိန်ထိလည်း မြိုင်က အမေရင်းကို အသိအမှတ် မပြုရဘူးလား။

မေမေလို့ ခေါ်ခွင့်မရနိုင်ဘူးလား။

မြိုင် အဖြစ်ဆိုးပါတယ် ကြယ်ရောင်ရယ်။

ရင်ထဲမှာ ဘာကြောင့်မှန်း မသိ ကြယ်ရောင်ကို တမ်းတတိုင်တည်ရင်း ငိုကြွေးမိလေသည်။

❊❊ ❊❊ ❊❊



နံနက်ခင်းရဲ့ လေနုအေးအေးက သန့်စင်လတ်ဆတ် နေသည်။

ဂါဝန်အဝါရောင်ဖျော့ဖျော့နှင့် လည်မှာ လည်စည်း ပုဝါလေး စီးနှောင်ထားသော မြိုင်ကြော့ယဉ်သည် ကားပေါ် မှ ဆင်းကာ ရှေ့မှ မြင်နေရသော ကုန်းမြင့်မြင့်ပေါ်က ခြံကလေး ကို လှမ်းမျှော်ကြည့်လိုက်သည်။

သူမသိသည်။ ဒါ ကလေးဘဝတုန်းက သူမ ဆော့ ကစားသွားလာခဲ့တဲ့ နေရာလေး။

တုန်တုန်ပြောတော့ ခြံကို အကြာကြီး ငှားခဲ့ပြီး အခု မှ ပြန်ပြုပြင်နေထိုင်တာတဲ့။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပုံစံကတော့ ခေတ်မီ လှပဆန်းသစ်သွားသည်။

ဒါပေမယ့် ခြံထိပ်နားက အုတ်ခုံအဟောင်းလေးရယ်၊ ရှေ့နားက ဘောလုံးကွင်းရယ်က မပြောင်းလဲဘဲ အရင် အတိုင်း ရှိနေဆဲ။

အရွယ်ရောက်လာပြီး ဖေဖေ ကားဝယ်ပေးတုန်းက ပထမဦးဆုံး ဒီနားကို မြိုင်ကြော့ ကားပတ်မောင်းခဲ့သေး သည်။

ထိုအချိန်က ဒီခြံမှာ နိုင်ငံခြားသားများ နေထိုင်လျက် ရှိသည်။

အခုတော့ ခြံလည်း မမှား၊ မေမေကလည်း မြိုင့် မေမေ။ ဒါပေမယ့် မြိုင့်အဖေဟာ မည်သူမည်ဝါမှန်း မသိရ သေး။

သို့သော် မြိုင် လွတ်လွတ်လပ်လပ်ကြီး ချစ်ခင်မွေ ယမ်းပစ်နိုင်တာ အိမ့်သဲတုန်ဆိုတဲ့ ညီမလေးပဲ။

မြိုင့်မှာ ညီမလေးတစ်ယောက် တကယ်ရှိခဲ့ပြီ။

မြိုင်ကြော့က သူမ မျက်စိစပိုက်ကို တစ်ချက် ပွတ် လိုက်၏။

ညတုန်းက ဝမ်းနည်းလိုက်၊ ငိုရှိုက်လိုက်၊ အိပ်ယာ





ပေါ် အယ်ညာပြောင်းလှည့်လိုက်၊ အရင်က အကြောင်းတွေ ဟိုဒီတွေးလိုက်နှင့်မို့ တော်တော်နှင့် မြိုင် အိပ်မပျော်ခဲ့။

မိုးလင်းခါနီးမှ မှေးကနဲ ဖြစ်သွားပြီး အိပ်ယာနိုးတာ နှင့် မြိုင် ဒီကို ထွက်လာခဲ့မိတာ ဖြစ်သည်။

မျက်စိတွေ ယောင်ယမ်းနီရဲနေမလားမသိ။

တုန်တုန်လေးတို့ ခြံရှေ့ရပ်ပြီး ဘဲလ်ပုအဖြူလေးကို နှိပ်ဖို့ ချီတုံချတုံ ဖြစ်နေမိသည်။

ကားဟွန်းလည်း အစောကြီး မတီးချင်။

ခြံတံခါး သံပန်းမှတဆင့် ချောင်းကြည့်လိုက်ရာ သူမ ရင်ထဲ ဒိန်းကနဲ ခုန်လှုပ်သွားပါသည်။

ခြံထဲမှာ သွေးပူလေ့ကျင့်ခန်း လုပ်နေတဲ့ တုန်တုန့် ကို တွေ့ရတာ သူမ ရင်ထဲ ဘယ်လိုကြီး ဖြစ်သွားမှန်း မသိ။

မိုးကာသားလို အပြောင်သားပျော့ပျော့အကျီနှင့် ဘောင်းဘီဝမ်းဆက် အားကစားဝတ်စုံ မရမ်းဖျော့လေးနှင့် အိမ့်သဲတုန်သဏ္ဍာန်က ပျို့မြစ်နုနယ် သွက်လက် လန်းဆန်း နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နုန်စွ ခုန်စွ လုပ်နေပုံလေးက ချစ်စရာ။

"ဟော့ . . . ရွှတ် . . . ရွှတ် . . . တုန်တုန်"

ခေါ်သံကြားတော့ တုန် အံ့အားသင့်သွားလေသည်။ ဘောလုံးကိုင်ပြီး ဝင်းတံခါးဆီသို့ လျှောက်လာသည်။

"ဟင် . . . မမပါလား"

မမမြိုင်လေးကို မနက်အစောကြီး တွေ့လိုက်ရတာ တုန် မယုံနိုင်ဘဲ မျက်ခုံးပင့်သွားမိသည်။

"လာလေ . . . အထဲဝင်၊ ဟင် . . . မမ ဘာဖြစ်တာလဲ၊ ငိုထားတာလား"

"အို . . . မဟုတ်ပါဘူး"

"ဟုတ်ပါတယ်၊ မမ တစ်ခုခု ဖြစ်လာပါတယ်၊ အိမ်မှာ ပြဿနာတက်လို့လား။ ဘာဖြစ်လို့လဲ"

ခြံတံခါးဖွင့်ပေးလိုက်ရင်း တုန်တုန်က သူမ မျက်နှာကို အဖြေရှာသလို ကြည့်နေသည်။

"တုန်ဝတ်နေကျ ဂျာကင်အဖြူလေး ကျန်ခဲ့လို့ လာပေးတာပါ"





"ဪ . . . အဲဒါများ မမရယ်"

"ပြီးတော့ ညီမလေးကိုလည်း သတိရလို့ပါ"

မြိုင်သည် တုန်တုန်လေးကို ပခုံးဖက်ကာ ပါးပြင်ကို ရှိုက်မွှေးလိုက်သဖြင့် တုန်က ကြည်နူးစွာ ရယ်သည်။

"တုန်လည်း သတိရပါတယ်။ ညတုန်းကတောင် မာမီနဲ့ မ အကြောင်း အကြာကြီး ပြောနေကြသေးတယ်"

"ဟုတ်လား"

ညီမဖြစ်သူကို အားပါးတရ ဖက်ကာ မြိုင့်ရင်မှာ တုန် ရှိနေရပါသည်။ ညီမဖြစ်သူကတော့ ဘာမှ မရိပ်မိ။

"တုန်တုန့်အကျႌ ကားထဲမှာ"

"ကားကို ခြံထဲ သွင်းလိုက်လေ၊ မမကို မြင်ရင် မာမီလည်း ဝမ်းသာသွားမှာ၊ မာမီနိုးနေပြီ ထင်တယ်"

မြိုင်က ကားကို ခြံထဲသွင်းပြီး တုန်တုန်နှင့်အတူ တိုက်ထဲ လှမ်းဝင်လာသည်။

ဧည့်ခန်းမှာ ခင်းထားသော မွေးဖ ကော်ဇောကြီးမှာ နင်းရက်စရာမရှိအောင် အိစက်နုဖတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကနုတ်ဆိုဖာဆက်တီလှလှကြီးများဖြင့် ပန်းအိုးကြီးတွေ၊ နံရံကပ် ပန်းချီကားတွေ၊ လိုက်ကာဖားဖားဝေဝေတွေနှင့် အေးစိမ့်မွှေးပျံ့နေသော ဧည့်ခန်းမှာ ခေတ်မီလှပကျယ်ဝန်းတာမို့ ငေးမောချင်စရာ ခမ်းနားဝင့်ကြွားနေပါသည်။

''မမ . . . ထိုင်ဦးနော်၊ အာ . . နေဦး မမတစ်ယောက်တည်း ပျင်းနေလိမ့်မယ်၊ လာ . . . လာ တုန့်အခန်းကို လိုက်ခဲ့၊ အဝတ်အစားလဲပြီးရင် ဘရိတ်ဖတ်စ် အတူတူ စား ကြမယ်၊ မာမီရေ . . . ဒီမှာ ဘယ်သူရောက်နေလဲ ထွက် ကြည့်ပါဦး''

တုန်တုန်က သွက်သွက်လက်လက်ဖြင့် မြိုင့်ကို လက်ဆွဲကာ အပေါ်ထပ်လှေကားသို့ တက်ခဲ့ပြီး သူ့ မာမီကို အော်ခေါ်ပါသည်။

မြိုင်နှလုံးသားမှာ ထုံးစံအတိုင်း အခုန်ကြမ်းနေရ၏။

တုန်တုန့်မာမီက ညဝတ်ဂါဝန် မီးခိုးရောင်ဖြင့် ဆံပင်တွေ စည်းနှောင်ရင်း အခန်းပြင်ထွက်လာသည်။

''ဟယ်တော့ . . . မြိုင်လေး ရောက်နေတယ်''

မြိုင် ဘာမှ ပြန်မဖြေဘဲ မိခင်လုပ်သူကို လိုက်မော့ကြွာ ငေးစိုက်ကြည့်မိသည်။





အမေဟာ ငယ်ဆဲ နုဆဲ ချောမောဆဲပါ။ အိမ်နေရင်းအိပ်ယာနိုးစ ပုံစံနှင့်လည်းပဲ အမေက ကြည့်ကောင်းတာပါပဲ။

''မင်္ဂလာပါ အန်တီ၊ မြိုင်လာလို့ အိပ်ရေး ပျက်သွားပြီ ထင်တယ်''

''နိုးနေပါပြီ သမီးရဲ့၊ အန်တီအခန်းရှင်းနေတာပါ၊ သမီးဖောနဲ့ အိမ်မရှင်းဘဲ ပစ်ထားတာ ကြာပြီလေ''

မေမေက ပြုံးပြုံးရွှင်ရွှင်ဆိုသည်။

မြိုင့်လက်ကလေးကိုလည်း တယုတယ ဆွဲယူဆုပ်ထွေးလိုက်သဖြင့် မြိုင့်ရင်မှာ နွေးခနဲ ဖြစ်သွားရသည်။

''မမက တုန်တုန့်အကျိုကျန်ခဲ့လို့ တကူးတကလာပေးတာတဲ့ မာမီရေ၊ ရောက်လက်စနဲ့ မမကို တစ်နေကုန် လျှောက်လည်ဖို့ ချောဆွဲထားလိုက်ရင် ကောင်းမယ်''

သမီးဖြစ်သူ့ အပြောကို ဒေါ်သီရိကျော်က ပြုံးငေးကြည့်နေသည်။မျက်လုံးထဲမှာ ချစ်ရိပ်ချစ်ရောင်များဖြင့် ရွှန်းလက်နေသည်မှာ ကြက်သီးဖျန်းခနဲ ထချင်စရာ။

မြိုင်ကြော့ကိုလည်း ထိုမျက်လုံးမျိုးဖြင့် ချစ်စနိုး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် သိပ်ကောင်းမည်။ မြိုင့်အသည်းနှလုံးတွေ အရည်ပျော်ကုန်မှာ သေချာသည်။

မေမေ ဆုပ်ထားသော လက်ကို ပြန်ဆုပ်ကိုင်ရင်း မြိုင် တော်တော်နှင့် လွှတ်မပေး။ နူးညံ့နွေးထွေးသော မေမေ့လက်ရဲ့ အထိအတွေ့က သူမ နှလုံးသားကို ယိမ်းထိုးလှုပ်ရှား ကြည်မွေ့စေပါသည်။ ခွဲခွာနေခဲ့ရချိန်များက ယှဉ်ကျုံးမရ ဖြစ်စရာ။

"မြိုင်လေး . . . နေကောင်းရဲ့လား။ လက်ဖျားလေး တွေ အေးစက်နေပါလား"

"ရှင် . . . မြိုင် နေကောင်းပါတယ်၊ အန် . . အန်တီ"

မေမေက မသိသော်လည်း သူမ တုန်တုန်လှုပ်လှုပ် ပျော်ရွှင်နေမိသည်။

အမေနှင့် သူမ လက်ချင်းဆုပ်ထားခွင့်ရပြီလေ၊ သိမ်မွေ့သော မိခင်မေတ္တာဓာတ်တစ်မျိုးကို မေမေ့ လက်မှတဆင့် မြိုင် နွေးထွေးစွာ ခံစားမိပါသည်။ အလွန်ဆန်းကြယ်သော မေတ္တာ တစ်မျိုးပါ။

✻✻ ✻✻ ✻✻



မြိုင်သည် ကြယ်ရောင့်ကို အေးအေးဆေးဆေးတွေ့ပြီး ထိုစကားတွေ ပြောဖို့ အတော် အားမွေးခဲ့ရပါသည်။

အခုမှ ပြန်တွေ့ခွင့် သိခွင့်ရသော ညီမလေးအတွက် တစ်ခုခု မြိုင့်ဘက်မှ ပေးဆပ်ချင်သည်။

တုန်တုန်လေးက ကြယ်ရောင်ကို သံဘောကျရှာတာ ဆိုတော့ . . ။

ပင့်သက်ကလေး အကြိမ်ကြိမ်ရှိုက်ရင်း မြိုင် ဆုံးဖြတ်ချက်ချလိုက်သည်။

ဟိုဖက်ခြံထဲမှာ ကြယ်ရောင်က သီချင်းဖွင့်ရင်း ကားကို ကိုယ်တိုင်ရေဆေးပြီး ပေါ်လစ်ရှိ တိုက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သရီးကွာတား ဘောင်းဘီအနက်နှင့် အပေါ်က မီးခိုးရောင် တီရှပ်နှင့် ဖျပ်လတ်တက်ကြွစွာ ပေါ်လစ်၍ ဇိုက်နေပုံက အဝေးကပင် ကြည့်ကောင်းနေသည်။

သူ့အရပ်မြင့်မြင့်ကြီးကို ခါးကိုင်းပြီး အဝတ်စနှင့် ပွတ်နေပုံက ဘေးဘီကိုပင် အာရုံမရှိ။

ဖွင့်ထားသော သီချင်းကိုလည်း သူ လိုက်ဆိုနေ သည်။

ငါလေ အန္တရာယ်ဟာ လုပလို့ စွဲလန်းမိတော့ . . ။

ရင်မှာ ချိမြိန်အဆိပ်တက်နေတုန်း . . .

ဒါကို ရှောင်နိုင်ရင် ကောင်းရဲ့လို့ စဉ်းစားလိုက်တော့

ကျော့ကွင်းရမ္မက်မှာ တုပ်မိနေပြီ . . ။

အချစ်ဟာ ရက်စက်တတ်တယ် . . .

မယုံချင်ပေမယ့်လည်း . . .

ချစ်လွန်းခဲ့သမျှ အရှုံးများ တွေ့လာတယ် . . .

''ကြယ်ရောင်''

''ဗျာ''

ပန်းနုရောင်ဝတ်စုံလေးဖြင့် သူ့နားရောက်လာသူကို တွေ့တော့ ကြယ်ရောင် အံ့သြရင်ခုန်သွားသည်။





''မမ''

''ကြယ်ရောင်ကို ပြောစရာရှိလို့''

''ဘာများလဲ မမရဲ့''

မြိုင်လေး မျက်နှာတည်ငြိမ်လေးနက်နေတာကြောင့် သူ မျက်မှောင်ကုတ်သွားရသည်။

''မင်းအလုပ်ပြီးရင် ခဏလောက် စကားပြောရအောင်''

''ကျွန်တော် ပြီးပြီလေ၊ မမ ဘာတွေအရေးကြီးလဲ၊ အခုပဲ ပြောလိုက် ရတယ်''

သူက အရေးမကြီးဟန်ဖြင့် ဆိုသည်။

မြိုင်လေးအဖို့က ဒီစကားတွေကို နှလုံးသားကို အရင်းပြု စတေးပြီးမှ ပြောရမှာပါ။

''ကြယ်ရောင်၊ မင်းကို အတော်ကြီး သဘောကျနေတဲ့ မိန်းကလေးတစ်ယောက် ရှိနေတယ်၊ အဲဒါ ဘယ်လို ဆုံးဖြတ်ပေးမလဲ''

''ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



မမမြိုင်စကားကို သူ နားမလည်အောင်ဖြစ်သွားရသည်။ ဟိုတစ်ခေါက်ကလည်း သူ့ရင်ထဲမှာ 'ချစ်မြတ်နိုးရတဲ့ မိန်းမတစ်ယောက် ရှိတယ်ဆိုတာ ဖွင့်ပြောပြပြီးသားပါ။

အခု ဘာဖြစ်လာရပြန်တာလဲ။

"မင်းနဲ့ တုန်တုန်နဲ့ ဖုန်းပြောရင်း တစ်စတစ်စ ရင်းနှီးနေပြီဆိုတာ မ သိပါတယ်။ တုန်တုန်လေးအပေါ် ပေါ့တီး ပေါ့ဆ မလုပ်ဘဲ အလေးအနက် ရည်ရွယ်ပါလို့ တောင်းပန် ချင်တယ် ကြယ်ရောင်ရယ်"

"ဟာ . . မမမှားနေပြီ၊ သူ့ကို ကျွန်တော် အပျော်လည်း သဘောမထားဘူး၊ အတည်လည်း ဘာတစ်ခုမှ မရည်ရွယ်ဘူး။ သူ ဖုန်းဆက်ရင်-ပြန်ပြောတာလည်း ရိုးရိုးသားသားပဲ၊ မမ မယုံရင် အိမ့်သဲတုန်ကို မေးကြည့်ပါ၊ ကျွန်တော့်ဘက်က လုံးဝ ကင်းရှင်းတယ်၊ အရိပ်အယောင်လေးနဲ့တောင် မပြစ်မှားပါဘူး"

"အို . . သူက ကြယ်ရောင့်ကို မျှော်လင့်နေတာ"

"ဒါတော့ ကျွန်တော် မသိဘူး . . . ကျွန်တော်နဲ့လည်း မဆိုင်ဘူးထင်တယ်"





"ဒီလို မပြောပါနဲ့ ကြယ်ရောင်၊ မင်း သူ့အပေါ် ပစ်ပစ်ကာကာ မလုပ်ပါနဲ့"

"မမ ဘယ်လိုဖြစ်နေတာလဲ၊ ကျွန်တော်ချစ်တာ တစ်ခြားတစ်ယောက် မမသိပါတယ်"

"မသိဘူး။ မင်းချစ်ရင်လည်း ရင်ထဲမှာပဲ အပြီး သိမ်းထားလိုက်တော့"

"အား . . . ဘယ်ဖြစ်မလဲ"

"ကြယ်ရောင်ကို မိန်းကလေးတစ်ယောက်က အရူးအမူး ချစ်နေတာပါ၊ မင်း ဂုဏ်ယူပါ၊ သူက ရုပ်လည်းချောတယ်၊ ချမ်းလည်း ချမ်းသာတယ်၊ ချစ်စရာလည်း ကောင်းတယ်၊ မင်းနဲ့လည်း လိုက်ဖက်တယ်"

"ဒါက မမမြိုင်ပြောတာလေ၊ ကျွန်တော်မှ ဗီလင် မလာတာ၊ ရှုပ်တယ်ဗျာ၊ ပွင့်ပွင့်လင်းပဲ ပြောလိုက်တော့မယ် ကျွန်တော်ချစ်တာ မမပဲ၊ မမမြိုင်ကို ချစ်တယ်ဗျာ . . ကဲ"

"မင်း . . . မင်း . . . အဓိပ္ပါယ် မရှိတာတွေ သွား မပြောနဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူက မြန်းကနဲ မြိုင့်ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ထို့နောက် မျက်လုံးထဲ တည့်တည့်စူးစူး စိုက်ကြည့် ပြီး . . .

"မမ . . . အချစ်ဆိုတာ ဆန်းတယ်ဗျ၊ ကျွန်တော် မ, ကို အရူးအမူး ချစ်နေတယ်၊ အဲဒါကိုရော ဘယ်လို သဘော ထားမလဲ . . . ပြောစမ်းပါ"

"မင်းနဲ့တို့နဲ့ မဖြစ်နိုင်ဘူး"

"ဘာလို့ မဖြစ်နိုင်ရမှာလဲဗျ၊ မမလည်း ကျွန်တော့်ကို ချစ်နေပါတယ် . . . မညာပါနဲ့"

"အို . . . ကြယ်ရောင်နော်၊ မင်း ငါ့ကို လွှတ်စမ်း"

"မလွှတ်ဘူးဗျာ"

"တစ်ယောက်ယောက်မြင်ရင် ဘယ်လို ထင်မလဲ၊ မယ်စမ်းဆိုကွာ"

မြိုင်က သူ့လက်တွင်းမှ ရုန်းထွက်ရာ ကြယ်ရောင်က မလွှတ်ဘဲ ပိုမို တင်းကြပ်စွာ ဆုပ်ကိုင်ပြီး မြိုင့်ကိုယ်လေးကို သူ ဖက်ဆွဲယူသည်။





"ဘယ်သူမြင်မြင် ဂရုမစိုက်ဘူးဗျာ၊ ကျွန်တော် မမမြိုင်ကို ချစ်တယ်၊ တအားချစ်နေတယ်"

ပြောမည့်ပြောတော့လည်း ကြယ်ရောင့် အမူအယာက ဖွတ်တစ္ဆေကြီး . . .။ မြိုင်လေး ရှက်ရှက်နှင့် ဘေးဘီကို ဝေ့ဝဲကြည့်မိ၏။ ဘယ်သူမှ မရှိ၊ ဒါပေမယ့်လည်း သူမ ရှက်လန့်တကြား ရုန်းမိသည်။

"မ, မင်းကို လက်မခံနိုင်ဘူး၊ ဖယ်၊ မင်း တုန်တုန့်ကိုပဲ ချစ်ရမယ်"

"အိုဗျာ . . . အဓိပ္ပါယ်မရှိတာ၊ ကျွန်တော်ချစ်တာ မမ ဟောဒီက မမပါ"

"တော်စမ်း ကြယ်ရောင်"

မမမြိုင်ပုံစံကြောင့် သူ ပိုဒေါကန်သွားသည်။ သူ့ကို မချစ်လို့ ငြင်းတာမဟုတ်ဘဲ တစ်ခြား မိန်းကလေးဆီ ဖွတ်ထွန်းမို့နေတာ သူ မခံနိုင်။

သူ့စိတ်တွေ ပေါက်ကွဲကာ မမမြိုင်ကို ကားဂိုဒေါင်ဘက်လေးဆီ အတင်းအကြပ် ဆွဲခေါ်လာမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်သူလည်း ဘာကြောင့် ဒီလို ပြုမူမိမှန်း မသိတော့ပါ။ ချစ်နေတဲ့သူ စိတ်တွေကို ထိန်းမရ သိမ်းမရတော့ပါ။

ပထမတော့ စိတ်တိုလို့ သူမလွှတ်တာ။ ဒါပေမယ့် အထိအတွေ့ နွေးနွေးတို့ကို ကြုံရသောအခါ ကြယ်ရောင့် ရင်ထဲ ဘာဖြစ်သွားမှန်းမသိပါ။

မမကို နမ်းလိုက်ချင်စိတ်တွေက ပြင်းပြလာသည်။

"ကြယ်ရောင် . . . မင်း ဘာလုပ်တာလဲ . . လွှတ်"

"ချစ်တယ်ဗျာ . . မမကို အရမ်းချစ်တယ်"

သူမကိုယ်လုံးလေးကို ဂိုဒေါင်နံရံမှာ ဖိကပ်ကာ လက်ကလေးတွေပါ ဖိကပ်ထားရင်း မြိုင်လေး မျက်နှာကို သူ့မျက်နှာနှင့် ဖွတ်ထိကပ်လိုက်သည်။

သတိလက်လွတ်နှင့် သူ နမ်းရှိုက်ပစ်လိုက်သည်။

ကျွန်တော့်ကို ငြင်းဦးလေ . . ။ တခြားမိန်းကလေးဆီကို သွားခိုင်းဦး . . ။

"ဟင့်အင်း"





မြိုင်က ခေါင်းလေးယမ်းပြီး ရုန်းသည်။ သူက အချစ်ဆိပ်တတ်နေပြီမို့ မရတော့။

အထိအတွေ့ နွေးနွေးက သူ့ကို ယစ်မူးသွားစေ သည်။ မြိုင့်တစ်ကိုယ်လုံးက သွေးလှည့်ပတ်မှုတွေ မြန်ဆန် သွားပြီး ရင်ထဲဖိုလျှက် လှိုက်တုန်လာသည်။

ဒီကောင်လေးကို လျှော့တွက်မိတာ မြိုင့်အမှားပါပဲ။

သူ့ ရင်ခွင်ထဲကနေ မြိုင် ဘယ်လိုမှ ရုန်းလို့ မရ၊ ရင်အစုံက မြင့်ချီနိမ့်ချည် အသက်ရှူရင်း သူမ မောပန်းလာသည်။

"ဟင့်အင်း . . . အင်း"

မြိုင်လေးညည်းညူသံကိုပင် ဂရုမပြုနိုင်ဘဲ အရာအားလုံးကို တစ်ခဏ မေ့သွားမိသည်။

"ကြယ်ရောင်ရယ် . . မကို လွှတ်ပါ"

သူမ တိုးဖွဖွ တောင်းပန်မိသည်။

သူ့ကို ထုရိုက်မိသော လက်ကလေးတွေကို သူ လာဖမ်းဆုပ်ပြီး ရှိုက်နမ်းသဖြင့် ရုန်းကန်နိုင်စွမ်းတွေ မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ သူ့အနမ်းတွေနှင့် လူက ပျော့ယိုင်ပြီး အသက်ရှူ မှားနေရသည်။

အချိန်တစ်ခဏလေးမှာ သတိလက်လွတ်နှင့် မြိုင် သူ့ရင်ခွင်ထဲ ကျရှုံးသွားရတာ မယုံနိုင်စရာ။

စိတ်ဆိုးဖို့ပင် အချိန်မရလိုက်။

သူ့လက်မောင်းတွေက မြိုင်လေး တစ်ကိုယ်လုံးကို မြွေတစ်ကောင်ကဲ့သို့ ရစ်ပတ်ညှို့ယူထားသည်။

သူ့မျက်နှာကို မကြည့်ရဲအောင်ပင် မြိုင် ရှက်အားပိုနေမိသည်။

''မ့, ပြန်မယ် ဖယ်ပါ''

''မရဘူး . . . မောင့်ကို ချစ်တယ်လို့ ပြော''

''မင်း . . . လွန်ပြီနော်''

''စိတ်မဆိုးပါနဲ့ မ်,ရယ် . . . ကျွန်တော် အရမ်းချစ်လို့ပါ''

''သွား . . . အပိုတွေ လာမပြောနဲ့ . . . မင်းကို ⊜ကြောက်သွားပြီ''





''မကြောက်ပါနဲ့ဗျာ . . . မကို ဘာမှ မလုပ်ပါဘူး''

''ဟင့်အင်းကွာ . . . လွှတ်''

ရှက်အမ်းအမ်းနှင့် မြိုင်က အတင်းရုန်းသည်။ သူ က တထစ်လျှော့ပြီး တင်းတင်းကျပ်ကျပ်ကြီး မဟုတ်သည့် တိုင် မြိုင့်ကို မလွှတ်ဘဲ ဖက်ထားသေးသည်။

သူ့ပုံစံက ပြန်မလွှတ်ချင်တဲ့ပုံ။

''မင်း ချစ်သင့်တာက မ,ကို မဟုတ်ဘူး''

''အိုဗျာ . . . သင့်တာတွေ မသင့်တာတွေ ကျွန်တော် မသိဘူး''

''မ်, တောင်းပန်ပါတယ်၊ မ, မေ့လိုက်ပါ''

''ဟာဗျာ . . . အခုမှ ချစ်မလို့ ကြံနေတာ၊ မုန်းတာ မေ့တာတွေ လာမပြောနဲ့၊ မ,ကို ချစ်ခွင့်ရဖို့ မောင် ဘယ်လောက် စွန့်စားရလဲ သိလား''

''ဒါ . . စွန့်စားတာလား . . ကဲ''

မြိုင်က သူ့လက်ဖျံကို လက်သည်းလေးနှင့် ဖိဆိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား . . . မလုပ်နဲ့လေ"

"မ, စကားကို နားမထောင်ဘူးလား"

"မ,ကလွဲလို့ ဘယ်သူမှ မချစ်နိုင်ပါ"

သူက သီချင်းစာသားလေးတစ်ခုကို ပျော်နေသံနှင့် ဆိုသည်။

"ငပေါလေး"

"အချစ်ကြောင့် ပေါသွားတယ်လေ၊ ဘာဖြစ်လဲ"

"ခက်တယ် . . . ကြယ်ရောင်ရယ်၊ ညီမလေးက မင်းကို အရမ်း စိတ်ဝင်စားနေတယ်"

"ဘယ်က ညီမလေးလဲ"

"တုန်တုန်လေးပေါ့"

"သွက်ပြီး ကဲလွန်းတယ်၊ မောင်လုံးဝ ကြည့်မရဘူး"

"ဟယ် . . . ညီမလေးကို အဲလို မပြောပါနဲ့"

"မှန်တာပြောတာပဲ"

"မ, ညီမကို မဝေဖန်ရဘူး"

"အဖြစ်မသည်းနဲ့ဗျာ၊ သူများအကြောင်းတွေ အရေးကြီးမနေနဲ့ မောင့်ကိုချစ်လား ဖြေ"





"သူများအကြောင်းမဟုတ်ဘူး၊ တုန်တုန်လေးက မြိုင့် ညီမအရင်း"

"ဘာတွေ လာပြောနေတာလဲ"

"အို . . ဒါ ညာစရာလား"

"မ, အမေနဲ့ ပြန်တွေ့ရပြီဆိုတော့ အရင်လို အားငယ်စရာ မလိုတော့ဘူးပေါ့၊ အပျိုကြီးရာ ရည်းစားထားဖို့လည်း နောက်တောင် ကျနေပါပြီ၊ မြန်မြန် အဖြေပေးလိုက်တော့"

"အောင်မယ် . . . မပေးနိုင်ပါဘူး"

"ဒါဆို ထပ်တစ်ခါ နမ်းလိုက်မယ်"

"ကြယ်ရောင်နော်"

မြိုင်လေးက သူ့ရင်ဘတ်ကို တွန်းထုတ်ပေမယ့် သူ မြိုင်လေးနှင့် ခပ်ခွာခွာ မနေနိုင်။

"ကောင်းကောင်းနေကွာ"

"ကောင်းကောင်းနေတာပဲ"

"မ,ကို လွှတ်ပြီးပြော"

"ဖက်ထားပြီးတော့ပဲ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အဲဒါကြောင့် မုန်းတာပေါ့၊ မ,ကို အထင်သေးတဲ့သဘော"

"မဟုတ်ရပါဘူးဗျာ၊ ချစ်လို့ . . . ချစ်လို့"

"တော်ပြီ . . . မပြောနဲ့တော့"

မြိုင်က မျက်နှာချွေးချွေးလေးကို သူ့ဖက်မလှည့်ဘဲ လွှဲထားပြီး ပြောနေတာ။

ရီဝေဝေးစိုက်သော သူ့မျက်လုံးအကြည့်ကြောင့် ခုထိ ရင်တုန်မပြယ်သေး။

စ,ရောက်လာတုန်းက သူ့ကို တုန်တုန်နှင့် ဝံ့ကိုက် တွန်းနားချဖို့ . . .။

အခုတော့ ရည်ရွယ်ချက်တွေလည်း ပြောင်းပြန် ဇောက်ထိုးဖြစ်ကုန်ပြီ။

"ပြောပါရစေ မမရယ်၊ မောင့်ကို ပြန်ချစ်ပါနော်"

"ဟင့်အင်း"

"အဲဒါဆို မမ မပြန်ရဘူး"

တိတ်ဆိတ်နေသော ကားဂိုဒေါင်လေးသည် သူတို့





နှစ်ဦး ပွင့်လင်းသွားသော အမှတ်တရ နေရာလေးတစ်ခု ဖြစ်သွားရပါပြီ။

ကြယ်ရောင့် ရင်ထဲမှာ အလိုလို ပျော်နေသည်။

သို့ပေမယ့် မြိုင်လေးဆီက အဲဖြေမရသေးတာ တစ်ခုကို စိတ်မချနိုင်သေး။

"မ, ကို မေ့လိုက်၊ ခေါင်းထဲက ထုတ်ပစ်လိုက်၊ တုန်တုန်လေးကို ချစ်လိုက်ဖို့ ကြိုးစား"

"လွယ်လွယ်လေး မပြောပါနဲ့ဗျာ၊ အဓိပ္ပါယ် မရှိတာ ထပ်မပြောနဲ့၊ ခင်ဗျားက အချစ်ကို စွန့်လွှတ်တဲ့ သူရဲကောင်း မကြီး ဖြစ်ချင်ပေမယ့် ကျုပ်ဘက်က မဖြစ်နိုင်ဘူး၊ ခင်ဗျားကို မြန်မြန်ပဲ ပိုင်ဆိုင်ချင်တယ်"

မြိုင်က နှုတ်ခမ်းလေးမဲ့ကာ ခေါင်းယမ်းသည်။

မြန်မြန်တဲ့ . . . ဖြစ်နိုင်မလား။

"ကြယ်ရောင်ရယ် . . .တုန်တုန်သိရင် မအပေါ် အမြင်စောင်းပြီး တစ်မျိုးဖြစ်သွားမှာပေါ့၊ သူစိတ်ဆိုးမှာ မ, မလိုချင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မဆိုင်တာပဲ မမရယ်"

"တို့ ညီမလေးကို အခုမှ သိရတွေ့ရတာ ကြယ်ရောင်ရဲ့"

"သေချာတာကတော့ သူ့ကို မောင် တစ်သက်လုံး ကြိုက်မှာ မဟုတ်ဘူး၊ မ အဖြေမပေးဘူးဆိုရင်လည်း အဲဒီကိစ္စက မဖြစ်နိုင်ဘူး၊ လုံးဝ အတိအကျပဲ၊ မ,သာ ခပ်ကြောင်ကြောင် လျှောက်မပြောနဲ့တော့၊ မောင့်ရင်ခွင်ထဲမှာ ဒီလိုလေးပဲ နေလိုက်ဖို့ စဉ်းစား"

"အို . . . မစဉ်းစားနိုင်ပါဘူး"

သူက သူ့ပခုံးပေါ် အတင်းခေါင်းမှီစေသည်။

မြိုင်က ခေါင်းကို ပြန်မတ်လိုက် သူက လက်ဝါး နှင့် ဖိချလိုက်နှင့် ရှုပ်ယှက်ခတ်နေရသည်။

မြိုင်လည်း ဒီ ပခုံးထက်မှ မမှီချင်လို့ဖြင့် မဟုတ်ပါ။ သို့သော် ရင်ထဲမှာ မလုံ။ မြိုင်ဟာ တုန်တုန်ကြိတ်သဘောကျနေမှန်း သိရက်နဲ့ ကြယ်ရောင်နှင့် ဖွတ်ရှေ့တိုး ချစ်သင့်ရဲ့လား။

မြိုင်စိုးရိမ်နေသည်။





အခုမှ သိရတဲ့ အစ်မအပေါ် တုန်တုန် မမုန်းစေချင်ပါ။ အိမ့်သဲတုန်လေး မုန်းမှာ မြိုင်ကြောက်နေသည်။

ကြယ်ရောင်ဘက်ကလည်း မမမြိုင်လေး သူ့ကို နှစ်သက်ပေမယ့် စိတ်ထဲ ဒွိဟဖြစ်ပြီး တွေဝေနေတဲ့ အကြောင်းရင်းကို သိသွားရပါပြီ။

မမမှာ သတ္တိတွေ ရှိဖို့ လိုအပ်နေသည်။

စွန့်စားရဲဖို့ သူအားပေးရမည်။

"မမ"

"ဘာလဲ"

"ထူးပုံကလည်း ကဗျာမဆန်လိုက်တာဗျာ၊ ဘာပဲဖြစ်ဖြစ် ဒီနေ့ကစပြီး မနဲ့မောင်နဲ့ ချစ်သူဖြစ်ပြီ"

"မဖြစ်ပါဘူး"

"ဒီမှာ သက်သေရှိတယ်"

ခုထက်ထိ နွေးရှရှ ရှိနေဆဲ မြိုင့်နှုတ်ခမ်းလေးကို လက်မနှင့် ဖွဖွပွတ်ဆွဲပြီး မချင့်မရဲနှင့် ဆိုသည်။

မြိုင်လေးက သူ့ကို မျက်စောင်းထိုးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြုအမူဟာ တဆိတ်တော့ ရဲတင်းပြီး ဇွတ်တရွတ်ဆန်ပေမယ့် တကယ်တမ်း မြိုင် အပြစ်မတင်ရက်တာဟာ မြိုင့်ရင်ထဲမှာလည်း အနှစ်နှစ်အလလက သူ့အပေါ် သက်ဝင်မြတ်နိုးနေမိလို့ပဲ ဖြစ်မှာပါ။

ပေါက်ကွဲမှုဆန်လှသော သူ့အချစ်မှာ မြိုင်လည်း ဆန်းကြယ်စွာ အငိုက်မိ မျောပါခဲ့သည်။

စိုးတထိတ်ထိတ်နှင့်ပဲ တိတ်ဆိတ်စွာ ချစ်တုန့်ပြန်မိသွားသည်ဟုပဲ ဆိုပါတော့။

တစ်ခါတစ်ရံမှာ တစ်ခုခုနှင့် ဒုန်းဆို အမှတ်မထင် ဝင်တိုက်မိသလိုပဲ မြိုင်ရော သူရော အချစ်နှင့် ဝင်တိုက်မိကြသည်။

လာတွန်းတိုက်မိသော အချစ်ကို ဘယ်လိုမှ မရှောင်နိုင်။ သတိပြုမိတဲ့ အချိန်မှာ အချစ်ဆိုတဲ့ အရာက နှလုံးသားကို သိမ်းပိုက်နှင့်ပြီလေ။

✳✳ ✳✳ ✳✳



ပူးဖူးနှိုင်းအတူ သာကေတဘက်ရောက်တုန်း ရွှေမုဋ္ဌော်မှာ ဒိုမိဒို ဝင်စားရင်း အပြန်မှာ ကိတ်နှင့် အီကလဲမုန့်တွေ ဝယ်ယူရင်း မြိုင်ကြော့စိတ်မှာ ရုတ်တရက်ပင် ဦးခေါင်မင်းတင်ကို သတိရလိုက်ပါသည်။

ခြေထောက်နှင့် ခါးက ဒဏ်ရာသက်သာရဲ့လား။

ခုတလော မြိုင်လည်း အဲဒီကို မရောက်ဖြစ်၊ ကိုယ့်ကိစ္စနှင့်ကိုယ် မအားလပ်တာကြောင့် သွားမကြည့်ဖြစ်တာ။

လောလောဆယ် ဂျိုင်းထောက်နှင့်ပဲ လျှောက်နေရတော့ အလုပ်ဆင်းနိုင်ဦးမှ မဟုတ်။

ဦးခေါင်မင်းတင်က စက်ရုံတစ်ခုမှာ ယာဉ်မောင်းသူပါ။



www.burmeseclassic.com

www.burmeseclassic.com



အခု ယာဉ်မမောင်းနိုင်သေးတော့ သူ့မှာ ဝင်ငွေပြတ်နေရောပေါ့။

ရွှေပုဇွန်က ရွှေခြည်နှင့် ကွတ်ကီးတွေ ဝယ်ရင်း . . .

"ပန်းဖူးရေ . . . ငါ တောင်ဒဂုံဘက် ခဏဝင်မယ်နော်၊ ငါ ပြောထားတဲ့ ဦးလေးကြီးအိမ် မုန့်ဝယ်ပေးချင်လို့"

"အင်း . . သွားလေ၊ နီးနေတာပဲ"

သာကေတရောက်တုန်း တောင်ဒဂုံဘက် ဝင်လိုက်တာ ဘယ်လောက်မှ ခရီးမဝေးတော့ဘူးလေ။

ဒီလိုနှင့် ကားပေါ်တက်ကာ ဦးခေါင်မင်းတင် အိမ်ဆီသို့ ရောက်လာခဲ့ကြသည်။

ဦးလေး ခေါင်မင်း တပည့်က အိမ်ရှေ့ထွက်လာ သည်။

"မောင်လေး . . . ဦးလေးကြီး မရှိဘူးလား"

"အိမ်ပေါ်တက်ပါဦး အစ်မ၊ ဦးလေး အခုပဲ လမ်းလျှောက်ထွက်သွားတယ်၊ ဒီနားလေးပဲ သွားတာ ပြန်လာတော့မှာပါ၊ နည်းနည်း ပြန်လျှောက်ဖို့ လေ့ကျင့်နေတာလေ"

"ဪ . . ဟုတ်လား၊ ဦးလေး သက်သာရဲ့လား"





"အခြေအနေ မဆိုးပါဘူး မမ၊ ဖြည်းဖြည်းတော့ လျှောက်ကြည့်နေတာပဲ"

"ပန်းဖူး ထိုင်လေ၊ . . . ခဏစောင့်ရအောင်"

ပန်းဖူးက ဦးခေါင်မင်းတင် ဓာတ်ပုံကို သေချာကြည့်ပြီး . . .

"ဟဲ့ . . . ဒီဦးလေးကြီးက ငါ့လေးလေး စက်ရုံမှာ ကားမောင်းတာ ထင်တယ်"

"ဟင် . . ဟုတ်တယ်"

ပန်းဖူးက အနားတိုးကပ်လာပြီးလျှင် လေသံကို နှိမ့်၍ ခပ်တိုးတိုးဖြင့် . . .

"နင် သူ့အကြောင်းသိလား"

မြိုင် မျက်ခုံးလေးပင့်ကာ . . .

"ဘာအကြောင်းလဲ"

"အဲဒီလူကြီးက ရိုပ်ပ်မှုနဲ့ အထဲဝင်ဖူးတယ်ဟဲ့"

"ဟင် . . . ဟုတ်လား"

"သူ ကားသွားမောင်းတဲ့အိမ်က သူဌေးသမီးနဲ့



www.burmeseclassic.com

www.burmeseclassic.com



လွန်လွန်ကျူးကျူး ဖြစ်တာတဲ့၊ သူဌေးသမီးက အလိုမတူတာတဲ့၊ သူ့မှာ လက်ထပ်ရမယ့် သဘော်အရာရှိက ရှိပြီးသားတဲ့၊ အဲဒီ ပြဿနာနဲ့ အိုးလေးတကြော်ကြော် ဖြစ်သွားခဲ့တာ၊ ဒါကြောင့် လေးလေးက အလုပ်ခန့်တော့ ငါ့အဒေါ်က နာမည်ပျက်ရှိတာ မကြိုက်ဘူးပေါ့ဟာ၊ နင်လည်း နောက် ဆိုရင် ဒီကို တစ်ယောက်ထဲ စွပ်စွပ်မလာနဲ့၊ လူဆိုတာ တချို့ က ဘာမှန်းမြော်လို့ ရတာ မဟုတ်ဘူး၊ သူတို့စိတ်ထဲ ဘာ အကြံအစည်ရှိတယ်ဆိုတာ မှန်းလို့ ရတာမဟုတ်ဘူး၊ ပိုက်ဆံ ထပ်ပေးရင် အပြတ်ပေးလိုက်၊ သိလား၊ တအိအိနဲ့ ဝင်ထွက် မနေနဲ့၊ ဆေးကုတာလည်း သူ့ဘာသာ ကုပစေပေါ့''

ဟိုကောင်လေး မီးဖိုခန်းဘက် ဝင်သွားတုန်း ပန်းဖူးက သူသိသမျှ ဖောက်သယ်ချနေတာပါ။

ပထမတော့ အသံက ခပ်တိုးတိုး နောက် စိတ်ပါ လက်ပါပြောတော့ ကျယ်မှန်းမသိ ကျယ်လာရာ . . .

''အဟမ်း . . . ဟမ်း''

ချောင်းသံပေးလိုက်မှ နှစ်ယောက်သား ထိပ်ခနဲ ကြည့်မိကြသည်။





ဦးလေးကြီးက ခြံဘေးပေါက်က ဝင်လာတာ ဖြစ်မည်။ ဒေါင့်ခြမ်း ဟိုဘက်ကရော ဒီရှေ့ဘက်ရော ဝင်လို့ ရနေတာ မြင်တို့က သတိမပြုမိ။

အဝင်လမ်းတစ်လမ်းကိုပဲ လှမ်းကြည့်ပြီး အတင်း အုပ်နေမိတာ။

ပန်းဖူးမျက်နှာလေးက ကြောင်အမ်းအမ်းနှင့် နီမြန်း သွားသည်။ ကြားများ ကြားသွားပြီလားဆိုတဲ့ အမူအယာက အလန့်တကြား။

''ဟား . . .ဟား ဦးလေးအကြောင်း ပြောနေတာ ထင်တယ်''

''ရှင်''

''မှန်ပါတယ်ဗျာ၊ ဦးလေးမှာ သိပ်ရုပ်ဆိုးအကျည်း တန်တဲ့ အဖြစ်ဆိုးကြီးတစ်ခု ရှိပါတယ်။ အဲဒီ အတိတ်ကို ပြန်ပြင်လို့ မရတဲ့အတွက် ဦးလေး တစ်သက်လုံး နောင်တ အကြီးအကျယ် ရပါတယ်။ အပြစ်ဒဏ်ခံပြီးပေမယ့် ဒီနေ့ထက်ထိ ဦးလေးကိုယ်ဦးလေး ခွင့်မလွှတ်နိုင်သေးပါဘူးကွယ်''



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဦးခေါင်မင်းအသံက ဆို့နစ်ကြေကွဲနေမိ၏။

သူဖြေမဆည်အောင် နောင်တရနေတာယ်ဆိုတာ မြိုင်ကြော့ ယုံသည်။

ရိုးသား အေးချမ်းစွာ တည်ငြိမ်ထည်ကြည်စွာ နေတတ်သော ဦးလေးကြီးမှာ ဒီလို နောက်ကြောင်းသမိုင်း မျိုး ဒီလို ရုပ်ပျက်ဆင်းပျက် အကျည်းတန်အဖြစ်အပျက်မျိုး ရှိနေတယ်ဆိုတာ မြိုင် မယုံချင်။

တကယ်တော့ ဦးလေးကြီးဟာ နက်ရှိုင်းနက်နဲလှ သော အချစ်နွံကြီးမှာ မတော်တဆ ကျွံရင်း ရုန်းမရခဲ့တာ ဖြစ်သည်။

✳✳ ✳✳ ✳✳



စနေနေ့ ညရဲ့ မိုးသည်းထန်သော ညဦးပိုင်းတစ်ခု မှာ လူကြီးတွေအိမ်မှာ မရှိခိုက် ခေါင်မင်းက သီရိကျော်တို့ မီးဖိုခန်းသို့ ရောက်လာသည်။

"ဒေါ်လုံးရေ . . . ဒေါ်လုံး"

အသံကျယ်ကြီးနှင့် အော်ခေါ်သဖြင့် စုံထောက်ဝတ္ထု စာအုပ်ကို ဇိမ်ယူခံစား ဖတ်ရှုနေသော သီရိက စိတ်အနှောင့် အယှက်ဖြစ်သွားရပြီး စာအုပ်ကို ဘုတ်ခနဲ ပစ်ချလို့ မီးဖို ချောင်ဆီ လျှောက်ခဲ့သည်။

သူမ ခြေသံက ခပ်ပြင်းပြင်း . . .။

ချောသလောက်၊ လှသလောက်၊ မာနကြီးတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူ့ဒွေးသမီး . . . ။ ကျောင်းသွားရင် ခေါင်မင်းက ကားမောင်းပြီး လိုက်ပို့ရပေမယ့် သူမက အပိုစကားတစ်ခွန်းမဆို။

ကားနောက်ခန်းမှာ ခပ်ကြော့ကြော့လေး ဝင်ထိုင် ပြီး ကျောင်းရှေ့ ကားရပ်လျှင် တံခါးကို စောင့်ကနဲ ပိတ် ကာ ဆင်းသွားတတ်စမြဲ။

ခေါင်မင်းလို ဒရိုင်ဘာကို တစ်စက်မှ အရေးမလုပ်။

တစ်ခါက သူ နှင်းဆီပန်း တစ်ပွင့် ဝယ်ပေးကာ လက်ဆောင်ပေးတဲ့နေ့က ပန်းကို ဆွဲယူပြီး အဝေးကို လွှင့်ပစ်လိုက်သဖြင့် ခေါင်မင်း အတော်ရှက်သွားရသည်။

လူလူချင်း အဆင့်အတန်း ခွဲခြားလုတာကို မခံချင်။

ခေါင်မင်း ဒီအိမ်မှာ ဒရိုင်ဘာလာလုပ်တာဟာ သူမကို အရူးအမူးချစ်လို့၊ သူမလေးနှင့် နီးစပ်ရင်းနှီးခွင့် ရချင်လို့ပါ။

ဆယ်တန်းအောင်ထားပြီးသား သူ့ကို အမေက ကားဒရိုင်ဘာ မလုပ်စေချင်ပေမယ့် သီရိဆိုသော မိန်းမလှလေးကြောင့် သူက ဇွတ်အလုပ်ဝင်လာခဲ့တာပါ။





"ဟဲ့ . . . ဒီမှာ အသံပြဲကြီးနဲ့ အော်မနေနဲ့၊ ဒေါ်လုံး ဖျားလို့ အိပ်နေတယ်၊ နင် ထမင်းစားချင်ရင် နင့်ဘာသာ အေးအေးဆေးဆေး ခူးခပ်စားသွား"

မိုးအေးအေးမှာ စာဖတ်နေတာ ဇိမ်ပျက်သဖြင့် သီရိကျော် အသံလေးက ခက်ထန်မာကြောပြီး မျက်နှာလေးကလည်း စူပုတ်တင်းမာနေသည်။

"ခဏနေပါဦး သီရိရယ်၊ ကျွန်တော့် မြင်တိုင်း ဘာလို့ ဆူပုတ်နေတာလဲ"

"အောင်မာ၊ ဒရိုင်ဘာက ရာရာစစ၊ ငါ့ဘာသာ စူပုတ်တော့ရော နင့်အပူလား၊ ဟွန်း ရီးတီးယားတား လာမလုပ်နဲ့၊ ဒက်ဒီ့ကို အလုပ်ထုတ်ခိုင်းပစ်လိုက်မယ်၊ ဘာမှတ်နေလဲ"

"ကျွန်တော်က ပိုက်ဆံမက်လို့ ကားလာမောင်းတာ မဟုတ်ပါဘူးဗျာ"

"ဘာပြောတယ်"

"ကျွန်တော် သီရိနဲ့ ရင်းနှီးကျွမ်းချင်လို့"



www.burmeseclassic.com

www.burmeseclassic.com



"တောက် . . . ဘာစကားပြောတာလဲ၊ လူပါး၀လှချည်လား၊ နင်ကများ၊ ငါ့ကို သေတာတောင် မဖြစ်နိုင်သေးဘူးမှတ်"

"သီရိကို ကျွန်တော်ချစ်တယ်"

ခေါင်မင်းတင် အသံက ဟိုးရင်ထဲက လာသောအသံနှင့် တိုးသဲ့လှိုက်နင့်နေသည်။

သီရိသည် မမျှော်လင့် မထင်မှတ်သော ချစ်ရေးဆိုခံရမှုကြောင့် ဒေါသနှင့် ပေါက်ကွဲသွားပါသည်။

သူလိုလူက သီရိကို ချစ်ရောလား၊ တူလို့ တန်လို့လား၊ စာန်ရာ တန်ရာ ပြောပါလား။

"ကဲဟယ် . . . အဲဒါ ချစ်ဦး"

"ဖြန်း"

လက်ကိုလွှဲကာ ဒင်းပါးကို ရိုက်ချပစ်လိုက်သည်။

ဒင်းက စော်စော်ကားကား ချစ်သလေး ဘာလေး နှင့် . . . လူကို ဘာမှတ်နေသလဲ မသိ။ ဒီလို လူမျိုးတွေကို ဒီလို ပညာပေးမှ။



သီရိက နောက်ထပ် ဖွာစ်ချက်ရိုက်ဖို့ လက်ရွယ်တော့ ခေါင်မင်းက လမ်းခုလတ်မှာ ထိုလက်ကောက်ဝတ်လေးကို ဖမ်းချုပ်ကိုင်လိုက်၏။

"လွှတ်စမ်း"

"ချစ်လို့ ချစ်တယ် ပြောတာလေးကို ဒီလောက် ဒေါသကြီးရလား"

ပါးပြင်မှာ ပူကနဲ ဖြစ်သွားသလို ခေါင်မင်း ရင်မှာ အောင့်သက်သက်နှင့် ဒေါသ ဖြစ်သွားရပါသည်။

ချစ်ရသူလေးကို ဒီလို ဒေါသဖြစ်ရလိမ့်မည်ဟု သူ တစ်ခါမှ မတွေးမိ။

"လွှတ်ဆို လွှတ်စမ်း၊ နင်က ဘာကောင်ဖို့လို့လဲ၊ အစုတ်ပလုတ်ကောင်ရဲ့၊ စော်စော်ကားကား လူပါး၀လို့"

"ဒါ လူပါး၀တာ မဟုတ်ဘူး၊ ချစ်တာ"

"ဟင် . . ကြည့်စမ်း၊ နင်"

ဆတ်ဆတ်ထိ မခံသော ကောင်မလေးကို သူ ပြန်ခနဲ ရင်ခွင်ထဲဆွဲသွင်းပစ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဖြူဖြူစင်စင် အလေးအနက်ထားသော သူ့အချစ်ကို ဒီမိန်းကလေးက နင်းခြေပစ်ရက်သည်။ အမြဲတမ်း အံကြိတ်ပြီး အလှကြည့် မြတ်နိုးနေမိသော သူ့ရင်မှာ ရုတ်တရက် စိတ်ရိုင်းဝင်လာရပါသည်။

သီရိလည်း ဖြုန်းကနဲ ဖက်နမ်းခံရမှ သူ့ပါးစပ်က အရက်နံ့ ရနေတာ သတိပြုမိသွားသည်။

ရှက်လန့်တကြားနှင့် မျက်လုံးလေးလည်း ပြူးကျယ်ဝိုင်းစက်သွားသည်။

"နင် . . . နင်"

"ကျွန်တော့်ကို စော်ကားတယ်လို့ ပြောဦးမျာ ပြောလိုက်ဦး"

ခေါင်မင်းသည် လုံးဝ မရည်ရွယ်ပါဘဲ သီရိကို အနီးက ကွပ်ပျစ်လေးပေါ်သို့ ဖွတ်လဲ့ချလိုက်ပြီး သူ့ကိုယ်ကြီးနှင့် ဖိကပ်ထားလိုက်၏။

မိုးက သည်းသည်းထန်ထန်နှင့် အငြိုးတကြီး ဝုန်းဝုန်းရွာနေသည်။





သူ့အနမ်းတွေက သီရိ မျက်နှာပေါ် မိုးနှင့်အပြိုင် သည်းထန်ကြမ်းတမ်းသွားရသည်။

ခပ်ကြမ်းကြမ်း, အပွေ့အဖက် အနမ်းအရှိက်မှာ သီရိ ခမျာ မလှုပ်သာ မလွန့်သာ။

မိန်းကလေးမို့ ပါးစပ်က စွာတာလေးပဲ ရှိတာ။

တကယ်တမ်း ယောကျ်ားလေးနှင့် မိန်းကလေး ခွန်အားမှ မမျှတာပဲ။

ခေါင်မင်းက စိတ်တိုတိုနှင့် ပေါက်ကွဲနေသူမို့ ဘာဘာ ညာညာ မစဉ်းစား။ သူမကို မလွှတ်တမ်း ကျုံးဖက်ထားသည်။

"ဒေါ်လုံးရေ . . . ဒေါ်လုံး အူး"

"သူမရဲ့ အလန့်တကြား အော်သံလေးက မိုးသံကို မထွင်းဖောက်နိုင်။

ဒေါ်လုံးက မူးနေသဖြင့် ဆေးသောက်ပြီး အိပ်ပျော်နေပြီ။ အိပ်မောပင် ကျနေသည်မို့ ရုန်းရင်းဆန်ခတ်အသံ များကို မကြား။

ခေါင်မင်းသည် အရှိုင်း လူရိုင်းလေးမို့ ဘာမှ အမှု မထားတော့။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မာနကြီးတဲ့ မိန်းကလေးကို သူရအောင် ယူပြမည်။

ဖြစ်ချင်တာ ဖြစ်ကွာ၊ မင်း ငါ့လက်ထဲက မလွတ်နိုင်ပါဘူး။

သီရိက ရှက်လန့်စွာ ရုန်းကန်လှုပ်ရှား တွန်းထိုးသည်။ ထုရိုက် ကုတ်ဖဲ့သည်။

သို့သော် မရ။ ခေါင်မင်းကိုယ်ကြီးကို တွန်းဖယ်လို့ မရ။ သူ့အထွေးအပွေ့က မြွေတစ်ကောင်လို တင်းကျပ်နေသည်။ သီရိကိုယ်လုံး အိအိလေးမှာ သူ့ရင်ခွင်ထဲ နစ်မြုပ် နေရ၏။

နူးညံ့သော အထိအတွေ့မှာ ခေါင်မင်း အသိစိတ် တွေ မှောင်မိုက်ကုန်သည်။ မုန်ယိုနေသော ဆင်တစ်ကောင် လို သူ ဘာမှ မဆင်ခြင်နိုင်တော့ပါ။

"နင် ငါ့ကို လွှတ်၊ အခုလွှတ်စမ်း၊ ခွေးကောင်"

မိုက်ရိုင်းသော သီရိရဲ့ တုန့်ပြန်မှုက သူရဲ့ အပြုအမူ ရိုင်းရိုင်းကို ပိုတွန်းအားပေးသကဲ့သို့ ဖြစ်သွားသည်။

မင်းဟာ ကိုယ့်ဇနီး ဖြစ်နိုင်သလား။ မဖြစ်နိုင်ဘူး လား စမ်းကြည့်လိုက်စမ်းပါ။





ထိုညက ခေါင်လုံး ဒယိမ်းဒယိုင် ဆင်းလာချိန်မှာ သီရိက ဝတ်ထားသော ဂါဝန်လေး ကြယ်သီးပြုတ်ထွက်ကာ ဖရိုဖရဲနှင့် ရှိုက်ငိုလို့ မျက်နှာလေး ဝှက်ထားခဲ့သည်။

ခေါင်မင်းက ထွက်မပြေး။ သူ့အပြစ်ကို သတ္တိရှိရှိ ဝန်ခံခဲ့သည်။

မထင်မှတ်သော အဖြစ်အပျက်ကြောင့် ခေါင်မင်း အရိုက်ခံရသည်။ တရားစွဲဆိုခံရသည်။ သူသည် ခေါင်းမာမာ နှင့် အံကြိတ်ကာ ပေးသမျှ အပြစ်ဒဏ်တို့ကို ခံယူခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

၅

သဘော်အရာရှိနှင့် စေ့စပ်ထားပြီးသား သီရိကျော်မှာတော့ အရှက်တကွဲ နာမည်ပျက်ကြှသည်။

ကိုညွန့်လူလည်း ထိုအကြောင်းကိစ္စများကို သိရှိရိပ်မိသွားခဲ့သည်။

ပိုဆိုးတာတစ်ခုကတော့ သီရိကျော်မှာ မထင်မှတ်တဲ့ ကိုယ်ဝန်ရသွားခဲ့တာ။ အကြံပက်စက် ရက်စက်တတ်သူ၏ ရင်သွေးကို မလိုချင်သော်လည်း လူကြီးမိဘများက မွေးဖို့ တိုက်တွန်းသဖြင့် သီရိ ထိုကလေးကို မွေးခဲ့သည်။

ဒါပေမယ့် ကလေးရဲ့ မျက်နှာမြင်ရတိုင်း ခေါင်းမင်းတင်ကို ဒေါသဖြစ် နာကျည်းရ၏။





သူ့မဘဝကို အညွန့်ချိုးသွားခဲ့သူ၊ နာလံမထူနိုင်အောင် ပျက်ဆီးစေခဲ့သူ။ ဒီလိုလူ ရင်သွေးကိုပင် သီရိက နာကျည်းမိ၏။

ကလေးက မိန်းကလေးဖြစ်သည်။

လသားအရွယ်လေးမှာပင် ခြေတံလက်တံရှည်ပုံနှင့် အရပ်မြင့် အသားဖြူပုံက သူ့အဖေနှင့် တူသည်။ မျက်လုံး၊ မျက်ခုံးနှင့် နှုတ်ခမ်းတို့ကလည်း ခေါင်မင်းတင်မှ ခေါင်မင်းတင် ချွတ်စွပ်။ သီရိကျော်မှာ ကလေးကို နို့တိုက်ဖို့ ငုံ့ကြည့်လိုက်တိုင်း ခေါင်မင်း မျက်နှာကိုသာ မြင်ယောင်မိသဖြင့် အဆင်မပြေ။

နောက်ပိုင်း နို့ဘူးသာ တိုက်ပြီး နာရီနှင့်သာ လွှဲထားမိသည်။

ကလေး နာနီ ဒေါ်ကြော့ကတော့ ကလေးကို သနားလည်း သနား၊ ချစ်လည်းချစ်သည်။ တော်တော်နှင့် အမည်ကင်ပွန်း မတပ်သဖြင့် ဒေါ်ကြော့က မနေနိုင်ဘဲ နာမည်ဝင်ပေးရသည်။ ကြာသပတေးသမီးလေးမို့ သူ့အမည်လည်းပါအောင် 'မြိုင်ကြော့ယဉ်' ဟု မှည့်ခေါ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မြိုင်လေးသည် ဒေါ်ကြော့နှင့်သာ အနေများပြီး ဒေါ်ကြော့လက်ပေါ် ကြီးပြင်းခဲ့သည်။

အိမ်ကြီးပေါ် ခဏတဖြုတ်သာ နေပြီး တကယ်တမ်း သူမဆော့ကစားရတာ ခြံထဲမှာရယ်၊ အိမ်နောက်က ဆားဗင့်ကွာတာမှာရယ်၊

မြိုင်လေးသည် ငယ်စဉ်ကတည်းက အငိုနည်းသည်။ မျက်နှာလေး ကြည်လင်ပြီး အမြဲပြုံးရွှင်သော ကလေးတစ်ယောက်ဖြစ်သည်။

သူမ နည်းနည်း စကားတက်လာတော့ မေမေဆိုတဲ့ အခေါ်အဝေနှင့် အမေ့နား ကပ်ချင်ခဲ့သည်။ သို့သော် အမေက အလုပ်များသဖြင့် သိပ်အကပ်မခံ။

တစ်ခါတရံ သူမကို ချော့မြှူပြီး တစ်ခါတရံ လုံးဝ ဉပေက္ခာပြုထားသည်။

ငယ်ဘဝ အရိပ်များသည် သူမအတွက် ခပ်ရေးရေး။ ဒီလိုနှင့် သူမ ငါးနှစ်ကျော်လာခဲ့သည်။

ကိုညွန့်လူသည် သီရိကို မြတ်နိုးလွန်းသဖြင့် ကလေး





အမေဖြစ်မေမယ့် လက်ထပ်ယူခဲ့တာ မှန်သည်။ သို့သော် ထို ကလေးအား လုံးဝ မနှစ်မြို့ မလိုလား။

သူများ မွေးစားဖို့ ပေးလိုက်ချင်ကြောင်း သီရိနှင့် တိုင်ပင်သည်။

သီရိသည် ကိုညွန့်လူ စိတ်ချမ်းသာစေချင်သော် လည်း ကိုယ့်ရင်သွေးမို့ စွန့်ပစ်ရခက်လှသည်။

ကလေးသည်ီ ကြားထဲမှာ မြေဇာပင်ဖြစ်ကာ သနား သဖွယ်ကောင်းလှပါသည်။ အဖေသည် သူမအား တွေ့တာ နှင့် ငေါက်ငမ်းလွှတ်တိုက်ပြီး အမေက မျက်နှာလွှဲနေတတ် သည်။

''ဟဲ့ . . . ကောင်မလေး၊ သွားစမ်း . . ., သွားစမ်း။ ငါ့မျက်စိရှေ့ လာမနေနဲ့၊ ငါ ရိုက်မိမယ်နော်၊ ဒေါ်ကြော့ရေ သူကို ခေါ်သွားစမ်းပါဗျာ''

ကိုညွန့်လူက မြိုင်ကြော့ယဉ်ကို မြင်တာနှင့် အလိုလို စိတ်တိုတတ်သည်။ တစ်ခြားယောကျာ်းတစ်ဦးက သူ့ကို အမြတ်အသတ် ကြောသွားတဲ့ သက်သေတစ်ခု။ သီရိနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်လျှင် သူလိုလို နောက်ကောက်ကျခဲ့ရတာ။ တွေးမိတိုင်း ညွှန့်လူ ရင်ကျိုးရသည်။ ဒါကြောင့် ထိုသူ၏ သမီးကို မျက်စိရှေ့မှ တစ်စက်ကလေးမှ မပြင်ချင်။ သူ့ရဲ့ အရိုးတစ်ခုကို မကြည့်ချင် မတွေ့ချင်ပါ။

မြိုင်လေးသည် ဒေါ်ကြောင့်နှင့်သာ နေရတာများ သဖြင့် ခြင်ကိုက်တဲ့အခါ ကိုက်ပြီး နေမကောင်းဖြစ်တဲ့အခါ ဖြစ်သည်။

ကိုညွှန့်လူနှင့် သီရိက အမေရိကားထွက်ဖို့ ပြင်ဆင်လှုပ်ရှားနေချိန် ဖြစ်တာကြောင့် မြိုင်ကြော့ကို လှည့်ကြည့်ဖို့ အဝေးကြီး။

နဂိုကပင် ကလေးကို ခေါ်ယူဖို့ အစီအစဉ်မရှိ။

ဒီကြားထဲမှာ အရေးထဲအကြောင်းပေါ်ဆိုသလို မြိုင်လေးမှာ သွေးလွန်တုပ်ကွေးဖြစ်သည်။

သုံးလေးရက် အဖျားမကျသဖြင့် ဆေးရုံတင်ရ၏။

သွေးလွန်တုပ်ကွေးမှာ ပြင်းထန်သဖြင့် ကလေးငယ်မှာ ခံနိုင်ရည်မရှိ။

ဆေးရုံမှာလည်း ဒေါ်ကြော့ပဲ လိုက်စောင့်သည်။





ဖြစ်ချင်တော့ မိခင်ဖြစ်သူ သီရိလည်း ထိုရက်ထဲ မှာ ပင်ပန်းမှုဒဏ်နှင့် တိုက်ဖိုက် အပြင်းဖျား၏။ ဆေးရုံးသို့ လုံးဝ မသွားနိုင်။

ကိုညွှန့်လူက ဗီဇာကိစ္စနှင့် အလုပ်များဆဲ။

ဆေးရုံပေါ်က ကလေးက တစ်မျိုး ခေါင်းစားလှသည် ဖြစ်ရာ ကိုညွှန့်လူမှာ နဂိုရှိပြီးသား အကြံဉာဏ်အတိုင်း အစ်ကိုဝမ်းကွဲဖြစ်သူ ဆရာဝန်ကြီးကို အကူအညီတောင်းပြီး ကလေးခမွေးစားဖို့ ပေးလိုက်ချင်ကြောင်း ပြောဆိုသည်။

ထိုအချိန်မှာ ကလေးမရတော့သော ကိုကောင်းမြတ်တို့ ဇနီးမောင်နှံမှာလည်း ကလေးမွေးဖွားချင်ကြောင်း၊ သူ့ထံ တဆာဆာ အပူကပ်နေသည်ဖြစ်ရာ ဒေါက်တာကျော်မောင်က ဝင်ရောက် ကူညီဖြေရှင်းပေးရတော့သည်။

"မွေးစားဖို့ ပေးလိုက်တာက ဟုတ်ပါပြီ။ ကလေးအမေကရော သဘောတူရဲ့လား၊ မင်း ဘယ်လိုလုပ်မှာလဲ ညွှန့်လူရ"

"ဒါက ကျွန်တော့်ကိစ္စထားပါ၊ ကျွန်တော် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကျက်ပြောတတ်ပါတယ်။ အစကတည်းကလည်း ပရော်ဘလန် ချိုင်းပါ အစ်ကိုကြီးရာ၊ ကောင်းကောင်းမွေး စားရင် စိတ်ချပါပြီ၊ သူ့အမေကလည်း ကျွန်တော့်သဘော အတိုင်းပါ၊ ဒါမှ မဟုတ်ရင်လည်း ကျွန်တော်တို့ အမေရိကား ထွက်ရင် သူ့ကို ဒီမှာပဲထားခဲ့ဖို့ စီစဉ်ပြီးသားပါ၊ အစ်ကိုကြီးသာ ဖြစ်အောင် စီစဉ်ပေး''

ဒီကလေးဟာ သူတို့ လင်မယားအတွက် အဓိက ပြဿနာလို့ ညွန့်လူက မြန်မြန် ဖြေရှင်းချင်သည်။

မွေးစားမည့် သူဌေးလင်မယားကလည်း အဆင်သင့်။

အိမ်မှာ သီရိကလည်း ခေါင်းမထူနိုင်အောင် အပြင်း ဖျားနေချိန်ဆိုတော့ အတော်ပင်။

ဦးကောင်းမြတ်တို့ ဇနီးမောင်နှံက ကလေးကို ဆက် ကုသဖို့ တာဝန်ယူရင်း အပြီးအပိုင် စာချုပ်စာတမ်းနှင့် အမွေ စားအမွေခံသမီးအဖြစ် မွေးစားလိုက်တော့သည်။

ထိုအချိန်ကစပြီး မြိုင်ကြော့ယဉ်က ဦးကောင်းမြတ် ရဲ့ တရားဝင်သမီးဖြစ်သွားခဲ့တာပါ။





ဇနီးဖြစ်သူကိုတော့ ကိုညွန့်လူက မြိုင်ကြော့ ဆုံးပါး သွားပြီဖြစ်ကြောင်း ယုံတွဲ့ရှိအောင် လိမ်ညာ လှည့်စား ပြောဆို အသိပေးခဲ့သည်။

ထို့နောက် ဗီဇာလည်း ကျလာပြီဖြစ်ရာ သူတို့ ဇနီး မောင်နှံစုံ နိုင်ငံရပ်ခြားသို့ ထွက်ခွာပြီး အခြေချ နေထိုင်ခဲ့ကြ လေသည်။

✳✳ ✳✳ ✳✳



www.burmeseclassic.com

www.burmeseclassic.com

ဦးခေါင်မင်းတင် အိမ်ကအပြန်မှာ မှောင်ရီပျိုးစ အချိန်ဖြစ်နေပါပြီ။

မြိုင်ကြော့က ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာသည်။ ပန်းဖူးက မျက်မှောင်လေးကုတ်ထားလျက် တစ်စုံတစ်ရာကို အတွေးနက်နက်နှင့် စဉ်းစားငြိမ်သက်ရင်း သူ့အတွေးကို ပြောရကောင်းနိုး၊ မပြောရကောင်းနိုး ချီတုံချတုံ ဖြစ်နေမိသည်။

ပြီးလျှင် မပြောဘဲလည်း မနေနိုင်ဘဲ ...

"မြိုင်ရေ ... ငါ တစ်ခု စဉ်းစားမိတယ် သိလား"

"ပြောပါဦး"





"အဲဒီ ဦးခေါင်မင်းတင်ကို ကြည့်ရတာ"

"ဘာဖြစ်လဲ"

မြိုင်လည်း မသိစိတ်က ပူနွေးလှုပ်ရှားလာသည်။

"နင်နဲ့ အရမ်းတူနေသလိုပဲ"

"ဟင်"

မြိုင်ကြော့က လမ်းနံဘေးတစ်နေရာမှာ ကားကို ထိုးရပ်လိုက်ပြီး ပန်းဖူးဖက် အလန့်တကြား လှည့်ကြည့်လိုက် သည်။

ဘုရားရေ ... တကယ်ပဲလား။

"ဒါ ... ငါလည်း အဲလို ထင်မိတယ်"

"ဟုတ်တယ်၊ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ အားလုံး မြိုင်နဲ့ လုံးဝ ဆင်တယ်၊ သူစိမ်းတစ်ယောက်ဆို ဒီလို ဆင်မလား၊ နင်သတိမထားမိဘူးလား"

"အိုး ... မြိုင် သတိထားမိတယ်၊ တွေ့လိုက်ရကတည်းက ရင်ထဲမှာ တမျိုးကြီးနဲ့ သူ့ကို သနားမိတာ၊ သူ့အပေါ် စေတနာရှိတာ၊ ဘာလေးပဲဖြစ်ဖြစ် ငါကိုယ်တိုင် လာကူညီပေးချင်မိတာ၊ သူ့ကို ဆေးရုံတွဲပို့တော့လည်း သူနဲ့



www.burmeseclassic.com

www.burmeseclassic.com



ငါက တစိမ်းလို မဟုတ်ဘဲ တစ်မျိုး ရင်းနှီးနေတယ်၊ ဘာမှန်း မသိခင်ကတည်းက မသိစိတ်ထဲမှာ ရင်းနှီးကျွမ်းဝင်နေသလိုပဲ"

"ဒါဆို ဖြစ်နိုင်တယ်"

"ဘုရားရေ . . . သူ . . သူက ငါ့အဖေလား"

"စုံစမ်းကြည့်ရမှာပေါ့"

"အဖေနဲ့ မှားယွင်းခဲ့တဲ့ အမျိုးသမီးက ဒေါ်သီရိကျော် လားဟင်"

"ဒါလည်း ဖြစ်နိုင်ချေရှိတာပဲ"

"ငါ ရင်တွေ ခုန်လိုက်တာ ပန်းဖူးရယ်၊ ငါ့မှာ အဖေ ရော အမေရော ရှိသေးတာပေါ့နော်၊ ဟုတ်တယ်မို့လား"

"သေချာအောင် ငါ စုံစမ်းပေးမယ်၊ နင်လည်း စုံစမ်းပေါ့"

"မေမေက ငါ့ကို အသိအမှတ် ပြုပါ့မလားဟယ်၊ ငယ်ငယ်တုန်းကတောင် မလိုချင်လို့ စွန့်ပစ်သွားခဲ့သေးတာ"

"နင်ပြောတော့ သေသွားတဲ့ သူ့သမီး နာမည်ဆို သူ့စိတ်ထဲ သူ့သမီး သေသွားပြီ ထင်လို့ နေမှာပါ၊ ဒါတွေက သူ့ယောကျ်ားရဲ့ ပိပိရိရိ အစီအစဉ်တွေ ဖြစ်လိမ့်မယ်"





ပန်းဖူးက စိတ်ဝင်တစားနှင့် သူမ ဘဝကို ဖောက်လမ်း မောကြည့်နေသည်။

မြိုင်ကတော့ မယုံမရဲ ရှိနေဆဲပါ။

ဒါတွေဟာ အမှန်ပဲလား။ ဘာမှ သေချာမသိရသေး ဘူးလေ။

"နင့်အမေကို ဖွင့်ပြောသင့်တယ် မြိုင်"

"ဘယ်နှယ့် ပြောပါလိမ့်၊ ငါ ဖွင့်ပြောချင်တာပေါ့ ပန်းဖူးရယ်၊ အမေ့ကို တအားဖက်ပြီး ဘားပစ်လိုက်ချင်တာပါ။ ငါ့ရင်ထဲမှာ ဘယ်လိုခံစားနရလဲ နင်မသိပါဘူးနော်"

"သိပါတယ် နင်စိတ်လှုပ်ရှားပြီး အသံတောင် တုန် နေတဲ့ ဥစ္စာ"

မြိုင်လေးက ချွေးစေးနှင့် စိုကပ်လာသော လက်နှစ် ဘက်ကို အချင်းချင်း ပွတ်နေမိသည်။

သူမရဲ့ဘဝဟာ မယုံကြည်စရာ ကောင်းအောင် ဆန်းကြယ်ရှုပ်ထွေးနေပါသည်။

"မြိုင်လေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဦးခေါင်မင်းမှာ ညီတွေ အစ်ကိုတွေ ရှိသေးလား"

"ငါလည်း မသိဘူးလေ"

"မရှိဘူးဆိုရင်တော့ သူက နင့်ဖားသားဖြစ်ဖို့ ရာနှုန်းများနေပြီ"

"အိုး . . . ငါ့ရင်ထဲမှာ တစ်မျိုးကြီးပဲ ပန်းဖူးရယ်"

"နင် ဝမ်းသာရမှာပါ"

"ဦးခေါင်မင်း ပြောပုံ ကြည့်ရတာ အဲဒီ သူဌေးမနဲ့ သင်္ဘောအရာရှိ ဆိုတာ မေမေတို့ပဲ ဖြစ်မှာပါနော်၊ သူက နာမည်မဖော်ပေမယ့် အခု ဒီလိုပဲ ဆက်စပ်တွေးမိတယ်"

"ငါလည်း အရမ်း သိချင်တယ် မြိုင်လေးရဲ့"

"အမယ်လေးနော်၊ ငါက အမေ့ကို ပြန်တွေ့ရလို့ ပျော်နေတာ၊ လက်စသပ်တော့ ဖေဖေ့ကို အရင်တွေ့ထားတာ ဖြစ်မယ်၊ သေချာပါတယ်၊ သူဟာ ငါ့အဖေပဲ ဖြစ်မှာပါ။ ငါ သူ့ကို တွေ့ကတည်းက အဖေတစ်ယောက်လိုမျိုး ချစ်သွားတာဟဲ့ သိလား"





ရမ္မက်ရဲ့ သားကောင်ဖြစ်သွားရှာသော အဖေဟာ မြိုင်လေးအမြင်မှာတော့ ဂရုဏာသက်စရာ ကောင်းတဲ့ လူတစ်ယောက်ပါ။ အဖေ့ဘဝ အခုထိ အထီးကျန်နေတာ ပဲ ကြည့် . . .။

အမေက အဖေ့ကို မုန်းသလောက် အဖေကတော့ အဆုံးအစမဲ့ ချစ်မြတ်နိုးခဲ့သည် ထင်ပါရဲ့ . . .။

သူ့ရဲ့ အချစ်ဟာ ကံဆိုးစွာ အဆိပ်သင့်ခဲ့တာ နေမှာပါလေ။



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ညိုနှင့် မစန်းတို့ ဒီနေ့ အလုပ်များနေရပါသည်။ ညနေခင်းမှာ ခြံထဲမှာ ဘာဘီကျူးပွဲ ရှိသည်။

ဒီနေ့ မြိုင်လေးမွေးနေ့ ဖြစ်တာကြောင့် မနက်အစောပိုင်းက ဘုန်းကြီး ဆွမ်းကပ်တာ၊ ဘုရားတက်တာ၊ ကျွေးမွေးညှော်ခံတာ၊ ငါးလွှတ်တာ၊ ငှက်လွှတ်တာတွေ ပြီးစီးသွားခဲ့ပါပြီ။

အခု ညနေပိုင်းမှာ ရင်းနှီးတဲ့ သူငယ်ချင်းတွေ စုပြီး ခြံထဲမှာ အသားကင်စားကြဖို့ ပျော်ပျော်ပါးပါး စီစဉ်ထားသည်။

အိမ်ထဲကနေ ထိုင်ခုံတွေ၊ မီးဖိုတွေ၊ သံဇကာပြားလေးတွေ၊ ထုတ်ထိုးဖို့ ကင်ဖို့ လိုအပ်တာတွေ၊ အသားနယ်ပြီး နှပ်ထားတာတွေ၊ အသီးအရွက်တွေ ကင်ဖို့ အသင့်ထုပ်





ထိုးထားတာတွေ၊ ပန်းကန်ခွက်ယောက်တွေအပြင်ကို တစ်ခေါက်ပြီး တစ်ခေါက် သယ်ထုတ်ကြသည်။

"ဒေါ်ညိုရေ... ရုံးပတီသီးနဲ့ မှိုတွေရော၊ ကြယ်ရောင်က မှိုကင်နဲ့ ရုံးပတီသီး ကြိုက်တာနော်"

မြိုင်လေးက ကြယ်ရောင် အကြိုက်ကိုတော့ မမေ့မလျော့ သတိပေးပါသည်။

ကော့တေးကတော့ ကြယ်ရောင်တို့ တာဝန်၊ ယောက်ျားလေးတွေက ကော့တေးသောက်မည်။

မိန်းကလေး တွေက ဝိုင်အပျော့စားလေးလောက်ပါပဲ။

တစ်အောင့်အကြာမှာ တုန်တုန် စီစီနှင့် သူတို့သူငယ်ချင်းတစ်စု ကားနှစ်စီးနှင့် ဝင်လာပါသည်။

ကားပေါ်က ဆင်းလာသော ရောင်စုံလှပ ခေတ်မီမီ ကောင်မလေးတွေကို ဟိုဘက်ခြံကနေ ပြူးတစ်ပြူးတစ် ကြည့်နေသူတွေကတော့ ကြယ်ရောင်နှင့် သူငယ်ချင်းတစ်စု[illegible]

"ကြယ်ရောင် ... မင်းပြောတာ ရှုပါ[illegible]မောင်း



www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ ကောင်မလေးလား၊ ဟော . . . ဆင်းပြီ၊ ငွေရောင် လက်လက်လေး ဝတ်ထားတာကွာ''

''အေး . . . ဟုတ်တယ်၊ အဲဒါ အိမ့်သဲတုန်ပဲ''

အာကာ့အမေးကို ကြယ်ရောင်က တက်တက်ကြွကြွ ပြန်ဖြေလိုက်သည်။

''ပန်းရောင်လေး မိုက်တယ်၊ အဲဒါကရော''

''စီစီတဲ့''

''ငါနဲ့ မိတ်ဆက်ပေးကွာ''

''အေးပါ၊ လင်းမြွေရယ်၊ ခဏလောက် သည်းခံပါဦး''

လင်းသူကို သူငယ်ချင်းတွေ အကုန်လုံးက လင်းမြွေ ပဲ ခေါ်သည်။ လှိုင်မြင့်ကိုတော့ လှိုင်မြစ်ပေါ့။

''ပန်းရောင်လေးကို ငါဦးထားတယ်နော်၊ ပြောလိုက် ပြီ''

''မရဘူး လင်းမြွေ၊ အခုကတည်းက ခွဲတမ်းမချနဲ့ ဟော့ကောင်၊ အခြေအနေအရ မီးစမ်းပြသလို လှုပ်ရှားရမှာ ပဲ''





''မင်းအတွက် ကျန်သေးတာပဲ''

''ကြယ်ရောင် ဖုန်းတံပါတ်ပေး၊ အိမ့်သဲတုန်ကို ငါ ဒီည အင်ထရီ ဝင်ကြည့်မယ်''

''မြန်လှချည်လားကွ၊ မင်းကလည်း အဝေးက မြင်ရုံ နဲ့ ရင်ခုန်သွားပြီလား''

''သူ့ကို အစကတည်းက ငါသိပါတယ်၊ အမေရိကား ပြန်လေကွာ၊ ကျောင်းမှာကတည်းက ငါသွားရှိုးနေတာ၊ အခုမှ ကြယ်ရောင် မမနဲ့ ကွင်းစက်မိမှန်း သိတာကွ''

''ဒါဆို အိုကေပြီပေါ့လေ''

အာကာက ဟိုဘက်ကို သွားချင်လို့ ဖင်တကြွကြွ ဖြစ်နေပါပြီ။

ကြယ်ရောင်ကလည်း တုန်တုန် ရည်းစားအမြန်ရ စေချင်သည်။ ဒါမှ တရန်အေးမှာလေ။

နို့မို့ မမမြိုင်လေးက သူ့ညီမအတွက် အချစ်တွေ အလှူပေးချင်သေးတော့မလွယ်။

သူ့ဇာတ်လမ်းနဲ့ သူဆို ရှင်းပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တုန်တုန်က ငါနဲ့ ခင်ပါတယ်၊ အာကာအတွက်ကတော့ အာမခံတယ်၊ ဖြစ်တဲ့နည်းနဲ့ တွန်းပို့ပေးမယ်၊ ကျန်တဲ့ ကောင်တွေတော့ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားကွာ၊ ဒါပဲ"

"အေးပါ . . . ဟိုမှာ မင်း မမတောင် အပြင်ထွက်လာပြီ၊ သွားရအောင်လေကွာ"

"သိပ်မလောစမ်းပါနဲ့"

ကြယ်ရောင်၊ အာကာ၊ လင်းသူ၊ လှိုင်မြင့်၊ ဘိုဘိုတို့ ငါးယောက်သား မြိုင်လေး မွေးနေ့ပါတီသို့ သွားရန် အသင့်ဖြစ်နေပါပြီ။

"ဟော့ကောင်တွေ၊ မင်းတို့သွားမှာ ငါမမ မွေးနေ့နော်၊ လူက ရှေ့ရောက်နေတာ တစ်ခြား ဖွန်ကိစ္စ၊ ဟိုမှာ လက်ဆောင်အိတ်တွေ ကျန်ခဲ့ပြီ"

"အေး . . . ဟုတ်သားပဲ"

ပက်ကင်ထုတ်တွေ စားပွဲပေါ် တင်ထားပြီး လူတွေက ခြေလှမ်းပြင်နေပြီ။ အားကိုးရတဲ့ ကောင်တွေ။

ကြယ်ရောင် သတိပေးမှ ပြန်ပြေးယူကြသည်။





သူတို့ ငါးယောင်နှင့်ပင် ရယ်သံတွေက တသော သော ညံနေပါသည်။

ဒီသူငယ်ချင်းတွေက မမမြိုင်လေးနှင့်လည်း ခင်ကြသည်။ ကြယ်ရောင်က သူချစ်သူ ဖြစ်သွားပြီဆိုတာလည်း အားလုံးကို ကြွားထားပြီးသား။

"ဟက်ပီဘဲ့ဒေး မမမြိုင်"

သူငယ်ချင်းတွေ လက်ဆွဲနှုတ်ဆက်တာကို ကြယ်ရောင်က မှုန်ကုပ်ကုပ်နှင့် လုပ်ထားပါသည်။

ရုပ်ကြီးကိုက သဝန်တို အူတိုရုပ်။

"မြိုင်လည်း မိတ်ဆက်ပေးရဦးမယ်၊ ဒါမှမဟုတ်လည်း ကိုယ့်ဘာသာ အသားအတူတူ ကင်ရင်း မိတ်ဆက်ကြပေါ့၊ မကောင်းဘူးလား၊ မြိုင့်မွေးနေ့မှာ အားလုံး ပျော်ပျော်ပါးပါး သီချင်းဆိုကြမယ်၊ ကြယ်ရောင် ဂစ်တာရော ပါမလာဘူးလား"

"ဒီကို ပို့ထားပြီးသားပါဗျာ"

လောဇလောဆယ် ဘာဘီကျူးပွဲ လုပ်ဘုန်းတော့



www.burmeseclassic.com

www.burmeseclassic.com



ကက်ဆက်ပဲ ခပ်ကျယ်ကျယ် ဖွင့်ထားသည်။ တီးလုံးမြောက်မြောက်တွေကြီးပဲမို့ လူငယ်တစ်သိုက်မှာ အလိုလို ရွှင်မြူးတက်ကြွ ပျော်ပါးနေကြသည်။

အခုမှ သိရသော ကောင်မလေးတွေကလည်း သိပ်လှသည်။ ပြီးတော့ သွက်လက်ဖော်ရွေသည်။

"မမ . . . ကျွန်တော်နဲ့ အတူတူ အသားကင်ရ အောင် ဒီဖက် အစွန်ဆုံးက မီးဖိုယူမယ်"

"ဟော့ကောင် ကြယ်ရောင် မွေးနေ့ရှင်ကို မခိုင်းရဘူး"

"ငါ့မမက ပိုင်ပြီးသားပါ"

ကြယ်ရောင်က စကားရောဖွဲ့ရောဖြင့် မြိုင်လေးလက်ကို အသာဆွဲခေါ်သွားပါသည်။

"ကြယ်ရောင် သူများတွေ ရိပ်မိကုန်မယ်နော်"

မြိုင်လေးက လက်ကို အသာရုန်းရင်း တိုးတိုးသတိပေးသည်။

အထူးသဖြင့် တုန်တုန်မြင်သွားမှာ မြိုင်လေး စိုးရိမ်သည်။





ကြယ်ရောင်ရဲ့ ချစ်စနိုး အပြုအမူနှင့် အပြောအဆိုတွေကြောင့် ရိပ်မိသွားနိုင်သည် မဟုတ်လား။

ဒင်းလေးက လက်ကိုလည်း ပိုင်စိုးပိုင်နင်း ဆွဲခေါ်သေးသည်။

မြိုင် တစ်မျိုးကြီး ရင်တွေ ခုန်နေရသည်။

"မမ . . . အမှန်အတိုင်းပြော"

"ဘာတုန်းဟယ်"

"မောင့်ကို ချစ်လား"

"ဘာတွေ မေးနေတာလဲ"

သူမက ခပ်ငေါက်ငေါက် မျက်စောင်းရွယ်၏။

"သိချင်လို့ ရှင်းရှင်းလေးမေးတာ"

"အချစ်နဲ့ အရာအားလုံး မပြီးနိုင်ဘူးလေ"

"မမစိတ်ကူးတွေကို လက်မလျှော့သေးဘူးလား၊ ဟိုမှာ အာကာက တုန်တုန့်ကို ကြွေနေပြီ"

"မင်းနော် . . . သိပ်ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့"

"ဒီကောင် အစကတည်းက ကြိုက်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"တို့ ညီမကိုမျှား ဘာမှတ်နေသလဲ မသိပါဘူး"

"ချီးထုပ်လေ၊ အရှုပ်ထုပ်ပေါ့"

"ကြည့်စမ်း၊ ညစ်ပတ်လိုက်တာ"

"သူ့အကြောင်းမပြောနဲ့၊ မေးတာဖြေ"

"ဒီမှာ မီးခဲတွေရဲလာပြီး ဘာ အရင်စကင်မှာလဲ ဆိတ်သားလား၊ ကြက်သားလား"

"အဲဒါတွေ မစားချင်ပါဘူး"

"ဟယ် . . . ဘယ်လိုဖြစ်နေတာလဲ"

"မောင် ဆာနေတာက ဒီမှာ"

ပါးကို လာဆွဲလိမ်သဖြင့် ကြယ်ရောင့်လက်ကို အမြန်ပုတ်ထုတ်ကြသည်။

မီးဖိုလေးဖိုမှာ သူ့အုပ်စုနှင့် သူ့အကင်အမြည်းတွေ ကိုယ်တိုင် လုပ်နေကြသည်မှာ ဆူညံရှုပ်ထွေးနေပါသည်။

တုန်တုန်သည် ဒီဖက်မှာ အသားကင် တူးခြစ်သွားတဲ့အထိ ကြယ်ရောင်တို့ဘက် အကဲခတ်နေပါသည်။

အာကာက သတိပေးသည်။





"ဟေ့ . . . မင်း အကင်တူးနေပြီ၊ ဟိုဖက်လှည့်ပေးဦး"

"ရှင်လည်း ပေးလိုက်ပေါ့"

"သူများတွေကို အားကျမနေနဲ့"

"ဘာ"

"လွတ်လွတ်လပ်လပ် ပျော်ပါစေဗျာ"

အာကာ့စကားကြောင့် တုန်တုန့် အမူအယာက တစ်မျိုး ဖြစ်သွားသည်။

"ရှင် ဘာပြေလိုက်တာလဲ"

"ကျွန်တော်ပြောတာ မသိဘူးလား"

"မသိဘူး"

"ကြယ်ရောင်နဲ့ မမြိုင်နဲ့"

"ရှင် ဘာစကားပြောတာလဲ၊ သူတို့ ရိုးရိုးသားသား ပါ"

"တုန်တုန်ထင်လား"

"မဟုတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြည့်ရင် အသိသာကြီးပဲ"

"အို . . . မဖြစ်နိုင်ပါဘူး"

"ကျွန်တော်နဲ့ ကြယ်ရောင်က ငယ်ပေါင်းပါ"

"ရှင် တကယ် ပြောနေတာလားဟင်"

တုန်တုန့်ရင်မှာ တဒုတ်ဒုတ် မြည့်လာရပါသည်။

သူတို့ အမူအယာကြည့်ရတာ တစ်မျိုးကြီး ထူးခြားနေတာလည်း အမှန်ပါ။

သူတို့ကြားမှာ မရိုးမသား ပတ်သက်မှုတွေ ရှိနေပြီလား။ သူမ ရင်ခုန်မြန်ဆန်လာသည်။

✳ မြင်ကွင်းကို သူမလည်း သိစုံပြီး သက်ာ မကောင်းချင်။

ကိုအာကာ့စကားကြောင့် တုန်တုန် မျက်နှာလေး ပျက်သွားသည်။

တုန်တုန်ကင်ထားသော အသဲ့းတုပ်ထိုးတွေကို အာကာကပဲ နီရဲကြွပ်ရွအောင် လှည့်ပေးရသည်။

"အေးဆေးပေါ့ဗျာ၊ ကြိုက်နေတော့ရော ဘာဖြစ်လဲ"

"ကျွန်မ မေးကြည့်လိုက်မယ်"



"ဟော့ သွား မမေးနဲ့လေ၊ ဘယ်ကောင်းမလဲ"

"အို . . . ကျွန်မ အမှန်အတိုင်း သိချင်တယ်"

အာကာ့တားဆီးလို့ မရဘဲ အိမ့်သဲတုန်က စိတ်လိုက်မာန်ပါနှင့် ကြယ်ရောင်တို့ အနားသို့ လှစ်ကနဲ ရောက်သွားသည်။

ဘေးဘီက လူတွေကိုလည်း သူမ ဂရုမထားနိုင်တော့ပါ။ ရင်ထဲမှာ ပူလောင်လှုပ်ရှားသွားပြီ။

"ကိုကြယ်ရောင်"

"ဗျာ"

ရုတ်တရက် အနားသို့ ရောက်လာသော အိမ့်သဲတုန်ကြောင့် ကြယ်ရောင်တို့ စကားစ ပြတ်ကာ အမ်းတမ်းတမ်း ဖြစ်သွားရသည်။

"ညီမလေး . . . ဘာလိုလို့လဲ"

"မေးစရာ ရှိလို့ပါ"

တုန်တုန့် အမူအယာက အေးတိအေးစက်။ နေးလေးပင် မော့ကာ မျက်တောင်မေးစင်းကြည့်နေပုံက ယောမခန့်ပုံလေး။

www.burmeseclassic.com

www.burmeseclassic.com



မြိုင် ထိပ်ခနဲ ရင်တုန်ကာ မျက်နှာလေး ကွက်ကနဲ ပျက်သွားမိသည်။

"ကိုကြယ်ရောင်နဲ့ မမနဲ့ ကြိုက်နေကြတယ်ဆို"

"ဟာ"

ပေါ်ရှာင်လာမေးမည် မထင်တာမို့ ကြယ်ရောင် တခဏကြောင်လျက် ဘာဖြေရမည်နည်း မသိ။

"မဟုတ်ဘူး ညီမလေး"

"မညာချင်စမ်းပါနဲ့ ဒေါ်မြိုင်ကြော့ရယ်၊ ကိုအာကာ က မဟုတ်ဘဲ ပြောပါ့မလား"

"အဲဒါက . . ဟို . . . ဟို"

"နေစမ်းပါဦး။ ကြိုက်တာ မကြိုက်တာက ကျွန်တော်တို့ကိစ္စပါ၊ မတုန်တုန်နဲ့ ဘာများဆိုင်လို့လဲ"

"ရှင်တို့က ဝန်မခံဘူးဆိုပါတော့"

တုန်တုန် ရှက်ဒေါသနှင့် တုန်ရီသွား၏။

မမြိုင်မျက်နှာကို ခပ်ထေ့ထေ့ ကြည့်ရင်း . . .

"မမကဲ ဒီလိုလား"



"ဟော့ . . . မင်းအစ်မကို ဘာမှ လာမပုတ်ခတ်နဲ့ ဒါ မင်းရဲ့ အစ်မရင်းကွ၊ နားလည်လား"

ကြယ်ရောင် စိတ်တိုတိုနှင့် ပြောချလိုက်သည်။

သုံးယောက်လုံး တခဏ မှင်သက်တိတ်ဆိတ်သွားသည်။

အိမ့်သဲတုန်က မျက်မှောင်လေးကုပ်လျက် ကြယ်ရောင့်စကားကို ရုတ်တရက် နားမလည်။

သူတို့ နှစ်ဦး မျက်နှာကို အပြန်အလှန် ကြည့်မိသည်။

မမြိုင် မျက်နှာလေးက ဖွေးကနဲ ဖြစ်သွား၏။

"ဘာပြောတာလဲ၊ ဘယ်က အစ်မရင်းလဲ"

"မယုံရင် မင်း မာမီကို ပြန်မေးကြည့်လိုက် တုန်တုန်၊ မမက သူသေသွားပြီလို့ ယူဆထားတဲ့ သူ့သမီး အရင်းခေါက်ခေါက်ကြီးပဲ၊ သူ စွန့်ပစ်သွားခဲ့သို့ အန်ကယ်ကောင်းက မွေးစားခဲ့တာကွ၊ နားလည်လား၊ မင်းရဲ့ အစ်မကို ကောင်းကောင်းဆက်ဆံပါ၊ ငါတို့က သိပ်မကြာခင် လက်ထပ်မှာဆိုတော့ ငါကလည်း မင်း အစ်ကိုပဲ"

www.burmeseclassic.com



ကြွယ်ရောင်က ကြေညာလိုက်လေသည်။

ကြားရသော စကားတွေက တုန်တုန့်အတွက် အံ့အားသင့်စရာ။

နှုတ်ခမ်းလေး ပွင့်ဟလျက် သူမ အံ့ဩတကြီး နားထောင်နေမိသည်။

လူကလည်း ထုံဆေးအပေးခံရသလို ငြိမ်တောင့်သွားသည်။

မာမီအရင်က သမီးဦးတစ်ယောက် မွေးပြီး ဆုံးသွားတာ အကြာကြီးနေမှ တုန်တုန့်ကို ရလာတာ၊ ဒါတွေတော့ သိထားပါသည်။

အဲဒီ သမီးရဲ့ အမည်က မြိုင်ကြော့ယဉ်ဆိုတာလည်း ဟုတ်မှန်ပါသည်။

ဒါပေမယ့် တုန့် မမက လောကကြီးကို စွန့်ခွာသွားပြီပဲ။ ဒါဟာ နာမည်တူ တစ်ခြားတစ်ယောက် မဟုတ်ဘူးလား။

ဖြစ်နိုင်မဖြစ်နိုင် ခေါင်းထဲ အပြေးအလွှား စဉ်းစားနေမိသည်။





တုန့်အစ်မသာ တကယ်ဖြစ်နေခဲ့ရင် . . .

အို . . . လောကကြီးက မထင်မှတ်စရာ ဆန်းကြယ်မှုတွေနဲ့ ပြည့်နှက်နေပါလားနော်။'

✻✻ ✻✻ ✻✻



www.burmeseclassic.com

www.burmeseclassic.com

"ဟက်လို"

"မြိုင်လေးတို့ အိမ်ကလားရှင်"

"ဟုတ်ပါတယ်၊ အခု အမိန့်ရှိတာ ဘယ်သူပါလဲ"

"ကျွန်မ ဒေါ်သီရိကျော်ပါ"

"ခင်ဗျာ"

ဦးကောင်းမြတ် အံ့သြတိတ်ဆိတ်သွားရသည်။

သမီးနှင့်အမေ အဆက်အသွယ် ပြန်ရနေပြီလား။

သမီးက သူ့ကို ဖွင့်မပြောပါလား။

"သမီးလေးနဲ့ စကားပြောချင်လို့"

"ဒါ . . . ခင်ဗျား သမီး မဟုတ်ဘူး"





"ရှင်"

"မြိုင်လေးက ကျုပ်သမီးပါဗျ။ ကျုပ် တစ်သက်လုံး ပြုစုပျိုးထောင်လာခဲ့တဲ့သမီး"

တစ်ဖက်က စကားသံ ထူးခြားနေပုံကြောင့် ဒေါ်သီရိ မျက်ခုံးလေးပင့်ကာ နားမလည်နိုင်အောင် ဖြစ်သွားသည်။

ဒါ မြိုင်လေးရဲ့ ဖခင်လား။

သူမကို ဘာကြောင့် အသားလွှတ် ရန်လို သံ ပေါက် နေရပါလိမ့်။

ဖုန်းလေးဆက်မိတာ ဘာအပြစ်များ ကျူးလွန် လို့လဲ။

"ဒီအရွယ်ရောက်မှ ပြန်ဆက်သွယ်နေတာ၊ ခင်ဗျား မရှက်ဘူးလား ဒေါ်သီရိ"

"ရှင် ဘာပြောတာလဲ"

"ခင်ဗျား ကျုပ်သမီးကို နောက်ထပ် မပတ်သက် မဆက်သွယ်ပါနဲ့"

"ကျွန်မ မြိုင်လေးနဲ့ စကားပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ပြောစရာ မလိုဘူး။ သမီးက ခြံထဲမှာ သူ့ သူငယ်ချင်းတွေနဲ့ မွေးနေ့ပွဲ လုပ်နေတယ်"

"သိပါတယ်ရှင်၊ ကျွန်မ သမီး တုန်တုန်တောင် အဲဒီကို ရောက်နေသေးတာပဲ၊ ကျွန်မက မြိုင်လေးကို ဟက်ပီးဘတ်ဒေး ဇေ့ရှိလုပ်ချင်လို့ပါ၊ ဘာရယ် မဟုတ်ပါဘူး၊ ရှင် က ဒါလေးကို ဘာဖြစ်နေရတာလဲ"

"ဒီမှာ ဒေါ်သီရိ၊ ခင်ဗျားလို မိခင်မပီသတဲ့ အောက်တန်းကျတဲ့ မိန်းမတစ်ယောက်နဲ့ ကျုပ်သမီးနဲ့ စကားပြောဖို့ မလိုဘူး"

"ရှင်ဘာတွေ စွပ်စွဲနေတာလဲ၊ ရှင် ကျွန်မကိုသိလို့လား"

"မသိဘဲ ရှိဦးလားဗျာ၊ ခင်ဗျားတို့ ယောကျ်ားဦးညွန့်လူရဲ့ အစ်ို ဒေါက်တာ ကျော်မောင်က ကျုပ် သူငယ်ချင်းပါ"

ဒေါက်တာကျော်မောင်မှာ အင်္ဂလန်သို့ ရောက်နေပြီဖြစ်သဖြင့် . . ။





"အစ်ကိုမောင်က လန်ဒန်မှာပါ"

"သူ ဘယ်ပဲရောက်ရောက် ကျုပ် သူ့ဆီက မွေးစားတဲ့ ကလေးက ကျုပ်ကလေးပဲ"

"ဘယ်လို . . . ရှင်က မြိုင်လေးကို မွေးစားတာ ဟုတ်လား၊ ရှင့်သမီးရင်း မဟုတ်ဘူးလား"

ဒေါ်သီရိကျော် ရင်တလှပ်လှပ် ခုန်လာရသည်။

မြိုင်လေး မျက်နှာကို ကြည့်မိကတည်းက စိတ်ထဲ တစ်မျိုးကြီး ထင်နေမိတာ။

ကိုယ့်ဟာကိုယ် မဖြစ်နိုင်ပါဘူးရယ်လို့ ပယ်ချမိ တာ အခါခါ။

မြိုင်လေး မျက်နှာမြင်ရတာနှင့် သူမ ရင်ထဲ အတိတ်က အဖြစ်အပျက်ကြီး ပြန်မြင်ယောင်မိလွန်းလို့ပါ။

"ခင်ဗျား သမီးဆိုတာ ခင်ဗျား အခုထိ မသိသေးတာလား၊ မသိယောင်ဆောင်နေတာလား"

"ရှင် . . . ဘယ်လို မြိုင်လေးက ကျွန်မ သမီး ဟုတ်လား၊ ဟုတ်ရဲ့လားရှင်၊ ဒါဆို ကိုညွန့်လူက ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ပြီလို့ ကျွန်မကို ညာခဲ့တာလားဟင်၊ ပြောစမ်းပါ၊ ကျွန်မ ရင်တုန်လိုက်တာရှင်''

ပျာယီပျာယာ အသံကြောင့် ဦးကောင်းမြတ်က ဟွန်းကနဲ တစ်ချက် မျက်နှာရှုံ့မဲ့လိုက်ရင်း . . .

''ခင်ဗျား မလိုချင်လို့ စွန့်ပစ်ပြီးမှ အခုမှ သမီး မတော်ချင်ပါနဲ့၊ ကျုပ်သမီးက ဘွဲ့လည်း ရပြီ၊ ကျုပ်ပိုင် ဟိုတယ်ကိုလည်း အုပ်ချုပ်နေပြီ၊ ခင်ဗျားလို အမေမျိုး မြိုင်လေးမှာ မရှိစေရဘူး''

''အို . . . ဘယ်လို ပြောလိုက်တာလဲရှင်၊ ကိုယ်ချင်းစာမှပေါ့၊ ကျွန်မက ကျွန်မသမီး ဆုံးပါးသွားပြီ ထင်လို့ပါ၊ သူ့ကို မလိုချင်တာ မှန်ပေမယ့် ကျွန်မ တစ်ခါမှ စွန့်ပစ်ဖို့ မစဉ်းစားမိပါဘူး၊ ရှင် ဒီလို မပြောပါနဲ့''

အမျိုးသမီးကြီးအသံက ဖုန်းထဲမှာ ငိုသံပေါက်လာပါသည်။ ဦးကောင်းမြတ်လည်း သက်ပြင်းတစ်ချနှင့် . . .

''ကဲ အခု ခင်ဗျား ဘာဖြစ်ချင်လဲ၊ ကျုပ်သမီးကို ကျုပ်ရင်ခွင်ထဲက ဆွဲထုတ်ဖို့တော့ မကြိုးစားပါနဲ့၊ မြိုင်လေးကို ကျုပ်တို့ တရားဝင် စာချုပ်စာတမ်းနဲ့ မွေးစားထားတာ''





''ရှင့် စာချုပ်ကို အသာထားစမ်းပါ၊ ကျွန်မ သမီးနဲ့ တွေ့ချင်တယ်၊ သူကတော့ ကျွန်မကို အမေမှန်း သိတယ်နဲ့ တူပါတယ်၊ တို့နေ့ မနက် အစောကြီးက သူ ကျွန်မ လက်ကို ဆုပ်ပြီး ဆွေးဆွေးနင့်နင့်ကြီး ကြည့်နေကတည်းက ကျွန်မ စိတ်ထဲ ထင်တော့ထင်တယ်''

ထိုနေ့က မျက်ရည်လည်သော မြိုင့် မျက်ဝန်းလဲ့လဲ့တွေကို ဒေါ်သီရိကျော် မမေ့သေးပါ။

သမီးရဲ့ အကြည့်တစ်ချက်က သူမ ရင်ကို ဖြောင်းဆန်အောင် ဖြစ်စေခဲ့ပြီး ထိုနေ့တစ်နေ့လုံး အတိတ်က အကြောင်းတွေပဲ ထပ်တလဲလဲ တွေးမိစေသည်။

''ကျွန်မ တောင်းပန်ပါတယ်၊ မြိုင်လေးအဖေရယ်၊ သမီး . . . သမီးနဲ့ တွေ့ပါရစေနော်၊ ကျွန်မ သမီးကို ပြုစုစောင့်ရှောက်ကျွေးမွေးခဲ့တဲ့ ရှင့်ကျေးဇူးကို တစ်သက် မမေ့ပါဘူးရှင်၊ ရှင့်ဆီက ပြန်လုယူဖို့လည်း မဟုတ်ပါဘူး၊ ကျွန်မလေ ကျွန်မ သမီးနဲ့ တွေ့ချင်လွန်းလို့ပါ၊ ကျွန်မကို သနားလည်ပါနော်၊ ကျွန်မစိတ်ထဲမှာ သမီး မရှိတော့ဘူးလို့ ထင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ၊ အခုတော့ ကျွန်မ ဘယ်လောက် ဝမ်းသာရသလဲ ပြောမပြတတ်ပါဘူး။ ကျွန်မ လာခဲ့ပါရစေနော်၊ ကျေးဇူးပြုပြီး လာခွင့်ပြုပါ၊ တွေ့ခွင့်ပြုပါရှင်''

သူ့ကို တုန်တုန်ယင်ယင် အသံနှင့် ထပ်တလဲလဲ တောင်းပန်နေတော့လည်း ဦးကောင်းမြတ် အနည်းငယ် တွေဝေသွားပါသည်။

မြိုင်လေးလည်း သူ့အဖေရဲ့ အသိအမှတ်ပြုမှုကို ခံယူချင်ရှာမှာပဲလေ။

သားအမိချင်း ဆုံဆည်းကြပါစေတော့။

''ခင်ဗျားသဘောပဲဗျာ၊ ကျုပ်လည်း မပြောတတ်ဘူး။ ဒါပေမယ့် တစ်ခုတော့ ကြိုမှာထားမယ်၊ သမီးကို အိမ်ပြန်ခေါ်ဖို့တော့ မစဉ်းစားနဲ့၊ သမီးက ကျုပ်နဲ့ပဲ တစ်သက်လုံးနေမှာ''

''အဲဒါအတွက် ဘာမှ မစိုးရိမ်ပါနဲ့၊ ရှင်တို့သားအဖရဲ့ သံယောဇဉ်ကို ကျွန်မ သဘောပေါက်ပါတယ်၊ ကဲ ဒါပဲရှင်၊ ကျွန်မ အခုပဲ အမြန်ထွက်လာခဲ့မယ်''





ပြောပြောဆိုဆို ဒေါ်သီရိကျော် ဖုန်းချသွားလျှင် ဦးကောင်းမြတ်လည်း ယောက်ယက်ခတ်ပြီး ဗျာများသွားရသည်။

❋❋ ❋❋ ❋❋



www.burmeseclassic.com

www.burmeseclassic.com

မြိုင်ကြော့ရဲ့ မွေးနေ့မှာ သားအမိ ညီအစ်မတို့ ပြန်ဆုံသည့်ပွဲလည်း ဖြစ်သွားရသဖြင့် အလွန်ပျော်စရာ ကောင်းလှပါသည်။

"မာမီ့ကို ခွင့်လွှတ်ပါ သမီးရယ်"

မာမီက မြိုင့်ကို ဖက်ငိုနေသဖြင့် မြိုင်လည်း မျက်ရည်ကျနေရ၏။

သို့သော် ထိုမျက်ရည်က ဝမ်းသာ၍ စီးဆင်းကျလာသော မျက်ရည်နွေးနွေးများသာ ဖြစ်သည်။

သူ မပိုင်ဆိုင်ရသော အမေ့ ရင်ခွင်ထဲ ဒီညတော့ တကယ်ပဲ ခိုဝင်ခွင့်ရခဲ့ပြီ။

မယုံနိုင်စရာကောင်းအောင် ဆုတောင်းပြည့်ခဲ့ပါပြီ။

ဥက္ကာဝင်းစာပေ



"မြိုင် . . . မြိုင်ဝမ်းသာပါတယ် မာမီ။ မြိုင် ပျော်ပါတယ်၊ အရမ်းပျော်ပါတယ်၊ မာမီ့ကို ပြန်တွေ့ရမယ်လို့တောင် မထင်ခဲ့တာပါ၊ မြိုင်တို့ အသိအမှတ်ပြုထား ကျေးဇူးတင်ပါတယ်။ မြိုင်စိတ်နဲ့ ပစ်မှားမိတာရှိရင် ကန်တော့ပါတယ်၊ ကန်တော့ပြီး တောင်းပန်ပါရစေ"

မာမီ့ခြေရင်းမှ မြိုင် ဦးချ၏။

"အို . . . သမီးကြီး မမှားပါဘူး၊ ဒါတွေ အားလုံး မာမီ့ အပြစ်တွေပါ၊ မာမီ မှားခဲ့တာပါ၊ တကယ်တော့ မာမီ့ သမီးကြီးဟာ ဘာရော်ဘာလန်ချိုင်း မဟုတ်ခဲ့ပါဘူး။ မာမီ အတွေးခေါင်တာပါ ထ . . ထ"

မာမီက သူမကို ပြန်ပွေ့ထူ၏။

ပြီးတော့ ဆံနွယ်လေးတွေကို တယုတယ သပ်တင်ပေးသည်။

ပါးပြင်ပေါ်က မျက်ရည်စတွေကို အသာအယာ ပွတ်သုတ်ပေးသည်။

မြိုင့် မျက်နှာလေးကို ပျောက်သွားတော့မလို စူးစိုက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"ဟင် . . . သမီး"

"မြိုင်က အဖေနဲ့ တူတာလား"

"အဲဒါတွေ မမေးပါနဲ့ကွယ်"

"မြိုင် သိချင်လို့ပါ မာမီရဲ့ ပြောပြပါ"

"စိတ်မကောင်းစရာတွေ ဘာလို့ ထပ်ပြောမလဲ"

"တစ်ခုတော့ မေးပါရစေ မာမီ"

"ဘာများလဲ သမီးရယ်"

"မြိုင့်အဖေရင်းက ဘယ်သူလဲဟင်"

"မသိချင်ပါနဲ့တော့"

"ဦးခေါင်မင်းတင်လားဟင်"

မာမီအလန့်တကြား သူမမျက်နှာကို ကြည့်သည်။

"ဒီနာမည်ကို သမီးကို ဘယ်သူပြောတာလဲ၊ သမီးရဲ့ အဖေလား"

"ဖေဖေတောင် မသိတဲ့ဥစ္စာ"

"ဒါဖြင့် သမီးက ဘယ်လို သိတာတုန်း"





"တကယ်ပဲ ဦးခေါင်မင်းတင်ပေါ့နော်၊ တကယ်လား မာမီရယ်၊ ထပ်ပြောပါဦး၊ သူဟာ မြိုင့် အဖေရင်းပဲလား"

"ဒီနာမည်ကို မာမီမခေါ်ပါရစေနဲ့၊ မာမီ့ဘဝကို ပျက်စီးအောင် လုပ်ခဲ့တဲ့သူ၊ သမီးဘဝကိုလည်း မိဘမဲ့အောင် ဖန်တီးခဲ့တာ၊ ဒါတွေ သူ့ကြောင့် ဖြစ်တာ၊ သူ ရိုင်းလို့ အကြံ ပက်စက်လို့ ဖြစ်ခဲ့ရတာချည်းပဲ"

"ဟင့်အင်း မာမီ၊ သူက သဘောကောင်းပါတယ်"

"သမီးက ဘာသိလို့လဲ"

"မာမီ့အပေါ် သူ တကယ် ချစ်မြတ်နိုးလွန်းလို့ ဒီ အမှားတွေ ကျူးလွန်ခဲ့ရတာပါ၊ အဖေ့ကို ခွင့်လွှတ်ပေးပါ၊ အဖေ သနားပါတယ်"

"အို . . ဘာတွေ လျှောက်ပြောနေတာလဲ၊ ဒီလူ အကြောင်း မာမီမကြားချင်ဘူး"

ဒေါ်သီရိကျော်က ပေါက်ဆတ်ဆတ် တားမြစ် လိုက်သည်။

ကြယ်ရောင်နှင့် တုန်တုန်က မြိုင်တို့ သားအမိ နှစ်



www.burmeseclassic.com

www.burmeseclassic.com



မယောက် ခုမှ အလွမ်းသယ်နေကြတာကို ဒေါ်ဘကနေ ပြုံးကြည့်နေကြသည်။

"သမီးကို တကယ် စွန့်ပစ်ခဲ့တာ မာမီလည်း မဟုတ်ဘူး ဖေဖေလည်း မဟုတ်ဘူး၊ မာမီ့ ယောက်ျား ဦးညွန့်လူ ပါ၊ သူက ဒေါက်တာ ကျော်မောင်ဆီ လက်လွှဲအပ်လိုက် တာတဲ့ . . . သိလား"

"မာမီ နားလည်ပါပြီ သမီးရယ်၊ မာမီ့သမီးလေး ကံဆိုးခဲ့ရတာ စိတ်မကောင်းပါဘူး"

"ခင်ဗျား သမီး ကံမဆိုးခဲ့ပါဘူးဗျာ၊ ဘယ့်နှယ် လျှောက်ပြောနေတာလဲ၊ ကျုပ်တို့က မိဘရင်းနဲ့မခြား စောင့်ရှောက်ခဲ့တာပါ၊ ဘာမှ လိုလေသေးမရှိအောင် ထားခဲ့တာ ပါ"

"ဟုတ်ပါတယ်၊ ကျွန်မ စကားမှားသွားတာ တောင်းပန်ပါတယ်၊ ရှင်တို့ကြောင့်သာ ကျွန်မ သမီးကံကောင်းသွားခဲ့တာ အမှန်ပါ"

အဖေ ဦးကောင်းမြတ်က စကားအမှားမခံတာကြောင့် မာမီအမြန် ပြန်ဖြေရှင်းရ၏။





ဘေးက လူတွေလည်း ပြုံးစိစိ။

မြိုင်သည် ရင်ထဲမှာ ပြောစရာ စကားတွေ ကျန်နေသေးတာကြောင့် မာမီ့ကို မြတ်နိုးစွာ မော့ကြည့်ရင်း . . .

"မာမီ . . . အခုနေ မြိုင် ဖေဖေနဲ့ ပြန်ဆက်သွယ် ရင် စိတ်မဆိုးရဘူးနော်"

"ဘယ်က အဖေက ပေါ်လာပြန်တာလဲ၊ ဦးခေါင်မင်းတင်က နယ်စပ်ထွက်သွားသလို သတင်းကြားပြီးက တည်းက ပျောက်သွားလိုက်တာပဲ၊ မတွေ့ချင်စမ်းပါနဲ့တော့"

"မဟုတ်ဘူး မာမီ၊ မြိုင် ဖေဖေ့ကို ပြန်တွေ့နေပြီ"

ထိုစကားကို အားလုံး ပြိုင်တူ စိတ်ဝင်စားသွားကြသည်။

"ဘာပြောတယ် သမီး"

ဦးကောင်းမြတ်ကလည်း မေးလိုက်သည်။

"ဖေဖေ မြိုင် ကားနဲ့ တိုက်မိတော့မလို ဖြစ်သွားတဲ့ ဦးလေးကြီးလေ၊ အဲဒါ ဦးခေါင်မင်းတင်ပဲ"

"ဟုတ်ရဲ့လား မြိုင်ရယ်၊ နာမည်တူတွေ ဘာတွေ"



www.burmeseclassic.com

www.burmeseclassic.com



"သေချာပါတယ် အဖေရဲ့၊ သူကလည်း အရင်က အကြောင်းတွေ အမှန်အတိုင်း ပြန်ပြောပြပါတယ်၊ မာမီ့ နာမည်သာ မပါတာ၊ ပန်းဖူးကလည်း ဖေဖေ့ မျက်နှာက မြိုင့် ပုံစံအတိုင်းပဲဆိုပြီး ဝိုင်းစုံစမ်းပေးတယ်လေ၊ တစ်ချိန်က သူကားဒရိုင်ဘာ လုပ်ဖူးတာ၊ မာမီအိမ်မှာပဲတဲ့၊ ဒေါ်သီရိကျော် ပဲတဲ့။ ဟိုနေ့ကပဲ သေချာစုံစမ်းလို့ ရသွားတယ်၊ ဖေဖေက သူ့မှာ သမီးတစ်ယောက် ရှိနေတာ သိတောင် မသိရှာပါဘူး"

"ဟုတ်တယ် . . . သူ မသိဘူး"

မာမီက တစ်ခွန်းဝင်ပြော၏။

ဒေါ်သီရိကျော်တို့ကလည်း ရှုပ်ရှုပ်ယှက်ယှက် ဖြစ်မှာစိုး၍ အသိမပေး။

ပတ်ဝန်းကျင်က မြိုင်ကြော့ကို ဦးညွန့်လူ သမီးပဲ ထင်ကြတာပါ။

ဦးခေါင်မင်းတင်ကလည်း နောက်ကြောင်း ပြန်မလှည့်ဘဲ ထိုစဉ်ကတည်းက ကိုယ်ရောင်ဖျောက်သွားခဲ့သည် မဟုတ်လား။





သူ ချစ်တဲ့ သီရိမှာ သူ့ရင်သွေးရှိခဲ့တာ သူ မသိခဲ့ပါ။ သိများသိရင် အဖေ ဘယ်မျှ အံ့ဩဝမ်းသာသွားမလဲ။

မြိုင်တွေးကြည့်ရုံနှင့် တဒိန်းဒိန်း ရင်ခုန်မြန်လာသည်။

"ဖေဖေ့ကို အသိပေးသင့်တာပေါ့နော် . . . နော် မာမီ"

"ဒါတော့ ညှည်းသဘောပဲ"

မာမီ့မျက်နှာက သိပ်သဘောမတွေ့ဟန်။

မြိုင်လည်း အဖေရင်းရဲ့ အသိအမှတ်ပြုမှုကို ခံယူချင်သေးတာပေါ့။

ဦးလေးကြီး တုန်လှုပ်အံ့ဩပျော်ရွှင်ကြည်နူးသွားမှာ မြင်ယောင်သည်။

အခုတောင် ဦးလေးကြီးက မြိုင် ရောက်မလာရင် မျှော်နေတတ်တာ။

မြိုင်သာ သူ့သမီးမှန်း သိရင် . . .

ပြေးပြောချင်မိတာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ကြီးတစ်ခု မြိမ့်မြိမ့်သဲသဲ ကျင်းပနေသလို ရင်တွေ ပမ်းတွေ ဖရမ်းပတာ တုန်ခါလာသည်။

ဒါပေမယ့် မာမီ့ ခွင့်ပြုချက်လည်း လိုသေးသည် မဟုတ်လား။ မာမီ့ကိုလည်း စိတ်မဆင်းရဲစေချင်ပါ။

သို့သော် မြိုင်လေးအတွက်က ဦးလေးကြီးကလည်း ကျေးဇူးရှင် ဖခင်ရင်းဖြစ်နေတော့ . . .။

"အဖေက တောင်ဒဂုံမှာနေတာ"

"အဲဒါ ဘာဖြစ်လဲ"

"မိသားစုလည်း မရှိဘူး၊ တစ်ယောက်ထဲနေတာ"

ဦးကောင်းမြတ်က မြိုင်ကြော့ပြောနေပုံလေသံ တိုးတိုးလေးကြောင့် . . .

"သမီး သွားချင်လို့လား"

"တစ်သက်လုံး ဝေးနေခဲ့ရတာပဲ အဖေရယ်"

မာမီက အခုတော့ မြိုင်ကြော့ကို မျက်စောင်းရှုယ်သည်။ ဆန်းလည်း ဆန်းသည်။

ကိုယ် အသေအလဲ မုန်းတဲ့ ယောက်ျားတစ်ယောက်





ကို သမီးဖြစ်သူကတော့ ဖခင်ရင်း ရယ်လို့ ချစ်မေတ္တာတွေ ပွားနေသည်။

သူမအနေနှင့်ကတော့ ထိုလူမျက်နှာကို တသက် မမြင်ချင်။ သို့သော် သမီးကိုတော့ ဘယ်လိုလုပ်ပြီး တားမြစ်လို့ ရပါ့မလဲ။

မြိုင်လေးအတွက်ကျ ဒင်းက ဖခင်တစ်ယောက် ဖြစ်နေသည်လေ။

"မြိုင်သွားတွေ့မယ်နော် မာမီ"

"ညကြီးမင်းကြီးအေ"

"အို မနက်ထိအောင် မြိုင် မစောင့်နိုင်ပါဘူး။ ဒီနေ့ မွေးနေ့ဆိုတော့ မိဘနှစ်ပါးစလုံးကို ကန်တော့ချင်တယ်၊ အဖေ အဖေလည်း အတူတူပဲနော်၊ အမေ့ကို မနက်က မြိုင်ကန်တော့တာပဲ"

"အေးပါ . . . အေးပါ"

အမေ့ပုံစံက မကြည်တကြည်။

"ဒါဆို မြိုင်လေးကို သွားခွင့်ပြုတာပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတစ်ယောက်ထဲတော့ မဖြစ်ဘူး၊ မောင်ကြွယ်ရောင်ကို ခေါ်သွား"

"ဟုတ်ကဲ့ပါ၊ ကြွယ်ရောင် . . . မနဲ့ကိုလိုက်ပို့နော်"

"ကောင်းပါပြီဗျာ"

ကြွယ်ရောင်လည်း မြိုင့်နည်းတူ ကျေနပ်ဝမ်းမြောက်နေပါသည်။

သူ့မှာ ယောက္ခမ အပိုဆုပါရှိသေးသည်။ မကောင်းဘူးလား။

ဒီက မြိုင့်အဖေကိုတော့ သူ ပါးပါးနပ်နပ်နှင့် ကြည်ဖြူအောင် ပေါင်းထားပြီးပြီ။

အခုမှ တွေ့ရမည့် အဖေ သစ်ကတော့ ဘယ်လိုရှိမလဲ မသိနိုင်သေး။

"ကိုကြွယ်ရောင်ရေ . . . တုန်တုန့်အစ်မကို ကောင်းကောင်း ခေါ်သွားနော်"

"အံမယ်လေးဟာ . . . အခုမှ သိတတ်နေပြန်ပြီ"

မြိုင်လေး မျက်နှာမှာ ပြုံးပျော်ကျေနပ်နေ၏။





အိမ့်သဲတုန်လည်း ချက်ချင်း လက်ငင်း သဘော ထားပြောင်းသွားပါပြီ။

အခုဆိုရင် သူ့မှာ ချစ်စရာကောင်းတဲ့ အစ်မကြီး တစ်ယောက် ရှိခဲ့ပြီ။

အကျိုးပေးနည်းရှာပြီး မိဘရင်းတွေ ရှိပါလျက် တစ်သက်လုံး ခွဲခွာပြီး နေခဲ့ရတဲ့ မမမြိုင်လေးအတွက် တုန် ရင်ထဲမကောင်းပါ။

မာမီရဲ့ အချစ်တွေ အားလုံး တုန်တုန် တစ်ယောက်ထဲ စုပြုံရရှိထားခဲ့တာ တစ်သက်လုံးပဲလေ။

အခုတော့ မမဘဝ ကြည်နူးပြည့်စုံပါစေတော့။

မမရဲ့ အချစ်ကိုလည်း မလုရက်တော့ပါ။

အချစ်ဆိုတာ လုယူလို့ ရကောင်းတဲ့အရာလည်း မဟုတ်ပါ။ ကိုကြွယ်ရောင် မမကို ချစ်တာပဲ ဝမ်းသာပေးလိုက်တော့မည်။

အိမ့်သဲတုန်က သူတို့နှစ်ယောက်ကို ကားနား လိုက်ပို့ရင်း မျက်လုံးအိမ်မှာ မျက်ရည်တို့ အိုင်ဖွဲ့နေရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညီမလေး . . . တာ့တာ"

တုန်တုန်က မြိုင်လေးလက်ကို တချက်ဖျစ်ညှစ်လိုက်သည်။

"အစ်ကိုကြီးနော်၊ ကားကို တောင်ဒဂုံရောက်အောင် ဖြောင့်ဖြောင့်မောင်းသွား"

"ဟ . . . ဖြောင့်ဖြောင့် မမောင်းလို့ ငါက မြွေလိမ်မြွေကောက် မောင်းရမှာလား"

"မမရေ . . . ဒီလူကြီးကို သိပ်ပြီး စိတ်ချမထားနဲ့နော်"

"ဟာ . . . ဒီကောင်မလေး"

ကားအနီးမှာ ရယ်သံတွေ နှုတ်ဆက်သံတွေ ညံ့စီပျံ့လွင့်နေ၏။ ပြီးလျှင် ကြယ်ရောင်တို့ ကားလေးက ထွက်ခွာသွားပါသည်။

တအောင့်ကြာအောင် တိတ်တဆိတ် မောင်းလာပြီးလျှင် ကြယ်ရောင်က တုန်တုန်ထင်တဲ့အတိုင်း လမ်း ရှင်းရှင်းတစ်နေရာမှာ ကားကို ဘေးကပ်ရပ်လိုက်ပါသည်။

"ဘာဖြစ်လို့လဲ ကြယ်ရောင်"





"တစ်ခုမေ့နေလို့"

မြိုင်လေးက မျက်ခုံးပင့်သွားပြီးလျှင် . . .

"ဘာမေ့တာလဲ"

"မ, ကို မွေးနေ့လက်ဆောင်မှ မပေးရသေးတာ"

"ညနေက အာကာတို့နဲ့ အတူတူပေးပြီးပြီလေ"

"အဲဒါက သပ်သပ်ပါ၊ မ, မသိဘူး"

"နောက်ထပ် ဘာကျန်သေးလို့လဲ"

"လက်ဆောင်အနမ်းလေ"

"အို . . . မောင်ရနော်"

ကြယ်ရောင်က ဖြုန်းကနဲ အနားကပ်လာပြီး ခပ် တိုးတိုးဆိုသဖြင့် မြိုင် ရှက်စနိုး ပခုံးလေး ကျုံ့သွားမိ၏။

"အခု အားလုံး အဆင်ပြေသွားပြီ မဟုတ်လား။ မောင့်ကို အဖြေပေးတော့လေ"

"အို . . . ဒါက ဘယ်လိုဖြစ်ရတာလဲ"

ကြယ်ရောင်က ဖြုန်းခနဲ သူမကို ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းတင်းဖက်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ မရယ်၊ မောင် ကြားချင်ပြီ"

ပါးချင်းကပ်ကာ တောင်းဆို၏။

"မောင့်ကို ချစ်ပါတယ်ကွယ်"

"မကြားရဘူး၊ ထပ်ပြော"

"ချစ်တယ်ဆိုမှ"

"ထပ်ပြော"

"တော်ပြီ"

"ဟား . . . ဟား . . . ဟား"

သူ့ရယ်သံက ချိုမြိန်ကြည်နူးစွာ ပြန့်လွင့်သွားသလို နှုတ်ခမ်းလေးကိုက်ကာ ပြုံးလိုက်သော မြိုင်ကြော့အပြုံးမှာလည်း ချိုမြလတ်ဆတ်စွာ ရှက်ရိပ်စွန်းနေရပါတော့သည်။

ဆုလေးနွယ်



www.burmeseclassic.com